MINISTRY OF
Sports and Youth Affairs
အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန
သတင်းလွှာ
Monthly Newsletter
Volume 2, No. 2, February 2023

# ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲနှင့် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲများ ကျင်းပ

● နေပြည်တော်၊ ဖေဖော်ဝါရီလ(၁၈)ရက်

၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲနှင့် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ(၂)နာရီအချိန်တွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားစားရုံ(B)၌ ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းအုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက အဖွင့်အမှာစကား ပြောကြား၍ ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားအား ဖွင့်လှစ်ပေးခဲ့ပြီးနောက် မိတ္ထီလာပညာရေးဒီဂရီကောလိပ်မှ ကျောင်းသား/ကျောင်းသူလေးများက Fitness Danceဖြင့်လည်းကောင်း၊ တောင်ငူပညာရေးဒီဂရီကောလိပ်မှ ကျောင်းသူလေးများက ကဗျာလွတ်အကဖြင့်လည်းကောင်း၊ မုံရွာပညာရေးဒီဂရီကောလိပ်မှ ကျောင်းသား/ကျောင်းသူလေးများက မြန်မာ့သိုင်းဖြင့် လည်းကောင်း၊ ရန်ကင်းနှင့်လှည်းကူး ပညာရေးဒီဂရီကောလိပ်တို့မှ ကျောင်းသား/ကျောင်းသူလေးများက ဝူရှူးအားကစားဖြင့် လည်းကောင်း၊ သဃ်န်းကျွန်း ပညာရေးဒီဂရီကောလိပ်မှ ကျောင်းသား/ကျောင်းသူလေးများက တိုက်ကွမ်ဒို အားကစားဖြင့် လည်းကောင်း သရုပ်ပြတင်ဆက် ကပြခဲ့ကြသည်။





ထို့နောက် ဖွင့်ပွဲအခမ်းအနား အပြီးတွင်(အမျိုးသား)ဘော်လီဘော ပြိုင်ပွဲအား ဆက်လက်ကျင်းပပြုလုပ်ခဲ့ရာ တောင်ကြီး ပညာရေးဒီဂရီကောလိပ်နှင့် ပြည် ပညာရေးဒီဂရီကောလိပ်တို့၏ ယှဉ်ပြိုင်ကစားခဲ့မှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

အဆင့်မြင့်ပညာ ဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များကို အောက်မြန်မာပြည် ဇုန်(၄)ခုနှင့် အထက်မြန်မာပြည် ဇုန်(၄)ခုသတ်မှတ်၍ လူရွေးပွဲများကို သက်ဆိုင်ရာ ဇုန်အလိုက် မြို့များတွင် ခွဲ၍ ကျင်းပပြုလုပ်ခဲ့ပြီး ဗဟိုအဆင့်

စာမျက်နှာ(၂)သို့

















မျက်နှာဖုံးသတင်း…မှအဆက်

ဘောလုံးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း အုပ်ချုပ်/နည်းပြ၊ အားကစားသမား (ကျောင်းသား/ကျောင်းသူ) စုစုပေါင်း (၂၀၀) ဦး ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ပညာရေး ဒီဂရီကောလိပ်များမှ အားကစားသမား (ကျောင်းသား/ကျောင်းသူ)များသည် ရန်ကုန်ဇုန် (အောက်မြန်မာပြည်ဇုန်)တွင် (၄၇၁) ဦးနှင့် မန္တလေးဇုန် (အထက်မြန်မာပြည်ဇုန်)တွင် (၄၁၃)ဦး၊ စုစုပေါင်း (၈၈၄)ဦးတို့သည် ဘောလုံး၊ ဘော်လီဘောနှင့် ပိုက်ကျော်ခြင်း အားကစားနည်း(၃)မျိုးတို့အား ယှဉ်ပြိုင်ကစားခဲ့ကြပြီး၊ ဗဟိုအဆင့်တွင် ဇုန်အဆင့်မှ အနိုင်ရရှိလာသော ဘောလုံး အမျိုးသား(၄)သင်း၊ ဘော်လီဘော အမျိုးသား (၄)သင်း၊ ဘော်လီဘော အမျိုးသမီး (၄)သင်းနှင့် ပိုက်ကျော်ခြင်း အမျိုးသား (၄)သင်းတို့သည် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ဆက်လက်ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ပြီး ပြေးခုန်ပစ် အားကစားနည်းကို ပညာရေးဒီဂရီကောလိပ်ကျောင်းမှ ကျောင်းသား/ကျောင်းသူများက ဝင်ရောက်ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်သည်။



အဆိုပါ ပြိုင်ပွဲများကို (၁၈-၂-၂၀၂၃)ရက်နေ့မှ (၂၈-၂-၂၀၂၃)ရက်နေ့အထိ နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ သက်ဆိုင်ရာ အားကစားကွင်း/အားကစားရုံများ၌ ဆက်လက် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။













(၇-၂-၂၀၂၃)ရက်နေ့တွင် ရှမ်းပြည်နယ်နေ့အထိမ်းအမှတ် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ရှမ်းပြည်နယ်မှ အားကစားလှုပ်ရှားမှုပြခန်းကို နိုင်ငံတော်ကောင်စီဝင်များ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် ယမန်နေ့ နံနက်ပိုင်းတွင် လာရောက်ကြည့်ရှုခဲ့ကြပြီး အဆိုပါပြခန်းအား ဖေဖော်ဝါရီလ ၇ ရက်မှစတင်၍ ၁၂ ရက်အထိ အဝေရာကွင်း၌ ခင်းကျင်းပြသလျက်ရှိရာ ကျောင်းသား/ကျောင်းသူများနှင့် လူငယ်များ စိတ်ဝင်တစားဖြစ်စေရန်အတွက် ကိုယ်တိုင်ပါဝင်ဆင်နွဲရသည့် ဂိမ်းကစားခြင်း အစီအစဉ်များကိုလည်း ထည့်သွင်းထားရှိရာ ကျောင်းသား/ကျောင်းသူများ၊ လူငယ်များ၊ ဝန်ထမ်းများနှင့် မိသားစုများ၊ ဒေသခံပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှု။

## အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ စစ်ကိုင်းတိုင်းဒေသကြီးရှိ တိုင်း/ခရိုင်/မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနရုံးတို့မှ ဝန်ထမ်းများ၊ အားကစားနှင့် ကာယပညာသိပ္ပံ(မုံရွာ)မှ ဝန်ထမ်းများနှင့် သင်တန်းသား/သူများအား တွေ့ဆုံလမ်းညွှန်အမှာစကားပြောကြား






● နေပြည်တော်၊ ဖေဖော်ဝါရီလ(၂၁)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးအေးလှိုင်နှင့်အတူ စစ်ကိုင်းတိုင်းဒေသကြီး တိုင်း/ခရိုင်/မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနရုံးတို့မှ ဝန်ထမ်းများ၊ အားကစားနှင့် ကာယပညာသိပ္ပံ(မုံရွာ)မှ ဝန်ထမ်းများနှင့် သင်တန်းသား/သူများအား တွေ့ဆုံလမ်းညွှန် အမှာစကားပြောကြားခြင်းအခမ်းအနားကို ဖေဖော်ဝါရီ(၁၉)ရက်နေ့ မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ အားကစားနှင့်ကာယပညာသိပ္ပံ(မုံရွာ)၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ဝန်ထမ်းများနှင့် သင်တန်းသား/သူများအား တွေ့ဆုံလမ်းညွှန်အမှာစကား ပြောကြားရာတွင်ဝန်ထမ်းများအနေဖြင့် ရုံးလုပ်ငန်းတာဝန်များကို ပိုမိုကျွမ်းကျင်ပြီး မှန်မှန်ကန်ကန်နှင့် မြန်ဆန်စွာ ဆောင်ရွက်နိုင်စေရန် အမြဲတမ်းလေ့လာဆည်းပူးမှတ်သားနေကြရန်နှင့်ဝန်ကြီးဌာန၏ ဂုဏ်သိက္ခာ မြင့်မားစေရန် အတွက် မိမိတို့အား ပေးအပ်ထားသည့်လုပ်ငန်းတာဝန်များကို စွမ်းစွမ်းတမံ ကြိုးစားဆောင်ရွက်ကြရန်လိုကြောင်း၊ စိတ်ဓာတ်ကျ အားငယ်စိတ်

# (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် အလေးမအားကစားသမား လူရွေးချယ်ပြိုင်ပွဲနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် တွေ့ဆုံပွဲအခမ်းအနားကျင်းပ






● နေပြည်တော်၊ ဖေဖော်ဝါရီလ(၂၄)ရက်။ ၂၀၂၃ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နေပြည်တော် အားကစား လေ့ကျင့်ရေးစခန်းတွင် စခန်းဝင် လေ့ကျင့်လျက်ရှိသည့် အလေးမအားကစားနည်းမှ ပဏာမ လက်ရွေးစင် အားကစားသမားများအား ဝိတ်တန်းအလိုက် လူရွေးချယ်

▶▶





▶ စာမျက်နှာ(၃)သတင်း•••မှအဆက်

များမထားဘဲ အသိပညာဗဟုသုတများ တိုးပွားစေရန်နှင့် ပညာဝမ်းစာများ ပြည့်ဝအောင် စာအုပ်၊ စာပေများများ လေ့လာဖတ်ရှု မှတ်သားရန် လိုကြောင်း၊ အထက်အောက် အပြန်အလှန် လေးလေးစားစား ပြောဆိုဆက်ဆံကြရန်နှင့် တစ်ဦးတစ်ယောက်ကောင်းစိတ် မမွေးဘဲ အချင်းချင်း ရိုင်းပင်းကူညီ၍ မိသားစုညီအစ်ကိုမောင်နှမစိတ်ဓာတ်ထားရှိပြီး ပူးပေါင်းဆောင်ရွက်လုပ်ကိုင်မှသာ လုပ်ငန်းများ အဆင်ပြေချောမွေ့အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ကျန်းမာရေးနှင့် လုံခြုံရေး အထူးဂရုစိုက်ကြရန်လိုကြောင်း၊ ဝန်ထမ်းများ အခက်အခဲများ၊ လိုအပ်ချက်များရှိပါက တာဝန်ရှိသူများထံ တင်ပြ၍ လမ်းညွှန်ခွင့်ပြုချက်ရယူပြီးမှ လုပ်ကိုင်ဆောင်ရွက်သွားကြရန်နှင့် အားကစားကွင်း/အားကစားရုံများ ရေရှည်တည်တံ့ပြီး အမြဲတမ်းစိမ်းလန်းစိုပြေစေရန်၊ သန့်ရှင်းသပ်ရပ်မှုရှိစေရန်နှင့် ပြည်သူများ ပျော်ရွှင်စွာလာရောက်လေ့ကျင့် ကစားနိုင်စေရန်အတွက် အားကစားကွင်း/အားကစားရုံများအား ထိန်းသိမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ သင်တန်းသား/သူများကို ကိုက်ညီသင့်လျော်မည့် အားကစားနည်း အမျိုးအစားအလိုက် (Event)များခွဲဝေသတ်မှတ်၍ စနစ်တကျ လေ့ကျင့်သင်ကြားပေးနိုင်ရေး စီစဉ် ဆောင်ရွက်ပေးသွားရန်လိုကြောင်း ပြောကြားခဲ့ပြီး ဝန်ထမ်းများ တာဝန်ထမ်းဆောင်ရာတွင် အဆင်ပြေချောမွေ့စေရန်အတွက် ၎င်းတို့၏ အခက်အခဲများ၊ တင်ပြချက်များအား ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။



ထို့နောက် သင်တန်းသား/သူများအား ပညာရေးပိုင်းနှင့် အားကစားပိုင်းမှာပါ ထူးချွန်ထက်မြက်သည့် အားကစားသမားကောင်းများ ဖြစ်အောင် မလျှော့သော ဇွဲ၊ လုံ့လ၊ စိတ်ဓာတ်တို့ဖြင့် ကြိုးစားလေ့ကျင့်ကြရန်လိုကြောင်း၊ ကျန်းမာရေး အထူးဂရုစိုက်ကြရန်နှင့် အတန်းတင်စာမေးပွဲ အဆင်ပြေချောမွေ့ပြီး အောင်မြင်စွာ ဖြေဆိုနိုင်ရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဟု ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် ယနေ့ နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်ရှိ အောင်ဇေယျ အားကစားခန်းမနှင့် ဘောလုံးအားကစားကွင်းတို့အား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး အားကစားကွင်း/ အားကစားရုံများ ရေရှည်တည်တံ့ပြီး အမြဲတမ်းစိမ်းလန်းစိုပြေ၍ သန့်ရှင်းသပ်ရပ်မှု ရှိစေရေးအတွက် ထိန်းသိမ်းဆောင်ရွက်သွားရန်နှင့် ပြည်သူများလာရောက်လေ့ကျင့်ကစားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ပြီးနောက် ကလေးခရိုင်နှင့် ကလေးမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနရုံးတို့မှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဝန်ထမ်းများအနေဖြင့် အသိပညာ ဗဟုသုတများ ပြည့်ဝစေရန် စာများများဖတ်ရှုပြီး လေ့လာမှတ်သားရန် လိုကြောင်း၊ ကျန်းမာရေးနှင့် လုံခြုံရေး အထူးဂရုစိုက်ကြရန်နှင့်အထက်အောက်အပြန်အလှန် လေးလေးစားစား ပြောဆိုဆက်ဆံကြရန်လိုကြောင်း၊ လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဝန်ထမ်းအချင်းချင်း မိသားစုစိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက် လုပ်ကိုင်သွားကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး ဝန်ထမ်းများ၏ အခက်အခဲများနှင့် တင်ပြချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။






>>

ပြိုင်ပွဲကို ယနေ့နံနက်(၇)နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အလေးမ အားကစားရုံ၌ ကျင်းပပြုလုပ်ခဲ့ရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဆန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် အရာထမ်းများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပပြုလုပ်သည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန(ဝန်ကြီးရုံး)၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် လူငယ်ရေးရာဦးစီးဌာနတို့မှ အရာထမ်း/အမှုထမ်းများနှင့် တွေ့ဆုံလမ်းညွှန် အမှာစကားပြောကြားခြင်း အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားရာတွင် မိမိနိုင်ငံနှင့် လူမျိုးအတွက် ကျရာအခန်းကဏ္ဍမှ အားကစားလောက အောင်မြင်တိုးတက်စေရန် ဝန်ထမ်းအားလုံးဝိုင်းဝန်းပူးပေါင်းလုပ်ကိုင်ဆောင်ရွက်ရန် လိုကြောင်း၊ မိမိနိုင်ငံနှင့် လူမျိုးကို ချစ်



ခင်မြတ်နိုး တန်ဖိုးထားကြရမည်ဖြစ်ကြောင်း၊ ကျန်းမာရေးကောင်းမွန်မှ မိမိတို့အားပေးအပ်ထားသည့်လုပ်ငန်းတာဝန်များကို ကျေပွန်ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဖြစ်သည့်အတွက် မိမိတို့နိုင်ငံ၏ အားကစားအဆင့်အတန်း တိုးတက်မြင့်မားစေရေးနှင့် အရှေ့တောင်အာရှတွင် အောင်မြင်မှုများ ပိုမိုရရှိအောင် စွမ်းစွမ်းတမံ ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လူငယ်များ၏ အခန်းကဏ္ဍ အောင်မြင်တိုးတက်စေရေးအတွက်လည်း ပူးတွဲလုပ်ကိုင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ချမှတ်ထားသည့် ဝန်ထမ်းစည်းမျဉ်း/ စည်းကမ်း၊ ဥပဒေ၊ နည်းဥပဒေများကို တိကျသေချာစွာ လိုက်နာဆောင်ရွက်ပြီး စည်းကမ်းသည် လူ့တန်ဖိုးဖြစ်သည့်အတွက် ဝန်ထမ်းများအားလုံး စည်းကမ်းရှိရှိ စနစ်တကျ ဝန်ထမ်းကျင့်ဝတ်နှင့်အညီ ပြုမူပြောဆိုနေထိုင်ကြရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာန၏ရည်မှန်းချက်၊ ရည်ရွယ်ချက်၊ မူဝါဒနှင့် ရှေ့လုပ်ငန်းစဉ်များ အောင်မြင်တိုးတက်အောင် အကောင်အထည်ဖော်ဆောင်ရာတွင် ကျရာနေရာမှ ပေးအပ်ထားသည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရမည်ဖြစ်ပါကြောင်း၊ အရာထမ်း/အမှုထမ်းများအနေဖြင့် မိမိတို့၏ အရည်အသွေး၊ အရည်အချင်းများ အစဉ်အမြဲပြည့်ဝစေရန်နှင့် မိမိဌာနအောင်မြင်တိုးတက်စေရန်အတွက် လေ့လာသင့်သည့် ပညာရပ်များနှင့် အသိပညာဗဟုသုတ တိုးပွားစေမည့် စာအုပ်စာပေများကို လေ့လာဖတ်ရှု မှတ်သားထားကြရန် လိုကြောင်း၊ ဝန်ထမ်းများသည် အစိုးရယန္တရား၏ လူသားအရင်းအမြစ်များဖြစ်သည့်အတွက် မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်စေရန်နှင့် မိမိတို့ဝန်ကြီးဌာန အောင်မြင်တိုးတက်စေရန် စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ဆောင်ရွက်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အားကစားကွင်း/ အားကစားရုံများနှင့် ရုံးဌာနများတွင် လျှပ်စစ်မီတာကို စနစ်တကျသုံးစွဲသွားရန် တာဝန်ရှိသူများမှ စိစစ်ကြပ်မတ် ဆောင်ရွက်ပေးရန်လိုကြောင်း၊ ဝန်ထမ်းများ ကိုယ်လက်ကြံ့ခိုင်မှုရှိစေရန်နှင့် စိတ်အပန်းပြေပျော်ရွှင်စေရန်အတွက် လုပ်ငန်းတာဝန်များ ဆောင်ရွက်ပြီးစီးချိန် ညနေ(၄)နာရီမှ (၄)နာရီခွဲအထိ နာရီဝက်ခန့် ကိုယ်လက်လှုပ်ရှားအားကစားလေ့ကျင့်ခန်း (Fitness Dance) ပြုလုပ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ သို့မှသာ မိမိတို့လုပ်ငန်းတာဝန်များကို ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ပြီး စိတ်ပျော်ရွှင်စွာဖြင့် ထမ်းဆောင်နိုင်မည် ဖြစ်ပါကြောင်း၊ ဝန်ထမ်းအားလုံး၏ စည်းလုံးညီညွတ်မှုကြောင့် ဝန်ကြီးဌာနအနေဖြင့် ထိုက်သင့်သည့် အောင်မြင်မှုရရှိသည့်အတွက် ဝန်ထမ်းများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်းနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများ အောင်မြင် တိုးတက်စေရေးအတွက် ဝန်ထမ်းများအားလုံး ဆက်လက်၍ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝဏ္ဏသိဒ္ဓိအားကစားရုံ (A)၌ မဏိကမ္မာကုမ္ပဏီနှင့် ဝဏ္ဏသိဒ္ဓိအားကစားရုံ(C)၌ ခန့်တည်ကြည်ကုမ္ပဏီတို့မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် လျှာထိုးကြမ်းခင်းအသစ် ပြန်လည်ခင်းကျင်း ဆောင်ရွက်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲစေရေး၊ သတ်မှတ်စံချိန်စံညွှန်း အရည်အသွေးပြည့်မီစေရေးနှင့် အချိန်မီပြီးစီးစေရေးတို့အတွက် ကုမ္ပဏီမှတာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

■



# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏ ဂျူဒိုအားကစားသမားများ၏ လက်ရည်ဆန်းစစ်ပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုများနှင့် (ခြင်းလုံး၊ ဘော်လီဘော(အမျိုးသမီး)၊ ဗိုဗီနမ်) အားကစားသမားများ၏ လေ့ကျင့်နေမှုများအား လိုက်လံကြည့်ရှုအားပေး





● နေပြည်တော်၊ ဖေဖော်ဝါရီလ(၂၈)ရက်။

၂၀၂၃ ခုနှစ်၊ မေလ (၅)ရက်နေ့မှ (၁၇)ရက်နေ့အထိ ကမ္ဘောဒီးယားနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပပြုလုပ်မည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင်ရောက် ယှဉ်ပြိုင်ရန်အတွက် နေပြည်တော်တွင် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် မြန်မာ့လက်ရွေးစင် ဂျူဒိုအားကစားသမားများ၏ နောက်ဆုံးအကြိမ် လက်ရည်ဆန်းစစ်ပြိုင်ပွဲကို ယနေ့နံနက် (၉)နာရီခွဲအချိန်တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း Training Hall No(1) ၌ ကျင်းပပြုလုပ်ခဲ့ရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၊ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထွန်းထွန်းနှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။





လက်ရည်ဆန်းစစ် ဂျူဒိုပြိုင်ပွဲတွင် ဝိတ်တန်းအမျိုးအစားအလိုက် ပွဲစဉ်(၃၆)ပွဲ၌ ဂျူဒိုအားကစားသမား အမျိုးသား(၁၄)ဦးနှင့် အမျိုးသမီး(၁၄)ဦး၊ စုစုပေါင်း(၂၈)ဦးတို့သည် အုပ်စုအဖွဲ့(၄)ဖွဲ့ခွဲ၍(ပတ်လည်) ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် (၃၂)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နေပြည်တော်တွင် စခန်းသွင်း လေ့ကျင့်လျက်ရှိသည့် မြန်မာ့လက်ရွေးစင် ခြင်းလုံးအားကစားသမားများ၊ ဘော်လီဘော(အမျိုးသမီး) အားကစားသမားများနှင့် ဗိုဗီနမ်အားကစားသမားများ၏ အားကစားနည်းအလိုက် လေ့ကျင့်နေမှုများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး အားကစားအဖွဲ့များမှ အုပ်ချုပ်/နည်းပြနှင့် အားကစားသမားများအား ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် အချိန်ကာလ နီးကပ်လာပြီဖြစ်သည့်အတွက် အားကစားသမားများ အနေဖြင့် နည်းပြဆရာ၏ သင်ကြားပြသလေ့ကျင့်ပေးမှုအတိုင်း ကြိုးစားလေ့ကျင့်ကြရန်လိုကြောင်း၊ “ကျန်းမာရေးသည်ပထမ၊ စည်းကမ်းသည် ဒုတိယ၊ စံချိန်သည် တတိယ”ဆိုသည့် ဆောင်ပုဒ်အတိုင်း ကျန်းမာရေးသည် အဓိကအရေးကြီးသည့်အတွက် ကံ၊ ဉာဏ်၊ ဝီရိယတို့ဖြင့် ဆင်ခြင်၍ နေထိုင်၊ သွားလာ၊ စားသောက်၊ လေ့ကျင့်မှုများတွင် အထူးဂရုစိုက်ကြရန်လိုကြောင်း၊ ကျန်းမာရေးမကောင်းပါက မိမိတို့ ကြိုးစားလေ့ကျင့်ထားမှုများနှင့် အရည်အချင်း အစွမ်းအစများအားဖော်ထုတ်ပြသနိုင်မည့်အခွင့်အရေး ဆုံးရှုံးနိုင်ကြောင်း၊ အားကစားသမားများအနေဖြင့် မိမိနိုင်ငံဂုဏ်သိက္ခာ မြှင့်တင်နိုင်ရန်၊ ပြိုင်ပွဲတွင် အဆင့်အတန်းမြင့်မြင့်ဖြင့် ဝင်ရောက်

>>>>





# (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အကြို အထိမ်းအမှတ် လူငယ်ရေးရာပွဲတော်၊ စက်ဘီးစီးနင်းပွဲနှင့် ပျော်ပွဲရွှင်ပွဲအားကစားပွဲများ ကျင်းပ





● မကွေး၊ ဖေဖော်ဝါရီလ(၁)ရက်။

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် မကွေးတိုင်းဒေသကြီး အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အကြို အထိမ်းအမှတ်လူငယ်ရေးရာပွဲတော်၊ စက်ဘီးစီးနင်းပွဲနှင့် ပျော်ပွဲရွှင်ပွဲ အားကစားပွဲများကို (၁-၂-၂၀၂၃) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

ရှေးဦးစွာ(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အကြို အထိမ်းအမှတ်အဖြစ် စက်ဘီးစီးနင်းပွဲကို နံနက်(၁၀)နာရီအချိန်တွင် ဗိုလ်ချုပ်လမ်း၊ မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးရှေ့၌ကျင်းပပြုလုပ်ရာ မကွေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ၊ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် သီရိပျံချီဦးတင့်လွင်မှ သေနတ်ပစ်ဖောက် တာလွှတ်ဖွင့်လှစ်ပေးခဲ့ပါသည်။

ဆက်လက်၍ မကွေးခရိုင် အားကစားကွင်းတွင် ကျင်းပပြုလုပ်လျက်ရှိသော ကျောင်းသား/ကျောင်းသူများ အားကစားစွမ်းရည် ထုတ်ဖော်ပြသပွဲနှင့် လူငယ်ရေးရာပွဲတော်အဖြစ် ထုပ်ဆီးတိုးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲ၊ တာယာကွင်းအတွင်း ဘောလုံးကန်သွင်းခြင်းပြိုင်ပွဲ၊ အာလူးကောက်ပြိုင်ပွဲ၊ ပူစီပေါင်းဖောက်ပြိုင်ပွဲ၊ မရီရပြိုင်ပွဲ၊ မျက်လုံးပိတ်ပြေးပွဲ၊ ကြက်ဖခွပ်ပြိုင်ပွဲ၊ ကြက်ဥပစ်ပြိုင်ပွဲ၊ မုန့်စားပြိုင်ပွဲနှင့် ဖျော်ဖြေရေးအဖြစ် စုပေါင်းကိုယ်လက်လေ့ကျင့်ရေးလုပ်ငန်း ကာယအတွဲ(၁/၂)၊Physical Fitness Dance၊ ကာရာအိုကေ သီချင်းဆိုပွဲများအား မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် သီရိပျံချီ ဦးတင့်လွင်၊ မကွေးလေတပ်စခန်း ဌာနချုပ်မှူး ဗိုလ်မှူးချုပ် ဝင်းမောင်သိန်းနှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများမှ ကြည့်ရှုအားပေးခဲ့ကြပါသည်။

ထို့နောက် ပျော်ပွဲရွှင်ပွဲများတွင် ဝင်ရောက်ဆင်နွှဲကြသော အခြေခံပညာမှ ကျောင်းသား/ ကျောင်းသူများ၊ ပညာရေးဒီဂရီကောလိပ်မှ သင်တန်းသား/ သင်တန်းသူများအား ဗလာမပါ ကံစမ်းမဲများဖြင့် ပျော်ရွှင်စွာမဲဖောက်ခဲ့ကြကြောင်း သိရှိရသည်။






>>

ယှဉ်ပြိုင်နိုင်ရန်အတွက် ယခုကတည်းက အစွမ်းကုန်ကြိုးစားလေ့ကျင့်ကြရန်နှင့် အောင်မြင်မှုဆုတံဆိပ်များ ရရှိအောင် နောက်ဆုံးအချိန်ထိ မဆုတ်မနစ်သော ဇွဲ၊ စိတ်ဓာတ်တို့ဖြင့် ရေကုန်ရေခန်း အားသွန်ခွန်စိုက် အစွမ်းကုန်ကြိုးစား ယှဉ်ပြိုင်သွားကြရန်လိုကြောင်း၊ မိမိခံနိုင်ရည်အားနှင့် သက်လုံ ပိုမိုတိုးတက်ကောင်းမွန်ပြီး နည်းစနစ်၊ နည်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို သိရှိနားလည်၍ ကျွမ်းကျင်မှုရှိအောင် ကြိမ်ဖန်များစွာလေ့ကျင့်သွားကြရန် လိုကြောင်း၊ နည်းပြများအနေဖြင့် အားကစားသမားများ၏လိုအပ်ချက်များ၊ အခက်အခဲများကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် တာဝန်ရှိသူများအား အချိန်နှင့်တစ်ပြေးညီ တင်ပြပေးသွားရန်လိုကြောင်း၊ နည်းပြများအချင်းချင်း ညီအစ်ကို မောင်နှမကဲ့သို့ စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်လုပ်ကိုင်သွားကြရန်လိုကြောင်း ပြောကြားခဲ့ပြီးနောက်ပြည်ထောင်စုဝန်ကြီးက ဗိုဗီနမ်အားကစားနည်းမှ မကေဇင်သိမ်းအား လိုအပ်သည့် ဆေးကုသရန်အတွက် ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။





# ပဲခူးတိုင်းဒေသကြီး အမျိုးသားအလွတ်တန်း ဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ



● ပဲခူး၊ ဖေဖော်ဝါရီလ(၅)ရက်။

(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသည့် အမျိုးသားအလွတ်တန်း ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၄ ရက် နံနက်ပိုင်းက တိုင်းဒေသကြီး အားကစားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရွှေဝါထွန်း ဘော်လီဘောအသင်းနှင့် ကဝမြို့ဘော်လီဘောအသင်းတို့ တတိယနေရာလုပွဲနှင့် LUCKY FISH အသင်းနှင့် ပဲခူးတက္ကသိုလ် မိသားစုအသင်းတို့ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားနေမှုအား တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်း/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဝါသနာရှင်ပြည်သူများက ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ခြင်း အခမ်းအနားကိုကျင်းပရာ တတိယဆုနှင့် ဒုတိယဆုရရှိသည့် အသင်းများကို တာဝန်ရှိသူများက ဆုပေးအပ်ချီးမြှင့်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်မှဒိုင်များအား ထောက်ပံ့ငွေပေးအပ်ကာ၊ ပထမဆုရရှိသော LUCKY FISH ဘော်လီဘောအသင်းအား တစ်ဦးချင်း ဆုတံဆိပ်၊ ဆုဖလားနှင့် ငွေသားဆု ကျပ် ၁၀ သိန်းအား ပေးအပ်ချီးမြှင့်ခဲ့သည်။

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အမျိုးသား၊ အမျိုးသမီး မီနီမာရသွန်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲတက်ရောက်





● စစ်တွေ၊ ဖေဖော်ဝါရီလ(၅)ရက်။



ရခိုင်ပြည်နယ် အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အမျိုးသား၊ အမျိုးသမီး မီနီမာရသွန် ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ စာတိုက်ကြီးအနီး ကမ်းနားလမ်း၌ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ဇနီး၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြိုင်ပွဲဝင်ရောက်မည့် ကျောင်းသား၊ ကျောင်းသူနှင့် ပြိုင်ပွဲဝင်အားကစားသမားများက နေရာယူကြပြီး ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက အမျိုးသား ပြိုင်ပွဲဝင်များအားလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ဆွေဆွေမြတ်က အမျိုးသမီးပြိုင်ပွဲဝင်များအား လည်းကောင်း သေနတ်ပစ်ဖောက် အချက်ပေးကာ တာလွှတ်ပေးသည်။

ဆက်လက်၍ အားကစားသမားများသည်ကမ်းနားလမ်း စာတိုက်ကြီးအနီးမှကမ်းနားလမ်းအတိုင်း စစ်တွေဗျူးပွိုင့်၊ စစ်တွေဟိုတယ် ကမ်းခြေအထိ၊ ထိုမှတစ်ဆင့် စတင်တာလွှတ်သည့် စာတိုက်ကြီးရှေ့သို့ ပြန်လည်ပန်းဝင်ကြသည်။ ထိုသို့ ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူ အားကစားသမားများ ပြန်လည်ပန်းဝင်ကြစဉ် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ အမျိုးသား မီနီမာရသွန်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊

▶▶

# ၂၀၂၃ ခုနှစ်၊ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကျင်းပ





● ကရင်၊ ဖေဖော်ဝါရီလ(၇)ရက်။

(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသား ဖူဆယ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ၂-၂-၂၀၂၃ ရက်နေ့ နံနက် (၈း၀၀) နာရီအချိန်တွင် ကရင်ပြည်နယ် ဘားအံမြို့ ဖူဆယ်အားကစားရုံ၌ ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ မှ တာဝန်ရှိပုဂ္ဂိုလ်များ အသီးသီးတက်ရောက်ခဲ့ကြပါသည်။




ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်မှ အဖွင့်အမှာစကား ပြောကြား၍ ပြိုင်ပွဲအား ဖွင့်လှစ်ပေးခဲ့ပြီးနောက် ပြိုင်ပွဲဖွင့်ပွဲ ပွဲစဉ်တွင် သံတောင်ကြီးမြို့နယ်အသင်းနှင့် ကော့ကရိတ်မြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ သံတောင်ကြီးမြို့နယ်အသင်းက(၈)ဂိုး(၁)ဂိုးဖြင့် အနိုင်ရရှိခဲ့ပါသည်။

အဆိုပါပြိုင်ပွဲ၏ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို(၇-၂-၂၀၂၃) ရက်နေ့ ညနေ(၃း၀၀)နာရီအချိန်တွင် ကရင်ပြည်နယ် ဘားအံမြို့ ပြည်နယ်ဖူဆယ်အားကစားခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ဗိုလ်လုပွဲပွဲစဉ်တွင် ဘားအံမြို့နယ်အသင်းနှင့် သံတောင်ကြီးမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ

စာမျက်နှာ(၁၀)သို့ ▶





▶▶

တတိယဆုရရှိကြသော အားကစားသမားများအား ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက လည်းကောင်း၊ အမျိုးသမီး မီနီမာရသွန်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသော အားကစားသမားများအား ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ဆွေဆွေမြတ်ကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နှစ်သိမ့်ဆု ရရှိကြသော အားကစားသမားများအား အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဆုရရှိသော အားကစားသမားများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။ ■






















စာမျက်နှာ(၉)သတင်း၀၀၀မှအဆက်

ဘားအံမြို့နယ်အသင်းမှ သံတောင်ကြီးမြို့နယ်အသင်းအား (၈)ဂိုး(၃)ဂိုးဖြင့် အနိုင်ရရှိခဲ့ပါသည်။

အစီအစဉ်အရ ဆုချီးမြှင့်ပွဲအခမ်းအနားအား ဆက်လက်ကျင်းပရာ ကြက်ခြေနီအဖွဲ့နှင့် ဒိုင်အဖွဲ့အားပြည်နယ် အား/ကာဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးစိုးနိုင်မှ ဂုဏ်ပြုချီးမြှင့်ငွေများအားလည်းကောင်း၊ တတိယဆုရရှိသော ကြာအင်းဆိပ်ကြီးမြို့နယ်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်များကို ကရင်ပြည်နယ် ဥပဒေချုပ်ဦးရဲလွင်မှလည်းကောင်း၊ ဒုတိယဆုရရှိသော သံတောင်ကြီးမြို့နယ်အသင်း

▶▶

# ၂၀၂၃ ခုနှစ်၊ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အခြေခံရေကူးသင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပ






● ကချင်၊ ဖေဖော်ဝါရီလ(၈)ရက်။

၂၀၂၃ ခုနှစ်၊ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အခြေခံရေကူးသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ (၃း၀၀)နာရီအချိန် ငြိမ်းချမ်းသာယာ ရေကူးကန်မြစ်ကြီးနားမြို့တွင် ကျင်းပပြုလုပ်ခဲ့ရာ ကချင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် သီရိပုံချီ ဦးခက်ထိန်နန်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်နယ်အမျိုးသမီး အားကစားအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ ပြည်နယ်အားကစားနှင့်ကာယပညာ ကော်မတီဝင်များ၊ ပြည်နယ် အားကစားနည်းအလိုက်ဆပ်ကော်မတီများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ရေကူးသင်တန်းသား/သင်တန်းသူ (၂၂၀)ခန့်ဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။

ပထမဦးစွာ ရေကူးသင်တန်းတွင် သင်ကြားပြသပေးမည့် သင်တန်းနည်းပြဆရာများမှ ဂါရဝပြုမိတ်ဆက်

စာမျက်နှာ(၁၂)သို့





▶▶

အား တစ်ဦးချင်း ဆုတံဆိပ်များကို ကရင်ပြည်နယ်အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးရာဝန်ကြီး ရဲမှူးကြီး ခင်ဇော်မှလည်းကောင်း၊ ပထမဆုရရှိသော ဘားအံမြို့နယ်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်များကို ကရင်ပြည်နယ်အစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး ဦးစိုးလွင်မှ လည်းကောင်း အသီးသီး ဆုများချီးမြှင့်ခဲ့ကြပါသည်။

ဆက်လက်၍ အကောင်းဆုံး အားကစားသမားဆုများကို ချီးမြှင့်ခဲ့ရာ ပွဲစဉ်တစ်လျှောက် ဂိုးသွင်းအများဆုံးရရှိသည့် သံတောင်ကြီးမြို့နယ်အသင်းမှ ကျောနံပါတ်(၇) ထွန်းထွန်းအောင်နှင့် ပွဲစဉ်တစ်လျှောက် ဂိုးအကောင်းဆုံး ဂိုးသမားဆုရရှိသည့် ဘားအံမြို့နယ်အသင်းမှ ကျောနံပါတ်(၁) စောသိန်းထက်ကျော်တို့အား ကရင်ပြည်နယ်အစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းမှ ဆုကလပ်နှင့် ငွေသားဆု ကျပ်(၅)သောင်းကိုလည်းကောင်း၊ ပွဲစဉ်တစ်လျှောက် ဂိုးအကောင်းဆုံး အားကစားသမားဆုရရှိသည့် ဘားအံမြို့နယ်အသင်းမှ ကျောနံပါတ်(၅)မောင်ဝင်းထွဋ်အောင်အား တပ်မ-၂၂ ဒုတိယတပ်မမှူး ဗိုလ်မှူးကြီးကျော်စိုးလင်းမှ ဆုကလပ်နှင့် ငွေသားဆုကျပ်(၅)သောင်းကိုလည်းကောင်း၊ တတိယဆုရရှိသော ကြာအင်းဆိပ်ကြီးမြို့နယ်အသင်းအား ဆုကလပ်နှင့်ငွေသားဆုကျပ် (၅)သိန်းကို ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမျိုးမင်းနောင်မှလည်းကောင်း၊ ဒုတိယဆုရရှိသော သံတောင်ကြီးမြို့နယ်အသင်းအား ဆုကလပ်နှင့်ငွေသားဆုကျပ်(၇)သိန်းကို ကရင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်းမှ လည်းကောင်း၊ ပထမဆုရရှိသော ဘားအံမြို့နယ်အသင်းအား တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုကျပ်(၁၀)သိန်းကို ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးမှ လည်းကောင်း အသီးသီး ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရပါသည်။





# ၂၀၂၃ ခုနှစ်၊ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် (၂၅)ကီလိုမီတာ စက်ဘီးပြိုင်ပွဲကျင်းပ









● မွန်၊ ဖေဖော်ဝါရီလ(၉)ရက်။

၂၀၂၃ ခုနှစ်၊ (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် (၂၅)ကီလိုမီတာ စက်ဘီးပြိုင်ပွဲကို ယနေ့နံနက်(၇)နာရီတွင် ကျင်းပရာ အခမ်းအနားသို့ မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ပြည်နယ်စက်ဘီးဆပ်ကော်မတီများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြပြီး ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်မှ သေနတ်ပစ်ဖောက် ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းမှ ပထမဆုရရှိသော သံဖြူဇရပ်မြို့နယ်မှ ကျော်ဇင်ဦးအား ငွေသားဆုနှင့် ဆုကလပ်အား လည်းကောင်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးညီညီစိုးမှ ဒုတိယဆုရရှိသော သံဖြူဇရပ်မြို့နယ်မှ စွမ်းသူထွန်းအား ငွေသားဆုနှင့် ဆုကလပ်အားလည်းကောင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာမြင့်မှ တတိယဆုရရှိသော သံဖြူဇရပ်မြို့နယ်မှ ရဲဝင်းကိုအား ငွေသားဆုနှင့် ဆုကလပ်အား လည်းကောင်း၊လူမှုရေးရာဝန်ကြီး ဦးမြတ်သွင်မှ စတုတ္ထဆုရရှိသော သံဖြူဇရပ်မြို့နယ်မှ ကောင်းမြတ်အား ငွေသားဆုနှင့် ဆုကလပ်အားလည်းကောင်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး မျိုးဆွေမှ ပဥ္စမဆုရရှိသော မော်လမြိုင်မြို့နယ်မှ ကျော်လွင်ဦးအား ငွေသားဆုနှင့် ဆုကလပ်အား လည်းကောင်း၊ နှစ်သိမ့်ဆုရရှိသူများအား တာဝန်ရှိပုဂ္ဂိုလ်များမှ လည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။





▶ စာမျက်နှာ(၁၁)သတင်း • • • မှအဆက်

ခဲ့ကြပြီး၊ ကချင်ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်သူမှ ရေကူးသင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခြင်း၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် သီရိပုံချီ ဦးခက်ထိန်နန်မှ အဖွင့်အမှာစကားပြောကြားပြီး သင်တန်းအားဖွင့်လှစ်ပေးခဲ့ပါသည်။

ထို့နောက် အဆိုပါအခမ်းအနားတွင် ကချင်ပြည်နယ် ဝန်ကြီးချုပ်မှ ရေကူးသရုပ်ပြအဖွဲ့အား ဂုဏ်ပြုထောက်ပံ့ငွေများ ချီးမြှင့်ကာ ရေကူးသင်တန်းဖွင့်ပွဲ အခမ်းအနားအား အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည်။

အားကစားလိုက်စား လူငယ်များ
တိုင်းကားပြည်ရွာ ဂုဏ်ထည်ဝါ

# (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြခန်းများနှင့် ရိုးရာအစားအစာပြခန်းများ ဖွင့်ပွဲအခမ်းအနားကျင်းပ






● ရန်ကုန်၊ ဖေဖော်ဝါရီလ(၁၀)ရက်။

၂၀၂၃ခုနှစ်၊ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြခန်းများနှင့် ရိုးရာအစားအစာပြခန်းများ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်(၈)နာရီအချိန်တွင် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ကျင်းပပြုလုပ်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့် ဝင်းဆွေနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးဌာန ကိုယ်စားပြု ပြခန်းတာဝန်ခံများ၊ တိုင်းဒေသကြီး နှင့် ပြည်နယ်များနှင့် ရိုးရာအစား အစာပြခန်း ကိုယ်စားလှယ်များ တက်ရောက်၍ ဖဲကြိုးဖြတ် ဖွင့်လှစ် ပေးခဲ့ရာ အားကစားနှင့်လူငယ်ရေးရာ



ဝန်ကြီးဌာန ကိုယ်စားပြုပြခန်း တာဝန်ခံ လူထုအားကစားနှင့် ပညာ ပေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးငွေ အောင် ပါဝင်တက်ရောက် ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီးနောက် ရန်ကုန်တိုင်း ဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်က ဖွင့်ပွဲအထိမ်းအမှတ် ဂုဏ်ပြုလက် ဆောင်များအား ပေးအပ်ချီးမြှင့်ခဲ့ပါ သည်။

အဆိုပါ ၂၀၂၃ခုနှစ်၊ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြခန်းများနှင့် ရိုးရာအစား အစာပြခန်းများတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ကိုယ်စားပြု ပြခန်း၌ ၂၀၂၂ ခုနှစ်၊(၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ အထိမ်း အမှတ် လူငယ်နှင့်စာပေပွဲတော်သို့ နိုင်ငံတော်ဝန်ကြီးချုပ် တက်ရောက် ခဲ့မှုနှင့် (၃၁)ကြိမ်မြောက် အရှေ့ တောင်အာရှအားကစားပြိုင်ပွဲ အောင် နိုင်ရေးအလံ ပေးအပ်ပွဲ မှတ်တမ်း ဓာတ်ပုံများ၊ (၃၁)ကြိမ်မြောက် အရှေ့ တောင်အာရှအားကစားပြိုင်ပွဲတွင် ရွှေ တံဆိပ်နှင့်ငွေတံဆိပ်ရရှိခဲ့မှု မှတ်တမ်း ဓာတ်ပုံများ၊ (၃၁)ကြိမ်မြောက် အရှေ့ တောင်အာရှ အားကစားပြိုင်ပွဲတွင်

စာမျက်နှာ(၁၄)သို့




# ၂၀၂၃ ခုနှစ်၊ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကိုယ်ခံပညာပေါင်းစုံသရုပ်ပြပွဲ အခမ်းအနားကျင်းပ











● ကချင်၊ ဖေဖော်ဝါရီလ(၁၀)ရက်။

၂၀၂၃ ခုနှစ်၊ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကိုယ်ခံပညာပေါင်းစုံ သရုပ်ပြပွဲ အခမ်းအနားကို ယနေ့နံနက်(၉း၀၀)နာရီအချိန် ပြည်နယ်အားကစားကွင်း မြစ်ကြီးနားမြို့တွင် ကျင်းပပြုလုပ်ခဲ့ရာ ကချင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် သီရိပျံချီ ဦးခက်ထိန်နန်နှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူ




ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့ဇနီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်နယ် အမျိုးသမီးအားကစားအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ ပြည်နယ်အားကစားနှင့် ကာယပညာ ကော်မတီဝင်များ၊ ပြည်နယ် အားကစားနည်းအလိုက် ဆပ်ကော်မတီများမှ တာဝန်ရှိသူများ

▶▶

▶ စာမျက်နှာ(၁၃)သတင်း•••မှအဆက်

ငွေတံဆိပ်နှင့် ကြေးတံဆိပ် ရရှိခဲ့မှု မှတ်တမ်းဓာတ်ပုံများ၊ (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် (၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတို့တွင် ဆုရရှိခဲ့သူများအား ဂုဏ်ပြုပွဲများကျင်းပခဲ့မှု မှတ်တမ်းဓာတ်ပုံများ၊ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဖလား ပြည်နယ်နှင့်တိုင်းဒေသကြီး အားကစားပြိုင်ပွဲများ ကျင်းပမှု မှတ်တမ်းဓာတ်ပုံများ၊ ၂၀၂၂ ခုနှစ်အတွင်း ကျင်းပခဲ့သော ပြည်နယ်နှင့်တိုင်းဒေသကြီး အားကစားပြိုင်ပွဲ မှတ်တမ်းဓာတ်ပုံများ၊(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်း



အမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများ ကျင်းပမှု မှတ်တမ်းဓာတ်ပုံများ၊ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ကျင်းပနေမှုမှတ်တမ်း၊ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး U-18 အမျိုးသမီးဘောလုံးပြိုင်ပွဲ ကျင်းပမှုမှတ်တမ်း၊ ၂၀၂၂ခုနှစ်၊ ဒီဇင်ဘာလူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပမှု မှတ်တမ်းနှင့် လူငယ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ရှားဆောင်ရွက်မှုများအား ခင်းကျင်းပြသထားပါသည်။

၂၀၂၃ ခုနှစ်၊ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြခန်းများအား အများပြည်သူလာရောက် ကြည့်ရှုနိုင်ရန်အတွက် ဖေဖော်ဝါရီလ(၁၀)ရက်နေ့မှ (၁၄) ရက်နေ့အထိ နေ့စဉ်နံနက်(၉)နာရီမှ ည(၁၀း၃၀)နာရီအထိ ခင်းကျင်းပြသထားမည်ဖြစ်ကြောင်း သိရှိရသည်။

# ၂၀၂၃ ခုနှစ်၊ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လူထုစုပေါင်း စက်ဘီးစီးနင်းပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ





● ကချင်၊ ဖေဖော်ဝါရီလ(၁၁)ရက်။

၂၀၂၃ ခုနှစ်၊ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လူထုစုပေါင်း စက်ဘီးစီးနင်းပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်(၇)နာရီအချိန် ပြည်နယ်အားကစားကွင်း မြစ်ကြီးနားမြို့တွင် ကျင်းပပြုလုပ်ခဲ့ရာ ကချင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် သီရိပျံချီ ဦးခက်ထိန်နန်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊

စာမျက်နှာ(၁၆)သို့

















>>

နှင့် သရုပ်ပြပွဲတွင် ပါဝင်မည့် သက်ဆိုင်ရာ ကစားသမား (၆၀၀)ဦးခန့် တက်ရောက်ခဲ့ကြပါသည်။

ပထမဦးစွာ ကချင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် သီရိပျံချီ ဦးခက်ထိန်နန်မှ အဖွင့်အမှာစကားပြောကြားပြီး (မြန်မာ့သိုင်း၊ ကျိုန်ရှင်း၊ ဝူရှူး၊ ဂျူဒို၊ ကရာတေး၊ လက်ဝှေ့နှင့်တိုက်ကွမ်ဒို) သရုပ်ပြအဖွဲ့(၇)ဖွဲ့မှ စုပေါင်းသရုပ်ပြသခြင်း၊ အားကစားနည်းအလိုက် သရုပ်ပြသခြင်းနှင့် အဆိုပါသရုပ်ပြအဖွဲ့များအား ကချင်ပြည်နယ်ဝန်ကြီးချုပ်မှ ဂုဏ်ပြုချီးမြှင့်ငွေများ ထောက်ပံ့ပေးခဲ့ကြောင်း သိရှိရသည်။

















စာမျက်နှာ(၁၅)သတင်း• • •မှအဆက်

ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ ပြည်နယ် အားကစားနှင့်ကာယပညာ ကော်မတီဝင်များ၊ ပြည်နယ်အားကစားနည်းအလိုက် ဆပ်ကော်မတီများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး စက်ဘီးစီးနင်းသူ အင်အား(၁၅၀)ခန့်ဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ စက်ဘီးစီးနင်းပွဲ အခမ်းအနားအတွက် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်မှ တီရှပ်အထည်(၂၀၀) ပံ့ပိုးပေးအပ်ခဲ့ပြီး ကချင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှလည်း စက်ဘီးစီးနင်းသူများအား ကလေးစက်ဘီး (၂)စီး အပါအဝင် အခြားဆုမဲပေါင်းများစွာကို ကံစမ်းမဲဖောက်ပေးခဲ့ပါသည်။ စက်ဘီးကံစမ်းမဲပေါက်သူ ကံထူးရှင်များအား ကချင်ပြည်နယ်ဝန်ကြီးချုပ် သီရိပျံ့ချီ ဦးခက်ထိန်နန်မှ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။ ကျန်ရှိသော အခြားဆုမဲများကို ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဝဏ္ဏကျော်ထင် ဦးတူးဂျာမှလည်းကောင်း၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်မှလည်းကောင်း၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးဝင်းရဲထွန်းမှလည်းကောင်း၊ အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများမှ လည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။

# ၂၀၂၃ ခုနှစ်၊ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား ဌာနပေါင်းစုံ အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ





● ကရင်၊ ဖေဖော်ဝါရီလ(၁၁)ရက်။

၂၀၂၃ ခုနှစ်၊ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်ဖလားဌာနပေါင်းစုံ အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ၆-၂-၂၀၂၃ ရက်နေ့ နံနက်(၉း၀၀)နာရီအချိန်တွင် ကရင်ပြည်နယ် ဘားအံမြို့ မိုးလုံလေလုံအားကစားရုံ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ ၎င်းအခမ်းအနားသို့ ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဇနီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြပါသည်။



ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်မှ အဖွင့်အမှာစကား ပြောကြား၍ ပြိုင်ပွဲအား ဖွင့်လှစ်ပေးခဲ့ပါသည်။ ထို့နောက် အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန် ရွတ်ဆိုခဲ့ကြပြီးနောက် ကွင်းအတွင်းမှပြန်လည်ထွက်ခွာခဲ့ပြီး ပြည်နယ်ပညာရေးအသင်းနှင့် ပြည်နယ်ရဲတပ်ဖွဲ့အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြပါသည်။

အဆိုပါပြိုင်ပွဲ၏ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ၁၁-၂-၂၀၂၃ ရက်နေ့ နံနက်(၇)နာရီအချိန်တွင် ကရင်ပြည်နယ်၊ ဘားအံမြို့ မိုးလုံလေလုံအားကစားရုံ၌ ကျင်းပပြုလုပ်ခဲ့ပြီး ဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် အမျိုးသမီးပြိုင်ပွဲတွင် ပြည်နယ်အား/ကာအသင်းနှင့် ပြည်နယ်ပညာရေးအသင်းတို့ ယှဉ်ပြိုင်ကစားရာ ပြည်နယ် အား/ကာအသင်းမှ (၃)ပွဲပြတ်ဖြင့်လည်းကောင်း၊ အမျိုးသားပြိုင်ပွဲတွင် ပြည်နယ်မီးသတ်အသင်း

စာမျက်နှာ(၁၈)သို့

















စာမျက်နှာ(၁၇)သတင်း・・・မှအဆက်

နှင့် ပြည်နယ်အား/ကာ အသင်းတို့ ယှဉ်ပြိုင်ကစားရာ ပြည်နယ်မီးသတ် အသင်းမှ (၃)ပွဲပြတ်ဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ပါသည်။

အစီအစဉ်အရ ဆုချီးမြှင့်ပွဲအခမ်းအနားအား ဆက်လက်ကျင်းပရာ ကြက်ခြေနီအဖွဲ့နှင့် ဒိုင်အဖွဲ့အား ပြည်နယ်အား/ကာဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးစိုးနိုင်မှ ဂုဏ်ပြုချီးမြှင့်ငွေများအားလည်းကောင်း၊ အမျိုးသမီးပြိုင်ပွဲတွင် တတိယဆုရရှိသော ဘားအံတက္ကသိုလ်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်များကို ကရင်ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၏ဇနီးမှလည်းကောင်း၊ ဒုတိယဆုရရှိသော ပြည်နယ်ပညာရေးအသင်းအား တစ်ဦးချင်း ဆုတံဆိပ်များကို ပြည်နယ်ဥပဒေချုပ်၏ဇနီးမှလည်းကောင်း၊ ပထမဆုရရှိသော ပြည်နယ်အား/ကာအသင်းအား တစ်ဦးချင်း ဆုတံဆိပ်များကို ကရင်ပြည်နယ်အစိုးရအဖွဲ့၊ တိုင်းရင်းသားရေးရာဝန်ကြီး၏ဇနီးမှ လည်းကောင်း အသီးသီး ဆုများချီးမြှင့်ခဲ့ကြပါသည်။

အမျိုးသားပြိုင်ပွဲတွင် တတိယဆုရရှိသော ပြည်နယ်ပညာရေးအသင်းအား တစ်ဦးချင်း ဆုတံဆိပ်များကို ကရင်ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးကျော်စိုးမှ လည်းကောင်း၊ ဒုတိယဆုရရှိသော ပြည်နယ်အား/ကာအသင်းအား တစ်ဦးချင်းဆုတံဆိပ်များကို ကရင်ပြည်နယ် ဥပဒေချုပ်ဦးရဲလွင်မှလည်းကောင်း၊ ပထမဆုရရှိသော ပြည်နယ်မီးသတ်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်များကို ကရင်ပြည်နယ်အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးရာဝန်ကြီး ရဲမှူးကြီးခင်ဇော်မှ လည်းကောင်း အသီးသီး ဆုများချီးမြှင့်ခဲ့ကြပါသည်။

အမျိုးသမီးပြိုင်ပွဲတွင် အကောင်းဆုံးဆုရ အားကစားသမားများအားဆုများ ဆက်လက်ချီးမြှင့်ရာ စပေးဘော အကောင်းဆုံးဆု ရရှိသော ပြည်နယ် အား/ကာအသင်းမှ နန်းအေးမြသော်တာ၊ ဆယ်မသူ အကောင်းဆုံးဆုရရှိသော ဘားအံတက္ကသိုလ်အသင်းမှ မဆုရည်ဝင်း၊ ပင့်ထောင်သူ အကောင်းဆုံးဆု ရရှိသော ပြည်နယ်ပညာရေးအသင်းမှ မနှင်းနန္ဒာလင်းလင်း၊ ရိုက်ခုတ်သူ အကောင်းဆုံးဆုရရှိသော ပြည်နယ်ပညာရေးအသင်းမှ မပြုံးပြုံးခိုင်၊ ပိတ်ဆို့သူ အကောင်းဆုံးဆု ရရှိသော ပြည်နယ်အား/ကာအသင်းမှ မခင်အေးမွန်၊ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုရရှိသော ပြည်နယ်အား/ကာအသင်းမှ နန်းအေးမြသော်တာတို့အား ကရင်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး၏ဇနီးမှ လည်းကောင်း၊ အမျိုးသားပြိုင်ပွဲတွင် အကောင်းဆုံးဆုရ အားကစားသမားများအား ဆုများ ဆက်လက်ချီးမြှင့်ရာ စပေးဘော အကောင်းဆုံးဆုရရှိသော ပြည်နယ်ပညာရေးအသင်းမှ ဦးကလိုဒီထူး၊ ဆယ်မသူ အကောင်းဆုံးဆု ရရှိသော ပြည်နယ်မီးသတ်အသင်းမှ မောင်အောင်ကိုကို၊ ပင့်ထောင်သူ အကောင်းဆုံးဆုရရှိသော ပြည်နယ်မီးသတ်အသင်းမှ စောထီးဗလူမှူး၊ ရိုက်ခုတ်သူ အကောင်းဆုံးဆု ရရှိသော ပြည်နယ်မီးသတ်အသင်းမှ မောင်အောင်သူရ၊ ပိတ်ဆို့သူ အကောင်းဆုံးဆုရရှိသော ပြည်နယ်အား/ကာအသင်းမှ မောင်ရဲဇော်ဦး၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆု ရရှိသော ပြည်နယ်အား/ကာအသင်းမှ ဦးဇော်ဇော်မင်းတို့အား ကရင်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးစိုးလွင်မှလည်းကောင်း အသီးသီး ဆုများ ချီးမြှင့်ခဲ့ပါသည်။

အမျိုးသမီးပြိုင်ပွဲတွင် စတုတ္ထဆုရရှိသော ပြည်နယ် ရဲအသင်းအား ငွေသားဆုကျပ်(၂)သိန်းကို ပြည်နယ်သယံဇာတဝန်ကြီး၏ ဇနီးမှလည်းကောင်း၊ တတိယဆုရရှိသော ဘားအံတက္ကသိုလ်အသင်းအား ဆုကလပ်နှင့် ငွေသားဆု ကျပ်(၃)သိန်းကို ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်စီးပွားရေးရာဝန်ကြီး၏ဇနီးမှ လည်းကောင်း၊ဒုတိယဆုရရှိသော ပြည်နယ်ပညာရေးအသင်းအား ဆုကလပ်နှင့် ငွေသားဆု ကျပ်(၅)သိန်းကို ကရင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်းမှလည်းကောင်း၊ ပထမဆုရရှိသော ပြည်နယ်အား/ကာအသင်းအား တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုကျပ်(၇)သိန်းကို ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်

>>>





# (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်









● မကွေး၊ ဖေဖော်ဝါရီလ(၁၂)ရက်။

(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများအဖြစ် ဖူဆယ်ပြိုင်ပွဲ၊ ဘော်လီဘော(ကျား/မ)ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲများကို ဖေဖော်ဝါရီလ(၁၂)ရက်နေ့တွင် မကွေးခရိုင် အားကစားကွင်းအတွင်း၌ ကျင်းပပြုလုပ်ရာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်၊ သီရိပျံချီ ဦးတင့်လွင်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ လာရောက်ကြည့်ရှုပြီး ဖူဆယ်ပြိုင်ပွဲတွင် ဆုရရှိခဲ့သော အသင်းများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ပါသည်။

ထို့နောက် ဘော်လီဘော(ကျား/မ)ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲများတွင် ဆုရရှိခဲ့သော အသင်းများအား မကွေးတိုင်းဒေသကြီး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းအောင်နှင့် တာဝန်ရှိသူများမှ ဆုများချီးမြှင့်ခဲ့ကြောင်း သိရှိရပါသည်။ ■









>>

ဝန်ကြီးချုပ်၏ ဇနီးမှလည်းကောင်း အသီးသီးဆုများ ချီးမြှင့်ခဲ့ပါသည်။

အမျိုးသားပြိုင်ပွဲတွင် စတုတ္ထဆုရရှိသော ဘားအံတက္ကသိုလ် အသင်းအား ငွေသားဆု ကျပ်(၂)သိန်းကို ပြည်နယ်သယံဇာတဝန်ကြီးမှ လည်းကောင်း၊ တတိယဆုရရှိသော ဘားအံတက္ကသိုလ်အသင်းအား ဆုကလပ်နှင့် ငွေသားဆု ကျပ်(၃)သိန်းကို ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်စီးပွားရေးရာဝန်ကြီးမှ လည်းကောင်း၊ ဒုတိယဆုရရှိသော ပြည်နယ်ပညာရေးအသင်းအား ဆုကလပ်နှင့် ငွေသားဆု ကျပ်(၅)သိန်းကို ကရင်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမျိုးမင်းနောင်မှ လည်းကောင်း၊ ပထမဆုရရှိသော ပြည်နယ် အား/ကာအသင်းအား တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆု ကျပ်(၇)သိန်းကို ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်၏ ဦးစောမြင့်ဦးမှလည်းကောင်း အသီးသီး ဆုများချီးမြှင့်ခဲ့ပါသည်။



# မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီနှင့် ရောဝတီတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ










● ပုသိမ်၊ ဖေဖော်ဝါရီလ(၂၂)ရက်။

မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီနှင့် ရောဝတီတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီတို့၏လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်(၀၉း၀၀)နာရီအချိန်တွင် ရောဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပပြုလုပ်ရာ မြန်မာနိုင်ငံ လူငယ်ရေးရာ ဗဟိုကော်မတီ အတွင်းရေးမှူး၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်း၊ တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် ကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။

လုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် ပထမဦးစွာ တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီ အတွင်းရေးမှူးက လူငယ်ရေးရာ လုပ်ငန်းကိစ္စရပ်များအား ရှင်းလင်းပြောကြားပါသည်။ ထို့နောက် တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ အတွင်းရေးမှူး ဦးမိုးကျော်လွင်က လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများအား ရှင်းလင်းတင်ပြပါသည်။ အစီအစဉ်အရ ဆက်လက်၍ တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီအဖွဲ့ဝင်များမှ လူငယ်များနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိပြီးနှင့် ဆက်လက်ဆောင်ရွက်ရန် လျာထားမှုများအား အသီးသီးတင်ပြ ဆွေးနွေးကြပါသည်။ ထိုသို့ တင်ပြဆွေးနွေးမှုများအပေါ် ဗဟိုကော်မတီအတွင်းရေးမှူးက ဖြည့်စွက်ဆွေးနွေးလမ်းညွှန်မှုများ ပြုခဲ့ပါသည်။

အစီအစဉ်အရ တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြား၍ အခမ်းအနားအား ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိပါသည်။

■





**ကမ္ဘာ့ လူငယ်များနေ့ဆောင်ပုဒ်**

**'သက်ရွယ်စုံညီ ကမ္ဘာသစ်ဆီ**
**မျိုးဆက်သစ်အားလုံး ပူးပေါင်းပါဝင်ကြညီ'**

# တနင်္သာရီတိုင်းဒေသကြီး နွေရာသီအားကစားသင်တန်း ဖွင့်ပွဲအခမ်းအနား ကျင်းပ









● တနင်္သာရီ၊ ဖေဖော်ဝါရီလ(၂၄)ရက်။

တနင်္သာရီ တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ တိုင်းဒေသကြီး၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် နွေရာသီအားကစားသင်တန်းများဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်(၉)နာရီခွဲအချိန်တွင် ထားဝယ်မြို့ ရွှေဝယ်သီရိ အားကစားခန်းမ၌ ကျင်းပပြုလုပ်ရာ တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်းဒေသကြီး အားကစားဆပ်ကော်မတီဝင်များနှင့် သင်တန်းနည်းပြဆရာများ သင်တန်းသူ/သင်တန်းသား(၅၁၀)ဦး တက်ရောက်ခဲ့ပါသည်။

အစီအစဉ်အရ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုမှ သင်တန်းအဖွင့် အမှာစကား ပြောကြားခဲ့ပြီးနောက် မြန်မာ့သိုင်း၊ ဂျူဒို၊ ကရာတေးဒို၊ အေရိုးဗစ် အားကစားနည်းများမှ သရုပ်ပြသခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုမှ သရုပ်ပြအားကစားအဖွဲ့ဝင်များအား ဆုငွေကျပ်(၂)သိန်း ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

အဆိုပါ နွေရာသီ အားကစားသင်တန်း၌ အားကစားနည်း(၁၅)မျိုး ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။






## စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော် ၂၀၂၃ ခုနှစ် တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှဖွင့်လှစ်သည့် ကိုယ်ကာယကြံ့ခိုင်မှု Fitness Dance နည်းပြသင်တန်းဖွင့်ပွဲအခမ်းအနား တက်ရောက်

● မုံရွာ၊ ဖေဖော်ဝါရီလ(၂၄)ရက်။

စစ်ကိုင်းတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီလ ၂၄ ရက်နေ့က စစ်ကိုင်းမြို့ ပြည်သူ့အားကစားကွင်းရှိ မိုးလုံလေလုံအားကစားခန်းမတွင် ကျင်းပပြုလုပ်သော ၂၀၂၃ခုနှစ်၊ တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနမှဖွင့်လှစ်သည့် ကိုယ်ကာယကြံ့ခိုင်မှု Fitness Dance နည်းပြသင်တန်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားပြီး သင်တန်းနည်းပြများနှင့် သင်တန်းသူများထံ ထောက်ပံ့ငွေ

စာမျက်နှာ(၂၂)သို့



# ၂၀၂၃ ခုနှစ်၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ ဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ





● မကွေး၊ ဖေဖော်ဝါရီလ(၂၅)ရက်။

၂၀၂၃ ခုနှစ်၊ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ ဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီလ(၂၅) ရက်နေ့ နံနက်(၉)နာရီအချိန်က မကွေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန၊ တိုင်းဒေသကြီး ဖူဆယ်အားကစားရုံတွင် ကျင်းပပြုလုပ်ရာ တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် သီရိပျံချီ ဦးတင့်လွင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အားကစားဆပ်ကော်မတီ အသီးသီးမှတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် မြို့နယ်အသီးသီးမှ အုပ်ချုပ်သူနည်းပြများနှင့် အားကစားသမားများ၊ အားကစားဝါသနာရှင် ပြည်သူများ တက်ရောက်ခဲ့ကြပါသည်။

ရှေးဦးစွာ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်အား ပြိုင်ပွဲဝင်အားကစားသမားများနှင့် အုပ်ချုပ်သူ/နည်းပြများကိုယ်စား စစ်ကြောင်းမှူးက ပြိုင်ပွဲဖွင့်လှစ်ပေးရန် တန်းအပ်ခြင်းဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်က အဖွင့်မိန့်ခွန်းပြောကြား၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးခဲ့ပါသည်။

ထို့နောက် အားကစားသမားများက အားကစားသစ္စာ အဓိဋ္ဌာန် (၄) ချက်အား ရွတ်ဆိုခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူနည်းပြများနှင့် အားကစားသမားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ပြီးနောက် အုပ်စုပွဲစဉ်အဖြစ် ချောက်မြို့နယ်အသင်းနှင့် အောင်လံမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရှိရသည်။





စာမျက်နှာ(၂၁)သတင်း…မှအဆက်

ကျပ်(၅)သိန်းအားပေး အပ်ခဲ့ပြီး အခမ်းအနားသို့ တက်ရောက်လာသူများနှင့် သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြသည်။

အဆိုပါ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဖွင့်လှစ်သည့် ကိုယ်ကာယကြံ့ခိုင်မှု Fitness Dance နည်းပြသင်တန်းသို့ တိုင်းဒေသကြီးအတွင်းရှိ ကလေး၊ ကသာ၊ ကောလင်း၊ ထီးချိုင့်၊ ပင်လည်ဘူး၊ ယင်းမာပင်၊ မုံရွာနှင့် စစ်ကိုင်းမြို့နယ်တို့မှ သင်တန်းသူ ၄၀ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ် ၂ ပတ်ကြာ သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။





# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ကိုယ်စားပြုပြခန်းအတွက် ခင်းကျင်းပြသမည့် ပစ္စည်းများနှင့် ဓာတ်ပုံများအား ကြည့်ရှုစစ်ဆေး




● နေပြည်တော်၊ နိုဝင်ဘာလ(၃)ရက်။
အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် ယနေ့နံနက် (၁၀)နာရီအချိန်တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း မြန်မာ့အားကစားလှုပ်ရှားမှုများပြခန်းသို့ရောက်ရှိပြီး ရန်ကုန်မြို့ပြည်သူ့ရင်ပြင်တွင် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသမည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ကိုယ်စားပြုပြခန်းအတွက် သယ်ယူခင်းကျင်းပြသရန် စီစဉ်ဆောင်ရွက်လျက်ရှိသည့် ပစ္စည်းများနှင့် ဓာတ်ပုံများအား သယ်ယူနိုင်ရေး စနစ်တကျထုပ်ပိုးပြင်ဆင် ထားရှိမှုများအားကြည့်ရှုစစ်ဆေးပြီး ပြခန်းအတွင်းခင်းကျင်းပြသထားသည့် ဓာတ်ပုံများအား ပြောင်းလဲမှုရှိတိုင်း စဉ်ဆက်မပြတ်(Up Date) ပြောင်းလဲခင်းကျင်းနိုင်ရေး စီစဉ်ဆောင်ရွက်သွားရန် လူထုအားကစားနှင့် ပညာပေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးဌေးအောင်အား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ ■

# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် မြန်မာ့လက်ရွေးစင် ပီတန်းအားကစားသမားများ၏ လက်ရည်စမ်းစစ်ပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုများအား ကြည့်ရှုအားပေး




● နေပြည်တော်၊ ဖေဖော်ဝါရီလ(၂)ရက်။
အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ပီတန်းအားကစားကွင်း၌ (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် လေ့ကျင့်လျက်ရှိသည့် မြန်မာ့လက်ရွေးစင် ပီတန်းအားကစားသမားများ၏ လက်ရည်စမ်းစစ်ပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုများအား ကြည့်ရှုအားပေးခဲ့ပြီး ဆုရရှိခဲ့ကြသည့် ပထမ မသဲစုစုအောင်၊ ဒုတိယ မခင်ချယ်ရီသက်၊ တတိယ မောင်ဝင်းသူရိန်ထွန်းတို့အား ဆုကြေးငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်ရှိ တည်ဆောက်ရေးလုပ်ငန်းများ သွားရောက်ကြည့်ရှုစစ်ဆေး

● နေပြည်တော်၊ ဖေဖော်ဝါရီလ(၈)ရက်။
အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်(၁၀)နာရီတွင် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်၌(၂၀၂၂-၂၀၂၃) ဘဏ္ဍာရေးနှစ် ပြည်သစ်စံကုမ္ပဏီမှ တာဝန်ယူတည်ဆောက်လျက်ရှိသည့် ပေ(၄၇၀)x ပေ(၆၀) RC(၂)ထပ်ဘောလုံးကွင်း အထူးတန်းပွဲကြည့်စင်နှင့်Greeco ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူတည်ဆောက်လျက်ရှိသည့် ပေ(၁၇၀)xပေ(၁၅၀) မိုးလုံလေလုံ အားကစားရုံတို့အား သတ်မှတ်ကာလအတွင်း ပြီးစီးရမည့် ရာခိုင်နှုန်းအလိုက် တည်ဆောက်ပြီးစီးမှုအခြေအနေများကို သွားရောက်

စာမျက်နှာ(၂၆)သို့



# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)တွင် တည်းခိုနေထိုင်လျက်ရှိသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ယဉ်ကျေးမှုအဖွဲ့များ တည်းခိုနေထိုင်ရေးနှင့် ညနေစာ ပြင်ဆင်ကျွေးမွေးဧည့်ခံနေမှုများအား ကြည့်ရှုစစ်ဆေး













● နေပြည်တော်၊ ဖေဖော်ဝါရီလ(၃)ရက်။

(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အခမ်းအနားကြိုဆိုနေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ(၂)မှ ညွှန်ကြားရေးမှူး ဦးကျော်ဇင်မိုးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ညနေ(၅)နာရီအချိန်တွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)၌ တည်းခိုနေထိုင်လျက်ရှိသည့် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အခမ်းအနား တက်ရောက်ရန်လာရောက်သည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ယဉ်ကျေးမှုအဖွဲ့များအတွက် တည်းခိုနေထိုင်ရေးနှင့်စားသောက်ရေး အဆင်ပြေချောမွေ့စေရန်အတွက် ပြင်ဆင်ဆောင်ရွက်ထားရှိနေမှုများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီးနောက်(Gold Medal Hall)၌ ညနေစာ ပြင်ဆင်ကျွေးမွေးဧည့်ခံနေမှုများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များအားဖြည့်ဆည်းဆောင်ရွက် ပေးနိုင်ရေးအတွက် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

■







# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ကိုယ်စားပြု ခင်းကျင်းပြသထားသည့် ပြခန်းသို့ သွားရောက်ကြည့်ရှု

● ရန်ကုန်၊ ဖေဖော်ဝါရီလ(၁၄)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၀)ရက်နေ့မှ (၁၄) ရက်နေ့အထိ ကျင်းပပြုလုပ်လျက်ရှိသည့် (၇၆)နှစ်မြောက်ပြည်ထောင်စုနေ့ အထိမ်းအမှတ် အခမ်းအနားတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ကိုယ်စားပြု ခင်းကျင်းပြသထားသည့် ပြခန်းသို့ သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။ ■



















# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အားကစားကွင်း/အားကစားရုံ တည်ဆောက်နေမှု အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေး





● နေပြည်တော်၊ ဖေဖော်ဝါရီလ(၁၅)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ အားကစားကွင်း/ရုံဌာနခွဲ ညွှန်ကြားရေးမှူး ဦးမင်းမင်းထွန်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့ရှိ တောင်ငူအားကစား



ခန်းမ တည်ဆောက်ပြီးစီးမှု အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီးနောက် အားကစားခန်းမအတွက် လျှပ်စစ်မီး အမြန်ရရှိရေး ဆောင်ရွက်သွားရန်၊ အားကစားခန်းမ အတွင်း/အပြင် သန့်ရှင်းသာယာလှပစေရေး၊ အားကစားခန်းမနှင့်သင့်လျော်သည့် အားကစားနည်းများကို ဒေသခံပြည်သူများ လာရောက်

▶▶









▶ စာမျက်နှာ(၂၃)သတင်း•••မှအဆက်

ကြည့်ရှုစစ်ဆေးခဲ့ပြီး ဆောင်ရွက်နေသည့် တည်ဆောက်ရေးလုပ်ငန်းများအားလုံး ရေရှည်တည်တံ့ခိုင်မြဲစေရေး၊ သတ်မှတ်စံချိန်စံညွှန်း အရည်အသွေးပြည့်မီစေရေးနှင့် သတ်မှတ်ကာလအတွင်း အချိန်မှီပြီးစီးရေးတို့အတွက် ဂရုတစိုက်ကြပ်မတ် ဆောင်ရွက်သွားရန်နှင့် ဘောလုံးအားကစားကွင်း စိမ်းလန်းစိုပြေမှုရှိစေရေး၊ သန့်ရှင်းသာယာလှပမှုရှိစေရေးအတွက် တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။















လေ့ကျင့် ကစားနိုင်ရေးအတွက် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့သို့ ဆက်လက်ထွက်ခွာခဲ့ပြီး ပဲခူးမြို့ရှိ တိုင်းရုံး၊ ခရိုင်ရုံးနှင့် မြို့နယ်ရုံးများမှ ဝန်ထမ်းများအား တွေ့ဆုံ၍ ဝန်ထမ်းများအနေဖြင့် ရုံးလုပ်ငန်းများဆောင်ရွက်ရာတွင် စနစ်တကျ တိကျမှန်ကန်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်စေရန်နှင့် ကျွမ်းကျင်မှုရှိစေရန် အမြဲလေ့လာသင်ယူ မှတ်သားနေကြဖို့လိုကြောင်း၊ ဝန်ထမ်းများအချင်းချင်း တစ်ဦးပေါ်တစ်ဦး ချစ်ကြည်ရင်းနှီးစွာ




ဖြင့်ညီအစ်ကိုမောင်နှမကဲ့သို့ ရိုင်းပင်းကူညီပူးပေါင်း ဆောင်ရွက်လုပ်ကိုင်သွားကြရန်လိုကြောင်း ပြောကြားခဲ့ပြီး ဝန်ထမ်းများ၏ အခက်အခဲများ၊ တင်ပြချက်များအား ပံ့ပိုးကူညီဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ပြီးနောက် ဝန်ထမ်းအိမ်ရာများ၊ အားကစားသမားအိပ်ဆောင်များနှင့် အားကစားကွင်း/ အားကစားရုံတို့အား လိုက်လံကြည့်ရှု စစ်ဆေးခဲ့ပြီး တာဝန်ရှိသူများကို လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးတိုင်းဒေသကြီးရှိ ပဲခူးတိုင်းအားကစားကွင်း (၂၈၀၇၉) ဧက အားကစားဥယျာဉ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း တည်ဆောက်နေမှုနှင့် အားကစားဥယျာဉ်အတွင်း တည်ဆောက်လျက်ရှိသော ရိုးရိုးတန်းပွဲကြည့်စင်၊ အထူးတန်းပွဲကြည့်စင်နှင့် အဆင့်မြင့် မိုးလုံလေလုံ အားကစားရုံ တည်ဆောက်နေမှု အခြေအနေများအား လိုက်လံကြည့်ရှု စစ်ဆေးခဲ့ပြီး အားကစားကွင်း/ အားကစားရုံများ

စာမျက်နှာ(၂၈)သို့

# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ရန်ကုန်မြို့၌ စခန်းသွင်းထားသော အားကစားအဖွဲ့ချုပ်အလိုက် အားကစားသမားများ လေ့ကျင့်နေမှုများနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တည်ဆောက်ရေးလုပ်ငန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေး





● ရန်ကုန်၊ ဖေဖော်ဝါရီလ(၁၅)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်(၇)နာရီခွဲအချိန်က ရန်ကုန်မြို့ အင်းလျားကန်ရှိ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်သို့ ရောက်ရှိပြီး (၆)ခန်းတွဲ (၄)ထပ် လှေလှော်အားကစားသမား အိပ်ဆောင်များအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားပြီးနောက် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်



ပြိုင်ရန် လေ့ကျင့်နေသော လှေလှော်လက်ရွေးစင် အားကစားသမားများ၏ လေ့ကျင့်နေမှုအား ကြည့်ရှုပြီး အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၏ တင်ပြဆွေးနွေးမှုများအား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ်သို့ ရောက်ရှိပြီး စခန်းသွင်းလေ့ကျင့်နေသည့် အားကစားသမားများနှင့် တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး လိုအပ်သည်များအား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်သို့ရောက်ရှိ၍ (၁၂)ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများ

>>>





စာမျက်နှာ(၂၇)သတင်း...မှအဆက်

ရေရှည် တည်တံ့စေရေးအတွက် သတ်မှတ်အရည်အသွေး၊ စံချိန်/စံညွှန်းပြည့်မီပြီး သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအပ်နှံနိုင်ရေးအတွက် သေချာကြပ်မတ်ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန်မြို့သို့ ဆက်လက်ထွက်ခွာခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပြည်သူ့ရင်ပြင်၌ ၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလ(၁၀)ရက်နေ့မှ (၁၄)ရက်နေ့အထိ ကျင်းပပြုလုပ်လျက်ရှိသည့် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အခမ်းအနား၌ ဝန်ကြီးဌာန၊ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ပြခန်းများ၊ တိုင်းရင်းသား ရိုးရာအစားအစာနှင့် ဒေသထွက်ကုန်ပစ္စည်း အရောင်းပြခန်းများ ခင်းကျင်းပြသထားမှုများနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနကိုယ်စားပြု ခင်းကျင်းပြသထားသည့် ပြခန်းသို့ သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။



# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် အားကစားနှင့် ကာယပညာသိပ္ပံ (မော်လမြိုင်)ရှိ အရာထမ်း/အမှုထမ်းများအား တွေ့ဆုံလမ်းညွှန်အမှာစကားပြောကြားခြင်းအခမ်းအနား ကျင်းပခြင်းနှင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် သင်တန်းသားများ နှစ်ချုပ်သုံးသပ်ခြင်းအစည်းအဝေးကျင်းပ






● မော်လမြိုင်၊ ဖေဖော်ဝါရီလ(၁၆)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် အားကစားနှင့် ကာယပညာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(၁) ဦးကျော်ဦး၊ အားကစားကွင်း/အားကစားရုံဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးမင်းမင်းထွန်းတို့ လိုက်ပါလျက် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ(၁၆)ရက်၊ နေ့လယ်(၁၄း၀၀) နာရီအချိန်တွင် အားကစားနှင့် ကာယပညာသိပ္ပံ (မော်လမြိုင်) အုပ်ချုပ်မှုရုံး စုပေါင်းခန်းမ၌ အရာထမ်း/အမှုထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဝန်ထမ်းများအနေဖြင့် တစ်ဦးနှင့်တစ်ဦး စည်းလုံးညီညွတ်မှုရှိရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းအချင်းချင်း ကူညီရိုင်းပင်းပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ဝန်ထမ်းများ တစ်နိုင်တစ်ပိုင် သီးပင်များစိုက်ပျိုးခြင်းဖြင့် စားဝတ်နေရေးအတွက် အခက်အခဲများ ဖြေရှင်းနိုင်ကြောင်း၊ ဝန်ထမ်းများစည်းလုံးညီညွတ်စွာ ကိုယ်ချင်းစာတရားဖြင့် နေထိုင်

စာမျက်နှာ(၃၀)သို့ ▶





▶▶

အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပြေးခုန်ပစ်အားကစားသမားများအား တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး လိုအပ်သည်များအား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။

ဆက်လက်၍ ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ ရေကူးကန်သို့ ရောက်ရှိပြီး ၁၂၀ပေx၄၀ပေ (၂)ထပ်ပွဲကြည့်စင် တည်ဆောက်နေမှုအား ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ယင်းနောက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)ရှိ မြို့နယ်အားကစားကွင်းအတွင်းရှိ မီတာ ၄၀၀ ဘောလုံးကွင်း တည်ဆောက်နေမှုအား ကြည့်ရှုစစ်ဆေးကာ ဆက်လက်၍ သိမ်ဖြူတင်းနစ်အားကစားကွင်းသို့ရောက်ရှိပြီး အားကစားသမားများ၏ လေ့ကျင့်နေမှုများအား ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ဆက်လက်၍ သိမ်ဖြူအားကစားခန်းမရှိ ရိုးရာလက်ဝှေ့အားကစားရုံသို့လည်းကောင်း အောင်ဆန်းအားကစားပြိုင်ဝင်းအတွင်းရှိ မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်သို့လည်းကောင်း၊ ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်သို့ လည်းကောင်း၊ တောင်ဥက္ကလာပမြို့နယ်ရှိ ပဒေသာအားကစားကွင်းသို့ လည်းကောင်း ရောက်ရှိပြီး လိုအပ်ချက်များ မှာကြားခဲ့ပါသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်)ဝန်ထမ်းများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်၍ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။ယင်းနောက် (၁၂) ခန်းတွဲ (၄)ထပ် အမျိုးသားအိပ်ဆောင်နှင့် အမျိုးသမီးအိပ်ဆောင်၊ စားရိပ်သာများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

■





# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် ကရင်ပြည်နယ်အတွင်းရှိ အားကစားကွင်း/ အားကစားရုံများအား လိုက်လံကြည့်ရှုစစ်ဆေး





● နေပြည်တော်၊ ဖေဖော်ဝါရီလ(၁၇)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ အားကစားကွင်း/အားကစားရုံဌာနခွဲ ညွှန်ကြားရေးမှူး ဦးမင်းမင်းထွန်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့ နံနက်ပိုင်းတွင် ကရင်ပြည်နယ်၊ ဘားအံမြို့ရှိ (အောင်သံလွင်) ပြည်နယ်အားကစားကွင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ အားကစားကွင်းရှိ(VIP)ပွဲကြည့်ဆောင်၊ အားကစားကွင်းပတ်ဝန်းကျင် စိမ်းလန်းစိုပြေစေရေးနှင့် သန့်ရှင်း ▶▶









▶ စာမျက်နှာ(၂၉)သတင်း•••မှအဆက်

ကြရန်လိုကြောင်း၊ ဝန်ထမ်းများအခက်အခဲများရှိပါက ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အခက်အခဲများရှိပါက ပွင့်ပွင့်လင်းလင်း တင်ပြနိုင်ကြောင်း လမ်းညွှန်အမှာစကားပြောကြားခဲ့ပြီးနောက် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် သင်တန်းသားများ နှစ်ချုပ်သုံးသပ်ခြင်း အစည်းအဝေးတွင် လိုအပ်သည်များအား လမ်းညွှန်မှာကြားခဲ့ပြီး လေ့ကျင့်ရေးဆိုင်ရာ လိုအပ်သည်များ ပံ့ပိုးပေးခဲ့ပါသည်။ ဆက်လက်၍ အားကစားနှင့် ပညာရေးပေါင်းစပ် အထက်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ပညာရေးဆိုင်ရာ ရုံးလုပ်ငန်းများအတွက် လိုအပ်သည်များဖြည့်ဆည်းနိုင်ရေး ပံ့ပိုးလမ်းညွှန်မှာကြားခဲ့ပြီး စာမေးပွဲဖြေဆိုမည့် ကျောင်းသား/ကျောင်းသူများ၊ စာကျက်နေမှုအား စာမေးပွဲကောင်းမွန်စွာဖြေဆိုအောင်မြင်နိုင်ရေး အားပေးပံ့ပိုးပေးခဲ့ပါသည်။ ထို့နောက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်မှ ၁၀၀%ပြီးစီး ဆောင်ရွက်ခဲ့သည့် အုတ်တံတိုင်းကာရံခြင်းအား ကြည့်ရှုစစ်ဆေးခဲ့ပါသည်။ (၁၇-၂-၂၀၂၃)ရက်နေ့ နံနက် (၀၉း၁၅)နာရီအချိန်တွင် အားကစားနှင့်ပညာရေးပေါင်းစပ် အထက်တန်းကျောင်း၌ စာမေးပွဲဖြေဆိုလျက်ရှိသော အားကစားနှင့် ကာယပညာသိပ္ပံ(မော်လမြိုင်) ကျောင်းသား/ကျောင်းသူများကို ကြည့်ရှုအားပေးစကား ပြောကြားခဲ့ပါသည်။

အဆိုပါ တွေ့ဆုံလမ်းညွှန်ခြင်းအခမ်းအနားသို့ အားကစားနှင့်ကာယပညာသိပ္ပံ(မော်လမြိုင်)မှ ကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူး ဦးနေမျိုးလွင်၊ ဒုတိယကျောင်းအုပ်ကြီးများ၊ လက်ထောက် ညွှန်ကြားရေးမှူးများ၊ မွန်ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးခင်ဇော်နှင့် အားကစားနှင့်ကာယပညာသိပ္ပံ(မော်လမြိုင်)မှ အရာထမ်း/အမှုထမ်းများ တက်ရောက်ခဲ့ကြပြီး ၂၀၂၂-၂၀၂၃ပညာသင်နှစ် သင်တန်းသားများ နှစ်ချုပ်သုံးသပ်ခြင်းအခမ်းအနားသို့ အားကစားနှင့် ကာယပညာသိပ္ပံ(မော်လမြိုင်)မှ ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများ၊ အားကစားကွင်း/အားကစားရုံဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးမင်းမင်းထွန်း၊ မွန်ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးခင်ဇော်နှင့် အားကစားနှင့် ကာယပညာသိပ္ပံ(မော်လမြိုင်)မှ အားကစားနည်းအလိုက် နည်းပြများ တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။












သာယာမှုရှိစေရေးအတွက် အမြဲပြု လုပ်ဆောင်ရွက်သွားရန် တာဝန်ရှိသူ များအား လမ်းညွှန်မှာကြားခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကရင်ပြည်နယ်ရုံးမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဝန်ထမ်းများ အနေဖြင့် ရုံးလုပ်ငန်းများဆောင်ရွက် ရာတွင် စနစ်တကျတိကျမှန်ကန်စွာ လုပ်ဆောင်ကြဖို့လိုကြောင်း၊ ရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အပြန် အလှန် လေးလေးစားစား ပြောဆို ဆက်ဆံကြရန်နှင့် ဝန်ထမ်းများအချင်းချင်း တစ်ဦးပေါ်တစ်ဦး ချစ်ကြည်ရင်းနှီးစွာဖြင့် ရိုင်းပင်းကူညီ၍ပူးပေါင်း ဆောင်ရွက်လုပ်ကိုင်သွားကြရန် လိုကြောင်း ပြောကြားခဲ့ပြီး ဝန်ထမ်းများ၏အခက်အခဲများ လိုအပ်ချက်များရှိပါက အတတ်နိုင်ဆုံး ဖြည့်ဆည်း ဆောင်ရွက်ပေးသွားရန် တာဝန်ရှိသူ များအား လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဘားအံမြို့ရှိ ဇွဲကပင်အားကစားကွင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ ဇွဲကပင် အားကစားကွင်းသည် မိမိတို့ကရင်ပြည်နယ်အတွက် ဂုဏ်ယူအားထားရသည့် အားကစား ကွင်းကြီးဖြစ်သည့်အတွက် အားကစား ကွင်း ရေရှည်တည်တံ့ပြီး စိမ်းလန်း စိုပြေစေရေးအတွက် ဝန်ထမ်းများအနေဖြင့် ထိန်းသိမ်းဆောင်ရွက်သွားကြရန် လိုကြောင်း ပြောကြားခဲ့ပြီး ဝန်ထမ်းများ၏ အခက်အခဲများ၊ တင်ပြချက်များအား ပံ့ပိုးကူညီဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မွန်ပြည်နယ်သို့ ဆက်လက်ထွက်ခွာခဲ့ပြီး မွန်ပြည်နယ်အတွင်းရှိ အားကစားနှင့်ကာယပညာသိပ္ပံ(မော်လမြိုင်)မှ အရာထမ်း/အမှုထမ်းများနှင့်တွေ့ဆုံ၍ ဝန်ထမ်းများအားလုံး လိုအပ်ချက်များ/အခက်အခဲများရှိပါက ပွင့်ပွင့်လင်းလင်း တင်ပြကြစေလိုကြောင်း၊ နည်းပြများအနေဖြင့် အားကစားနည်းအလိုက် ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့် နည်းစနစ်များ၊ နည်းဥပဒေများကို အမြဲတမ်းလေ့လာဆည်းပူးပြီး ပြန်လည်မျှဝေ လက်ဆင့်ကမ်း သင်ကြားပြသပေးနိုင်သူများဖြစ်အောင် အစဉ်အမြဲ လေ့လာသင်ယူကြိုးစားကြရန် လိုကြောင်းပြောကြားခဲ့ပြီး ဝန်ထမ်းများ၏ အခက်အခဲများနှင့် လိုအပ်ချက်များအား ပံ့ပိုးကူညီဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီးနောက် သင်တန်းသား/သူများ စာမေးပွဲဖြေဆိုရန်အတွက် သက်ဆိုင်ရာအတန်းအလိုက် စာကြည့်ခန်းများတွင် သင်ခန်းစာများ လေ့လာကျက်မှတ် နေမှုများအား သွားရောက်ကြည့်ရှု အားပေးခဲ့ပြီး သင်တန်းသား/သူများ သွားလာ၊ နေထိုင်၊စားသောက်မှုများနှင့် စာမေးပွဲဖြေဆိုရာတွင် အဆင်ပြေချောမွေ့ပြီး အောင်မြင်စွာ ဖြေဆိုနိုင်ရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။






# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် မွန်ပြည်နယ်အတွင်းရှိ အားကစားကွင်း/အားကစားရုံများအား လိုက်လံကြည့်ရှုစစ်ဆေး











● နေပြည်တော်၊ ဖေဖော်ဝါရီလ(၁၇)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် အားကစားနှင့် ကာယပညာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ အားကစားကွင်း/အားကစားရုံဌာနခွဲ ညွှန်ကြားရေးမှူး ဦးမင်းမင်းထွန်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ်၊ (၃၄)ကေ အားကစားဥယျာဉ်အတွင်း အဆင့်မြင့်အားကစားရုံ တည်ဆောက်နေမှုအား ကြည့်ရှုစစ်ဆေးခဲ့ပြီး တည်ဆောက်ရေးလုပ်ငန်းများအား သတ်မှတ်အရည်အသွေး၊ စံချိန်စံညွှန်း ပြည့်မီပြီး သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးစေရေး ကြပ်မတ်ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားခဲ့ပြီးနောက် အရာထမ်း/အမှုထမ်း နေအိမ်နှင့် အားကစားသမားအိပ်ဆောင် တည်ဆောက်ပြီးစီးမှု အခြေအနေတို့အား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး ရေရှည်တည်တံ့စေရေးအတွက် ထိန်းသိမ်းဆောင်ရွက်သွားရန် တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။



ဆက်လက်ပြီး ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်၊ အားကစားနှင့် ကာယပညာ သိပ္ပံ(မော်လမြိုင်)တွင် သင်တန်းတက်ရောက်လျက်ရှိသည့် Grade-10 နှင့် Grade-11 (စနစ်သစ်နှင့် စနစ်ဟောင်း)တို့တွင် ပညာသင်ကြားနေသည့် ကျောင်းသား/ကျောင်းသူများ၏ နှစ်ဆုံးစာမေးပွဲ စစ်ဆေးနေမှုများအား လိုက်လံကြည့်ရှု အားပေးခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မော်လမြိုင်မြို့ ကျောင်းသားအားကစားကွင်းနှင့် ရာမညအားကစားကွင်းတို့အား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး အားကစားကွင်း ရေရှည်တည်တံ့စေရေး၊ စိမ်းလန်းစိုပြေစေရေးအတွက် ထိန်းသိမ်းဆောင်ရွက်သွား

▶▶





# ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းအမှတ်စဉ်(၁/၂၀၂၃) ဖွင့်ပွဲအခမ်းအနားကျင်းပ





● နေပြည်တော်၊ ဖေဖော်ဝါရီလ(၂၀)ရက်။

အရည်အသွေးပြည့်ဝပြီးလုပ်ငန်းကျွမ်းကျင်သော ဝန်ထမ်းကောင်းများ ဖြစ်လာစေရန် ရည်ရွယ်၍ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းအမှတ်စဉ်(၁/၂၀၂၃) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်(၉)နာရီခွဲတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းရှိ Multipurpose Hall ၌ ကျင်းပသည်။



အစီအစဉ်အရ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က သင်တန်းအဖွင့် အမှာစကားပြောကြားရာတွင် လူငယ်ရေးရာဦးစီးဌာန အနေဖြင့် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် မူဝါဒ(၇)ရပ်၊ ရည်မှန်းချက်(၇)ရပ်နှင့် လုပ်ငန်းစဉ်(၁၀)ရပ် ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ရာတွင် ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်ပြည့်ဝမှသာ ဌာန၏ရည်မှန်းချက်များကို ပြည့်မီအောင်ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း၊ ယခုခန့်အပ်လိုက်သည့် ဝန်ထမ်းများအနေဖြင့် ဝန်ထမ်း စည်းမျဉ်း/စည်းကမ်းများ၊ ဘဏ္ဍာရေးစည်းမျဉ်း/စည်းကမ်းများနှင့် ရုံးလုပ်ငန်းဆိုင်ရာ ဘာသာရပ်များကို ကောင်းမွန်စွာ သိရှိနားလည်ထားရန်လိုအပ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်မှ ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရန်နှင့် နိုင်ငံ့ဝန်ထမ်းသစ္စာအဓိဋ္ဌာန် (၆)ချက်ကိုလည်း တိကျစွာ လိုက်နာကျင့်သုံးရန် လိုအပ်ကြောင်း၊ လုပ်ငန်းခွင်အတွင်း ဝန်ထမ်းအချင်းချင်း အထက်အောက် အပြန်အလှန် လေးစားမှုရှိပြီး အသင်းအဖွဲ့စိတ်ဓာတ်ဖြင့် စည်းလုံးညီညွတ်မှုရှိရန် လိုအပ်ကြောင်း၊ ဝန်ထမ်း စည်းမျဉ်း/စည်းကမ်းများနှင့်အညီ နေထိုင်မှု၊ ဝတ်စားဆင်ယင်မှု၊ ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုဆက်ဆံနိုင်မှုတွေကို အထူးအလေးထားလိုက်နာဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ လူငယ်ရေးရာဦးစီးဌာန၏ ရည်မှန်းချက်များ၊ မူဝါဒများနှင့် ရှေ့လုပ်ငန်းစဉ်များကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ကြမည့် အရာထမ်း/အမှုထမ်းများအနေဖြင့် မိမိတို့၏ ကိုယ်ရည်ကိုယ်သွေးများ အစဉ်တိုးတက်နေအောင် ကြိုးစားကြရန် လိုအပ်ကြောင်း၊ ဝန်ထမ်းအချင်းချင်း နိုင်ငံ့ဝန်ထမ်းကောင်းစိတ်ဓာတ် အပြည့်အဝဖြင့် ပေးအပ်ထားသည့် တာဝန်များကို အတူတကွ ပူးပေါင်းဆောင်ရွက်ပြီး နိုင်ငံတော်က အားထားရသည့် ဝန်ထမ်းကောင်းများ ဖြစ်လာစေရန် ကြိုးစားသွားကြရန်နှင့် သင်တန်းမှ ပို့ချသော စာတွေ့/လက်တွေ့သင်ခန်းစာများကို လေးလေးနက်နက် လေ့လာမှတ်သားပြီး မိမိတို့ဌာန၏ လုပ်ငန်းတာဝန်များ အောင်မြင်စေရန် ပြန်လည်အသုံးချ ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားခဲ့သည်။

စာမျက်နှာ(၃၄)သို့ ▶





▶▶

ရန်နှင့် ပြည်သူများ စိတ်လက်ပျော်ရွှင်စွာ အပန်းဖြေ လာရောက်ကစားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ပြီးနောက် ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထက်အောက် အပြန်အလှန် လေးလေးစားစား ပြောဆိုဆက်ဆံပြီး မိသားစုစိတ်ဓာတ်ထားရှိ၍ စည်းစည်းလုံးလုံးဖြင့် ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်မှသာ လုပ်ငန်းများ အောင်မြင်စွာ အကောင်ထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး ဝန်ထမ်းများ၏ အခက်အခဲများ၊ လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

# ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ ကျင်းပ





● နေပြည်တော်၊ ဖေဖော်ဝါရီလ(၂၀)ရက်။

၂၀၂၂-၂၀၂၃ ပညာသင်နှစ်၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်ပြိုင်ပွဲများကို ယနေ့မွန်းလွဲ(၃)နာရီခွဲ အချိန်တွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၊ လေ့ကျင့်ရေးကွင်း အမှတ်(၃)၌ ကျင်းပပြုလုပ်ခဲ့ရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ အုပ်စုပွဲစဉ်တွင် မော်လမြိုင်ဇုန်အသင်းနှင့် တောင်ကြီးဇုန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ မော်လမြိုင်ဇုန်အသင်းမှ တောင်ကြီးဇုန်အသင်းကို (၃)ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်း လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ တက်ရောက်အမှာစကားပြောကြား





● ရောဝတီ၊ ဖေဖော်ဝါရီလ(၂၁)ရက်။

မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီနှင့် ရောဝတီတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီတို့ ပူးပေါင်းကျင်းပသည့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ပုသိမ်ပညာရေးဒီဂရီကောလိပ်၌ ယနေ့တွင်ကျင်းပခဲ့ရာ မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီ အတွင်းရေးမှူး၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်းက အဖွင့်အမှာစကား ပြောကြားပြီး ပညာရေးဒီဂရီကောလိပ်တွင် ပညာသင်ကြားနေသည့် အနာဂတ်အတွက် ဆရာ/ဆရာမ အလောင်းအလျာများအား နောင်တစ်ချိန်၌ လူငယ်များကို ပြုစုပျိုးထောင်ရန် တာဝန်ရှိသူများဖြစ်သည့်အတွက် ဗလငါးတန်ဖွံ့ဖြိုးဖို့၊ ဆင်ခြင်တုံတရား လက်ကိုင်ထားရန်၊ စိတ်ကောင်း စေတနာကောင်းထားရန်၊ IQ (Intelligence Quotient)ဉာဏ်ရည်ဉာဏ်စွမ်းရှိဖို့၊ EQ (Emotional Quotient) ရိုးသားမှု၊ နှိမ့်ချမှု၊ အလိုက်သိ နားလည်မှုတွေရှိဖို့၊ AQ (Adversity Quotient) အခက်အခဲတွေ့ကြုံချိန်တွင် ဖြေရှင်းနိုင်မှု၊ အနိုင်ရရှိမှုကို လက်ခံတတ်သလို အရှုံးကိုလည်းရင်ဆိုင်တတ်မှုတွေရှိဖို့လိုအပ်ကြောင်း စသည်ဖြင့် လူငယ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့်အချက်အလက်များကို ဥပမာများဖြင့် ဆွေးနွေးဟောပြောခဲ့သည်။

ဆက်လက်၍ ရောဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင် အားကစားနှင့်

▶▶

▶ စာမျက်နှာ(၃၃)သတင်း၏ ၏ ၏မှအဆက်

အဆိုပါ အခမ်းအနားသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဆန်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသည့် ဦးကျော်ဦး၊ ဦးကျော်ဆန်းဦး၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန(ဝန်ကြီးရုံး)မှ လက်ထောက်အတွင်းဝန်များ၊ ဌာနခွဲများမှ ညွှန်ကြားရေးမှူးများ၊ သင်တန်းနည်းပြ ဆရာ/ဆရာမများ၊ သင်တန်းသား/သင်တန်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းအမှတ်စဉ်(၁/၂၀၂၃)ကို ဖေဖော်ဝါရီလ(၂၀)ရက်နေ့မှ မတ်လ(၁၀)ရက်နေ့အထိ လူငယ်ရေးရာဦးစီးဌာန၊ ဌာနခွဲအသီးသီးမှ သင်တန်းသား/သင်တန်းသူ(၂၅)ဦးတို့ဖြင့် လူငယ်ရေးရာဦးစီးဌာန၊ သင်တန်းခန်းမတွင် (၃)ပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။



# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်း ရောဝတီတိုင်းဒေသကြီးရှိ တိုင်း/ခရိုင်/မြို့နယ်ရှိ ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြား





● နေပြည်တော်၊ ဖေဖော်ဝါရီ(၂၁)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်းသည် ရောဝတီတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနရုံးတွင် တိုင်းဒေသကြီး/ခရိုင်/မြို့နယ်ရှိဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားရာတွင် မိမိတို့အားလုံးသည် နိုင်ငံ့ဝန်ကို ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများသာဖြစ်ကြောင်း၊ ရုံးလုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်



အညီသာ လုပ်ကိုင်ဆောင်ရွက်ကြရန်လိုကြောင်း၊ အဖွဲ့အစည်းဖြင့် လုပ်ဆောင်ရသည့် လုပ်ငန်းဖြစ်သည့်အတွက်စည်းစည်းလုံးလုံးနှင့် မိသားစုစိတ်ဓာတ်ထားရှိပြီး တစ်ဦးနှင့်တစ်ဦး အထက်အောက် အပြန်အလှန် လေးလေးစားစား ပြောဆိုဆက်ဆံ၍ ကူညီဖေးမ ဆောင်ရွက်လုပ်ကိုင်ကြရန်လိုကြောင်း၊ စာအုပ်စာပေများဖတ်မှသာ စဉ်းစားတွေးခေါ်ဝေဖန်ပိုင်းခြားနိုင်ပြီး ဗဟုသုတများစွာ ရရှိလာမည်ဖြစ်ကြောင်း၊ ကျန်းမာရေး အထူးဂရုစိုက်ကြရန်လိုကြောင်း၊ ကျန်းမာရေးကောင်းမွန်မှသာ လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ ဝန်ထမ်းများတွင် အခက်အခဲများနှင့် အခြားလိုအပ်သည်များရှိပါက တာဝန်ရှိသူများမှတစ်ဆင့် အချိန်မရွေး တင်ပြနိုင်ကြောင်း ပြောကြားခဲ့ပြီး တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။





▶▶

ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းစံက လူငယ်နှင့် အားကစားခေါင်းစဉ်ကို ဟောပြောဆွေးနွေးရာ မိမိအသိစိတ်ကို မြှင့်တင်ကာ ကြိုးစားလိုသောစိတ်အစဉ်ဖြင့် မိမိဘဝ မြင့်မားအောင် ကြိုးစားဆောင်ရွက်ရန်နှင့် နိုင်ငံတော်၏ဂုဏ်ကို စွမ်းဆောင်နိုင်သော အားကစားသမားကောင်းများ ဖြစ်အောင် ကြိုးစားကြရေး ဆွေးနွေးဟောပြောခဲ့သည်။

ဆက်လက်၍ ရောဝတီတိုင်းဒေသကြီး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မာလာဝင်းက ပုသိမ်ပညာရေးဒီဂရီကောလိပ် ကျောင်းသား/သူများအတွက် စိတ်ခွန်အားဖြစ်စေရန် စာပေဗဟုသုတများကို များများဖတ်မှတ်လေ့လာကြရန်၊ ကျန်းမာရေးကို အထူးဂရုပြုကာ ငယ်ရွယ်စဉ်အချိန်အခါက လူငယ်ဘဝတွင်သီဆိုခဲ့ကြဖူးသော "မိမိကိုယ်ကို ကောင်းအောင်ကြိုးစားမည်၊ မိမိအတန်းကိုကောင်းအောင်ကြိုးစားမည်၊ မိမိကျောင်းကို ကောင်းအောင်ကြိုးစားမည်" ဆိုသော ဆောင်ပုဒ်အတိုင်းရှေးဦးစွာ မိမိကိုယ်ကို ကောင်းအောင်ကြိုးစားကြခြင်းဖြင့် နိုင်ငံတော်ကြီးကိုကောင်းမွန်၍ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်သွားကြရန် ဆွေးနွေးဟောပြောခဲ့သည်။

ဆက်လက်၍ အစီအစဉ်အရ မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီ အတွင်းရေးမှူး၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်းမှ ပုသိမ်ပညာရေးဒီဂရီကောလိပ်သို့ အားကစားပစ္စည်းများ ပေးအပ်ရာ ပုသိမ်ပညာရေးဒီဂရီကောလိပ် ဒုတိယကျောင်းအုပ်ကြီးမှ လက်ခံရယူပြီး ဒုတိယကျောင်းအုပ်ကြီးမှ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကာ အမှတ်တရ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကူးခဲ့ကြပါသည်။

■





# ကျန်းမာကြံ့ခိုင်ခြင်းမှ နိုင်ငံဖွံ့ဖြိုး

# အားကစားကဏ္ဍကို





နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံသားတို့ ကျန်းမာကြံ့ခိုင်မှုရှိနေဖို့ လိုအပ်သလို ထိုသို့ကျန်းမာကြံ့ခိုင်ရန်အတွက် ကိုယ်လက်လှုပ်ရှား အားကစားနည်းတစ်မျိုးမျိုးကို နေ့စဉ်ပြုလုပ်ရန်လည်း လိုအပ်လှပါသည်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုသည် ထိုနိုင်ငံ၏ အနာဂတ်တာဝန်များကို လွှဲပြောင်းတာဝန်ယူရမည့် လူငယ်၊ လူရွယ်များ၏ ကျန်းမာကြံ့ခိုင်မှု၊ အရည်အချင်းပြည့်ဝမှု၊ စိတ်ဓာတ်ရေးရာမြင့်မားမှု အခြေအနေများ အပေါ်တွင် အပြည့်အဝ မူတည်နေပါသည်။ လူထုအားကစားလုပ်ငန်းစဉ်များ၊ အားကစားပြိုင်ပွဲများမှတစ်ဆင့် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်နိုင်သကဲ့သို့ အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင်မြင်ခြင်းများမှတစ်ဆင့် နိုင်ငံ့ဂုဏ်သိက္ခာနှင့် အဆင့်အတန်းကို ထင်ဟပ်ပြသနိုင်ပါသည်။

အားကစားကို အိုလံပစ်အားကစားပြိုင်ပွဲများ (Olympic Games)များမှ စတင်ခဲ့သောကြောင့် အားကစားအစ အိုလံပစ်ကဟု ဆိုနိုင်ပါသည်။ အားကစားသမိုင်းများအရ အိုလံပစ်ပြိုင်ပွဲများတွင် ခေတ်ဟောင်း အိုလံပစ် အားကစားပြိုင်ပွဲများနှင့် ခေတ်သစ် အိုလံပစ် အားကစားပြိုင်ပွဲများဟူ၍ နှစ်မျိုးရှိပါသည်။ ခေတ်ဟောင်းအိုလံပစ်အားကစားပြိုင်ပွဲများသည် လွန်ခဲ့သော နှစ်ပေါင်း ၂၈၀၀ ကျော်(ဘီစီ၇၇၆)ခန့်က ဂရိနိုင်ငံ၊ အေသင်မြို့အနီးရှိ အိုလံပီယာတောင်ခြေ၌ကျင်းပခဲ့သော ဂရိလူမျိုးတို့၏ ဘာသာရေးဆိုင်ရာ ပွဲလမ်းသဘင်များမှ စတင်ခဲ့ပါသည်။ ထို့နောက် ရောမဘုရင်အဆက်ဆက်မှ အားကစားပြိုင်ပွဲများကို ပိတ်ပင်ခဲ့သောကြောင့် အားကစားပြိုင်ပွဲများ ကွယ်ပျောက်ခဲ့ရပြီး ၁၉၄၈ ခုနှစ်၊ ဇွန်လ ၁၆ ရက်မှ ၂၃ ရက်အထိ ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့ ဆော်ဘွန်းတက္ကသိုလ်၌ ကျင်းပခဲ့သော အပျော်တမ်းဆိုင်ရာ လေ့လာချက်ကွန်ဂရက် ဆုံးဖြတ်ချက်အရ အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီကို ၁၉၈၄ ခုနှစ်၊ ဇွန်လ ၂၃ ရက်၌ ဖွဲ့စည်းခဲ့ပါသည်။ ပထမအကြိမ် ခေတ်သစ် အိုလံပစ် အားကစားပြိုင်ပွဲကို ၁၈၉၆ ခုနှစ်၌ ဂရိနိုင်ငံ၊ အေသင်မြို့တွင် စတင်ကျင်းပခဲ့ပါသည်။ အိုလံပစ်အားကစားပြိုင်ပွဲများကို လေးနှစ်တစ်ကြိမ် ကျင်းပပါသည်။

ယနေ့ ကမ္ဘာပေါ်တွင် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတိုင်းသည် မိမိတို့နိုင်ငံ၏ အားကစားအဆင့်အတန်း တိုးတက်မြင့်မားစေရေးအတွက် ကဏ္ဍပေါင်းစုံမှ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြပါသည်။ နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်ရေးနှင့် နိုင်ငံ၏ဂုဏ်သိက္ခာကို မြှင့်တင်နိုင်ရေး ဆောင်ရွက်ရာ၌ တစ်မျိုးသားလုံး အားကစားလှုပ်ရှားမှုများကို လူထုအားကစားလှုပ်ရှားမှုအသွင်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ကြသည်။



လူထုအားကစားဆိုသည်မှာ လူထုတစ်ရပ်လုံး ပါဝင်ပြီး စုပေါင်းဆောင်ရွက်ရသော အားကစားနည်းဖြစ်ပါသည်။ လူထုအားကစားလှုပ်ရှားမှုမှ အစပြုနေသော အားကစားအောင်မြင်မှုသည် နိုင်ငံ့ဂုဏ်မြှင့်တင်ရေးနှင့် လူမျိုးတစ်မျိုး၏သိက္ခာကို တိုက်ရိုက်အထောက်အကူပြုလျက်ရှိပါသည်။

အမျိုးသား အားကစားအဆင့်အတန်း တိုးတက်မြင့်မားစေရန် အားကစားတွင် ထူးချွန်ရုံမျှမက အားကစားစိတ်ဓာတ် (Sporting Spirit) ပြည့်ဝရန်လည်း လိုအပ်ပါပေသည်။ အားကစားပြိုင်ပွဲဟူသည် အနိုင်မခံ၊ အရှုံးမပေးယှဉ်ပြိုင်ရသည်ဖြစ်သော်လည်း ပြိုင်ဘက်ကစားသမားအပေါ် လေးစားမှုအပြည့်ဖြင့် သန့်သန့်ရှင်းရှင်းယှဉ်ပြိုင်ရပါမည်။ မျှမျှတတ ယှဉ်ပြိုင်အနိုင်ယူရမည်ဖြစ်သည်။ အားကစားဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းဘောင်အတွင်းမှ လက်ရုံးရည်၊ နှလုံးရည်ခြင်း ယှဉ်ပြိုင်အနိုင်ယူရမည်ဖြစ်သည်။ ယင်းသည် အားကစားစိတ်ဓာတ်ပင်ဖြစ်သည်။ ဥပမာအနေဖြင့် ၂၀၁၆ ခုနှစ် ဘရာဇီးလ်နိုင်ငံ၊ ရီယိုဒီဂျနေးမြို့တွင် ကျင်းပသည့် အိုလံပစ်အားကစားပြိုင်ပွဲတွင် မီတာ ၅၀၀၀ အပြေးပြိုင်ပွဲတစ်ခု၌ အမေရိကန်အပြေးမယ် ဒီအေဂိုစတီနိုနှင့် နယူးဇီလန်အပြေးမယ် နစ်ကီဟာမ်ဘလင်းတို့သည် ပြေးလမ်းအတွင်း တိုက်မိ၊ လဲကျမှုများဖြစ်ပြီး တစ်ဦးကိုတစ်ဦး အပြန်အလှန်ထူမ၊ ဖေးကူကြပြီး အတူပန်းဝင်ခဲ့ကြပါသည်။ ထိုအဖြစ်

# တိုးတက်ဖို့ ...
# မြှင့်တင်စို့

**သုခ (Budget)**

အပျက်ကြောင့် ၎င်းတို့နှစ်ဦး၏ သတင်းနှင့်ဓာတ်ပုံများ ကမ္ဘာကျော်ခဲ့ပြီး ၎င်းတို့၏ အားကစားစိတ်ဓာတ်ကို လူအများမှ လေးစားဂုဏ်ယူကြပါသည်။ ထို့ပြင် ပါဝင်ယှဉ်ပြိုင်နေသော အားကစားသမားများတွင် အားကစားစိတ်ဓာတ်ရှိရန် လိုအပ်သလို ပွဲကြည့်ပရိသတ်များအနေဖြင့်လည်း သန့်ရှင်းစွာဖြင့် အားပေးကြည့်ရှုရန်လည်း လိုအပ်လှပါသည်။ ယခု ၂၀၂၂ ခုနှစ် ကာတာနိုင်ငံမှ အိမ်ရှင်အဖြစ်လက်ခံကျင်းပနေသော ကမ္ဘာ့ဖလား ဘောလုံးအားကစားပြိုင်ပွဲတွင် ဂျပန်နိုင်ငံ အမျိုးသား ဘောလုံးအသင်းဝင်ရောက်ယှဉ်ပြိုင်ရာ၌ ၎င်းတို့နိုင်ငံ ပရိသတ်များသည် ဂျပန်နိုင်ငံ အမျိုးသားဘောလုံးအသင်းကစားသောပွဲစဉ်များတွင် အိတ်အပြာရောင်များကို ယူဆောင်လာကြပါသည်။ ယူဆောင်လာသည့် အကြောင်းအရင်းမှာ ဂျပန်အမျိုးသား ဘောလုံးအသင်းသည် အကျႌအပြာရောင်၊ ဘောင်းဘီအပြာရောင် ဝတ်ဆင်သောကြောင့် အနိုင်ရရှိသည့်အခါတွင် ၎င်းတို့ပါလာသော အိတ်အပြာရောင်များကိုဖြန့်၍ ပွဲကြည့်စင်တွင် အပြာရောင်များလွှမ်းခြုံစေရန် ရည်ရွယ်ချက်ဖြင့် ယူဆောင်လာခြင်းဖြစ်ပြီး ပွဲပြီးသည့်အချိန်တွင်လည်း ၎င်းတို့အားပေးသည့်အသင်း ရှုံးသည်ဖြစ်စေ၊ နိုင်သည်ဖြစ်စေ ပွဲကြည့်စင်တွင်ကျန်ရှိခဲ့သော အမှိုက်များကို အဆိုပါအိတ်များတွင်ထည့်၍ သိမ်းဆည်းသွားကြပါသည်။ ထိုသို့ လုပ်ဆောင်သည်များအား နိုင်ငံတကာ သတင်းထောက်များမှ သတိထားမိသွားကြပြီး သတင်းမီဒီယာများတွင် ချီးကျူးရေးသားဖော်ပြခဲ့ကြကာ အများသူငှာလေးစားအားကျ အတုယူစရာဖြစ်ခဲ့ပြီး ၎င်းတို့နိုင်ငံအတွက် ဂုဏ်ယူစရာဖြစ်ခဲ့ပါသည်။









မြန်မာ့အားကစားသည် ၁၉၅၀ ပြည့်လွန်နှစ်များအတွင်း အရှေ့တောင်အာရှနှင့် အာရှအဆင့်များတွင် အောင်မြင်မှုများရရှိခဲ့ပြီး အိုလံပစ်အဆင့်အထိ ထိုးဖောက်နိုင်ခဲ့ပါသည်။ အိမ်ရှင်နိုင်ငံအဖြစ်လက်ခံကျင်းပခဲ့သော အရှေ့တောင်အာရှကျွန်းဆွယ်အားကစားပြိုင်ပွဲ (၂)ကြိမ်စလုံးတွင် နိုင်ငံအလိုက်ပထမနေရာရရှိခဲ့ခြင်း၊ မြန်မာဘောလုံးအသင်းသည် အာရှချန်ပီယံ(၂)ကြိမ်၊ အရှေ့တောင်အာရှချန်ပီယံ(၅)ကြိမ်၊ မာဒေးကားဖလား ချန်ပီယံ(၄)ကြိမ်၊ ဂျကာတာဖလားချန်ပီယံ (၄)ကြိမ်၊ ပတ်ချ်ဟီးဖလားချန်ပီယံ (၃)ကြိမ်၊ မာဟာရာလင်ဖလား ချန်ပီယံ(၃)ကြိမ်၊ အာရှလူငယ်ချန်ပီယံ(၈)အထိ ရရှိခဲ့ပြီး ၁၉၆၇ ခုနှစ်၊ မြူးနစ်အိုလံပစ်ပြိုင်ပွဲတွင် မြန်မာ့ဘောလုံးအသင်းအနေဖြင့် အသန့်ရှင်းဆုံးဆုကိုလည်းရရှိခဲ့ပါသည်။ ထို့အပြင် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် သေနတ်ပစ်အားကစားနည်းမှ ရွှေတံဆိပ်(၉)ခုဆွတ်ခူးရရှိခဲ့သော ဗိုလ်မှူးကျော်ရှိန်၊ အလေးမအားကစားနည်းမှ ရွှေတံဆိပ်(၁၃)ခု ရရှိ-ခဲ့သော ဦးစန်းမြင့်၊ ၁၉၇၂ မြူးနစ်အိုလံပစ်ပြိုင်ပွဲတွင် အမြန်မ(၁၅၀)ကမ္ဘာ့စံချိန် ပထမဆုံးတင်နိုင်ခဲ့သည့် အလေးမအားကစားသမားကြီး ဦးအောင်ဖေ၊ ၁၉၅၄ ခုနှစ် ဩစတေးလျနိုင်ငံ ဗီယင်နာမြို့၌ကျင်းပခဲ့သည့် ကမ္ဘာ့အလေးမပြိုင်ပွဲ ဖဲသာဝိတ်တန်းတွင် စုစုပေါင်း (၇၂၇)ပေါင် “မ”နိုင်သည့် စံချိန်ဖြင့် တတိယရရှိခဲ့သော ဦးထွန်းမောင်၊ ရေကူးအားကစားနည်းမှ ရွှေတံဆိပ်(၈)ခု ရရှိခဲ့သော မြန်မာ့လက်ရွေးစင် ရေကူးချန်ပီယံ တင်မောင်နီ၊ ပြေးခုန်ပစ် အားကစားနည်းမှ ရွှေတံဆိပ်(၁၆)ခု ရရှိခဲ့သော နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကြီးများဖြစ်သည့် ဒေါ်ဂျနီဖာတင်လေး၊ ရွှေတံဆိပ်(၁၂)ဆုရှင် ဒေါ်သန်းသန်း၊ ရွှေတံဆိပ်(၁၂)ဆုရှင် ဒေါ်ခင်ခင်ထွေး၊ ရွှေတံဆိပ် (၁၂)ဆုရှင် ဒေါ်ယဉ်မေ၊ ရွှေတံဆိပ် (၉)ဆုရှင် ဒေါ်မာမာမင်း၊ ရွှေတံဆိပ်(၄)ဆုရှင် ဦးအောင်သန်း၊ တိုင်းရင်းသားမာရသွန်အားကစားသမားကြီးများဖြစ်ကြသည့် ရွှေတံဆိပ်(၅)ဆုရှင် မီတုန်းနော်၊ ရှင်ဗွေဂန်း၊ သံလုံးပစ်လက်ရွေးစင် ဦးသိန်းဝင်းနှင့်ဒေါ်ပေါ်ရွှေ စသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကြီးများ ပေါ်ထွန်းခဲ့ပါသည်။

မြန်မာ့အားကစား ရွှေရောင်လွှမ်းခဲ့သော ခေတ်ကာလများတွင် အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်/ကောလိပ်များတွင် အားကစားလှုပ်ရှားဆောင်ရွက်မှုများဖြင့် စည်ကားသိုက်မြိုက်နေသည့် အချိန်ကာလဖြစ်ပြီး၊ မြန်မာပြည်တစ်ဝှမ်း မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအနှံ့ တစ်နိုင်ငံလုံး အားကစားပြိုင်ပွဲများ၊ အားကစားလှုပ်ရှားမှုများ ဆောင်ရွက်နေသည့် အချိန်ကာလများဖြစ်ခဲ့ပါသည်။ စုပေါင်းလမ်းလျှောက်ခြင်းမှ အစပြုပြီး ခြင်းလုံး၊ ဘော်လီဘော၊ ဘောလုံး၊ ပြေးခုန်ပစ်၊ ထုပ်စီးထိုး၊ ခေါင်းအုံးရိုက်၊ ချောတိုင်တက် စသည့် လူထုအားကစားလုပ်ရှားမှုများကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြပါသည်။ ထိုအချိန်က မြန်မာပြည်သူလူထု၏ ကျန်းမာရေးအသိစိတ်ဓာတ် မြင့်မားမှုနှင့် အားကစားစိတ်ဓာတ်ပြည့်ဝမှုများကြောင့်ဟုလည်း ဆိုနိုင်ပါသည်။

စာမျက်နှာ(၃၈)သို့

စာမျက်နှာ(၃၇)သတင်း•••မှအဆက်

မြန်မာနိုင်ငံသည် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးကို (၄၄)နှစ် အကြာတွင် တတိယအကြိမ် အိမ်ရှင်နိုင်ငံအဖြစ် ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့မှစတင်၍ "အာဆီယံနိုင်ငံများအကြား အားကစားဖြင့် ချစ်ကြည်ရေးကို တိုးမြှင့်ခိုင်မာစေရန်" ဆိုသည့် ရည်ရွယ်ချက်ဖြင့် "စိမ်းလန်းသန့်ရှင်း ချစ်ကြည်ခြင်း (Green, Clean,& Friendship)" ဟူသော ဆောင်ပုဒ်ကို ချမှတ်၍ ပြိုင်ပွဲကြီးကို လက်ခံကျင်းပခဲ့ပါသည်။ ထိုပြိုင်ပွဲအားလက်ခံကျင်းပခဲ့သည့်အတွက် မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာမြင့်မားမှုကို ဖော်ထုတ်ပြသနိုင်ခဲ့ပြီး၊ မြန်မာလူမျိုးတို့၏ ယဉ်ကျေးပျူငှာမှု၊ ရင်းနှီးဖော်ရွေမှုနှင့် ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာများကို အရှေ့တောင်အာရှ နိုင်ငံများမှတစ်ဆင့် ကမ္ဘာ့နိုင်ငံများဆီသို့ မွှေးပျံ့ကူးစက်သိမြင်စေခဲ့ပါသည်။ ထို့ပြင် အိမ်ရှင်နှင့် လိုက်လျောညီထွေစွာ ရွှေတံဆိပ်ဆွတ်ခူးနိုင်မှု ဒုတိယအများဆုံးဆွတ်ခူးနိုင်ခဲ့ပြီး နိုင်ငံအလိုက် ဒုတိယနေရာဖြင့် အောင်မြင်မှုရရှိပြီး နိုင်ငံ၏ဂုဏ်၊ လူမျိုး၏သိက္ခာကို ပြသနိုင်ခဲ့ပါသည်။ ထိုသို့ အောင်မြင်မှုရရှိခြင်းသည် ပြိုင်ပွဲကျင်းပရေးကော်မတီနှင့် အားကစားအဖွဲ့ချုပ်အသီးသီး၏ ကြိုတင်ပြင်ဆင်လေ့ကျင့်မှု ကောင်းမွန်ခြင်း၊ စီမံခန့်ခွဲမှုကောင်းမွန်ခြင်း၊ လက်ရွေးစင်အားကစားသမားများ ထူးချွန်ထက်မြက်ခြင်း၊ အားသွန်ခွန်စိုက် မဆုတ်မနစ် ကြိုးပမ်းခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များမှ ဝိုင်းဝန်းထောက်ပံ့ အကူအညီပေးခြင်း၊ သတင်းမီဒီယာနှင့် ပြည်သူတစ်ရပ်လုံးမှ တစ်ခဲနက် ပါဝင်ကူညီ ဆောင်ရွက်ခြင်းတို့ကြောင့် ကြီးကျယ်ခမ်းနားစွာ ကျင်းပနိုင်ခဲ့ပြီး ထိုက်တန်သော အောင်မြင်မှုများ ရရှိခဲ့ပါသည်။ နိုင်ငံတကာ အားကစားပြိုင်ပွဲများကို အိမ်ရှင်အဖြစ် ကျင်းပနိုင်ခြင်းသည် ပြည်တွင်းစီးပွားရေးလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေး၊ တည်းခိုနေထိုင်ရေးဆိုင်ရာ ဝန်ဆောင်မှုကဏ္ဍများကိုလည်း အကျိုးများစွာ ရှိစေပါသည်။ အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းသည် နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ ခရီးသွားလုပ်ငန်း စသည်များအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အထောက်အကူပြုလျက်ရှိပါသည်။ အားကစားကို အခြေခံ၍ စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် အခွင့်အလမ်းများ ပေါ်ထွက်လာစေပြီး အားကစားနှင့် သက်ဆိုင်သည့် အားကစားပစ္စည်းကိရိယာများနှင့် အားကစားဝတ်စုံများ ထုတ်လုပ်ခြင်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ ဆက်သွယ်ရေးလုပ်ငန်းများကိုလည်း များစွာ အထောက်အကူပြုပါသည်။ ထို့ကြောင့် မိမိတို့နိုင်ငံ၏ အားကစားအဆင့်အတန်း မြင့်မားတိုးတက်ရေးအတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပါသည်။



ယခုအခါ အာဆီယံပြိုင်ဘက်နိုင်ငံများသည် အားကစားကဏ္ဍကို ဖွံ့ဖြိုးတိုးတက်လာစေရန် အတွက် အားကစားနည်းစနစ်များ၊ ခေတ်မီအထောက်အကူပြု ပစ္စည်းကိရိယာများကို အသုံးပြုလာကြသည့်အပြင် အိမ်နီးချင်းနိုင်ငံများ၊ အားကစားအင်အားကြီးနိုင်ငံများဖြစ်သော ဥရောပနိုင်ငံများမှ ဘောလုံးအသင်းများနှင့် လေ့ကျင့်ခြင်း၊ ၎င်းနိုင်ငံများမှ ဘောလုံးအကယ်ဒမီများထံ စေလွှတ်လေ့ကျင့်စေခြင်းများဖြင့် အားကစားစွမ်းရည်ကို မြှင့်တင်၍ ယှဉ်ပြိုင်လာကြပြီဖြစ်ရာ မိမိတို့ မြန်မာနိုင်ငံအနေဖြင့်လည်း ယခင်က အောင်မြင်မှုများ အပေါ်တွင် ကျေနပ်အားရမနေသင့်ဘဲ ဆက်လက်ပြီး အောင်မြင်မှုများကို အာဆီယံဒေသတွင်းပြိုင်ပွဲများမှ အာရှအဆင့်၊ အာရှအဆင့်မှကမ္ဘာ့အဆင့်သို့ တစ်ဆင့်ပြီးတစ်ဆင့် တက်လှမ်းသွားနိုင်ရန် ကြိုးပမ်းကြရမည်ဖြစ်ပါသည်။ ထို့ကြောင့် အားကစားဆောင်ပုဒ်ကိုပင် ယခင် "မြန်မာ့အားကစား ကမ္ဘာကို လွှမ်းရမည်" ဟူသော ဆောင်ပုဒ်အစား "မြန်မာ့အားကစားမှ ကမ္ဘာ့အားကစားဆီသို့" ဟုပင် ပြောင်းလဲခဲ့ပါသည်။



တစ်ချိန်က မြန်မာ့အားကစား ရွှေခေတ်သို့ ရောက်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် နိုင်ငံ့ဂုဏ်ဆောင် ဆုတံဆိပ်၊ ဆုဖလားများ ရယူပေးခဲ့သည့် အားကစားသမားများ၏ မှတ်တမ်းဓာတ်ပုံများ၊ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးအား လက်ခံကျင်းပပြုလုပ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများကို အများပြည်သူများ လေ့လာကြည့်ရှုရန်၊ အားကျအတုယူနိုင်စေရန်၊ မျိုးဆက်သစ်လူငယ် အားကစားသမားများအနေဖြင့် အားကစားသမားကြီးများ၏ အောင်မြင်မှုမှတ်တမ်းများကို တွေ့မြင်ပြီး အားကျအတုယူကာ စိတ်ဓာတ်ခွန်အားမြင့်တက်လာစေရန် ရည်ရွယ်၍ မြန်မာ့အားကစားလှုပ်ရှားမှုများပြခန်းအား ၂၀၁၂ ခုနှစ် နှစ်ဆန်းပိုင်းတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း Social Zone နေပြည်တော်၌ ဖွင့်လှစ်ခဲ့ပါသည်။

အားကစားကိုမိမိ၏ အသက်မွေးဝမ်းကျောင်းအဖြစ် ကစားကြသည့်ရှိသလို မိမိ၏ ကိုယ်၊ စိတ်၊ နှလုံးကျန်းမာရေးအတွက်လည်း ပြုလုပ်ရမည်ဖြစ်ပါသည်။ နိုင်ငံသားတိုင်း သက်ရှည်ကျန်းမာစွာဖြင့် နိုင်ငံ့တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရေးအတွက် ကိုယ်လက်လှုပ်ရှား အားကစားနည်းတစ်ခုခုကို နေ့စဉ်ပုံမှန်ပြုလုပ်ရန် လိုအပ်ပါသည်။ "အာရောဂျံပရမံလာဘံ" ဟူသော စကားအတိုင်း ကျန်းမာခြင်းသည် ကြီးမြတ်သော လာဘ်ကြီးတစ်ပါး ဖြစ်ပါသည်။ ကိုယ်ကျန်းမာမှ စိတ်ချမ်းသာမည်။ စိတ်ပျိုမှ ကိုယ်နုမည် ဖြစ်ပါသည်။ ယနေ့ကမ္ဘာကြီးတွင် စက်မှုကိရိယာ အစားထိုးဝင်ရောက်လာမှု၊ IT နည်းပညာများ ပိုမိုတိုးတက်လာမှုတို့ကြောင့် လူသားတို့သည် ကိုယ်လက်လှုပ်ရှားမှု နည်းပါးကာ ရောဂါမျိုးစုံဖြစ်ပွားပြီး နှစ်စဉ် လူ(၂)သန်းခန့်သေဆုံးနေရသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး(W.H.O) မှ ဖော်ပြထားပါသည်။ စီးပွားရေးဖွံ့ဖြိုးလာသည်နှင့်အမျှ လူတို့လုပ်အားနေရာတွင် စက်ကိရိယာအမျိုးမျိုးကို အသုံးချနေကြပါသဖြင့် ကိုယ်လက်လှုပ်ရှားမှု



များနည်းပါးပြီး ခန္ဓာကိုယ်တွင် အဆီများ များပြားလာကာ အဝလွန်မှုများ ဖြစ်ပေါ်လာပါသည်။ အဝလွန်မှုသည် နှလုံးရောဂါအမျိုးမျိုး၊ သွေးတိုး၊ ဆီးချို၊ သွေးချို၊ သည်းခြေအိတ်တွင် ကျောက်တည်ခြင်း စသည်တို့အပြင် အခြားနောက်ဆက်တွဲ ရောဂါများကို ဖြစ်စေပါသည်။ ထိုရောဂါဝေဒနာများ သက်သာပျောက်ကင်းရန် နည်းလမ်းမှာ နေထိုင်မှုပုံစံ အစားအသောက်နှင့် ကိုယ်လက်လှုပ်ရှားမှုများကို နေ့စဉ်လုပ်ဆောင်ရန်ဖြစ်ပါသည်။ ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက် ပို၍ထိရောက်သည်ကို လက်ခံထားကြပါသည်။ အားကစားလှုပ်ရှားမှုများထဲတွင် လမ်းလျှောက်ခြင်းသည် လူကြီး၊ လူငယ်၊ လူရွယ်၊ လူလတ်၊ ကျား၊ မ မရွေးလုပ်ဆောင်နိုင်ပြီး အားကစားကွင်း၊ အားကစားခန်းမ၊ အားကစားအထောက်အကူပစ္စည်းများ မလိုအပ်ပဲ လွယ်လင့်တကူ လုပ်ဆောင်နိုင်ပါသည်။ လမ်းလျှောက်ခြင်းသည် သွေးတိုးကိုကျစေခြင်း၊ နှလုံးနှင့်ပတ်သက်သော ရောဂါများကို ကာကွယ်ပေးနိုင်ခြင်း စိတ်ကြည်လင် လန်းဆန်းစေခြင်း၊ အရိုးအဆစ်များ ကြံ့ခိုင်စေခြင်း၊ ခန္ဓာကိုယ်အလေးချိန်ကို ထိန်းသိမ်းနိုင်ခြင်း၊ သွေးအတွင်းမှ အဆီကျစေခြင်း၊ သကြားဓာတ်ကျစေခြင်း စသည့် အကျိုးကျေးဇူးများစွာ ရရှိစေပါသည်။

မြန်မာ့အားကစား ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်သူများ သက်ရှည်ကျန်းမာစွာ နေထိုင်နိုင်ကြစေရန် မြန်မာပြည်အနှံ့အပြားတွင် လူထုအားကစားလှုပ်ရှားမှုများ ပြည်လည်အသက်ဝင်လာအောင် ရပ်ကွက်/ကျေးရွာအဆင့်မှသည် နိုင်ငံတော်အဆင့်အထိ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်၊ ကောလိပ်များတွင် အားကစားပြိုင်ပွဲများကို ပုံမှန်ကျင်းပပေးရန် လိုအပ်ပါသည်။ အထိမ်းအမှတ်နေ့များတွင်လည်း ရပ်ကွက်/ကျေးရွာမကျန် နိုင်ငံအနှံ့၌ လိုက်လျောညီထွေသည့် အားကစားလှုပ်ရှားမှုများ ကျင်းပသင့်ပါသည်။ ကျောင်းစာသင်ချိန်များတွင်လည်း မိမိကြိုက်နှစ်သက်ရာ အားကစားလှုပ်ရှားမှုများ ပြုလုပ်နိုင်ရန် ကာယချိန် (သို့မဟုတ်) ဖွံ့ဖြိုးရေးချိန်တစ်ချိန် သတ်မှတ်သင့်ပါသည်။ ထို့ပြင် အားကစားကွင်းများ၊ အားကစားအဆောက်အအုံများ၊ အားကစားအထောက်အကူပြုပစ္စည်းများ၊ အချိန်မရွေး လာရောက်လေ့ကျင့်မှုများပြုလုပ်နိုင်ရန် အများပြည်သူသုံး အားကစားကွင်းများဖွင့်လှစ်ထားရှိရန်၊ အားကစားကို ပြည်သူများ စိတ်ပါဝင်စားမှုများ ရှိလာစေရန် ပြည်နယ်/တိုင်းဒေသကြီးများအလိုက် အားကစားဆပ်ကော်မတီများ ဖွဲ့စည်း၍ စေတနာရှင်များနှင့်ပူးပေါင်းကာ ဖိတ်ခေါ်ဖလားပွဲများ ကျင်းပရန် လိုအပ်ပါသည်။ ထူးချွန်ထက်မြက်သော မျိုးဆက်သစ် အားကစားသမားများ ထွက်ပေါ်လာစေရန်အတွက် အရည်အချင်းပြည့်ဝသော နည်းပြများ၊ ဒိုင်လူကြီးများ၊ ခေတ်မီအားကစားပစ္စည်းများ ထောက်ပံ့ခြင်း၊ အားကစားစိတ်ဓာတ်ရှိ၍ စည်းကမ်းကောင်းသော အားကစားသမားကောင်းတစ်ယောက်ဖြစ်ရန် စနစ်တကျပျိုးထောင်ပေးခြင်း စသည်များ ဆောင်ရွက်သင့်ပါသည်။ အားကစားလှုပ်ရှားမှုများ ဆောင်ရွက်မှသာလျှင် ကိုယ်ကာယကြံ့ခိုင်ပြီး အတွေးအခေါ် ဉာဏ်ပညာရှင်သန်ထက်မြက်လာပေမည်။ လူငယ်များသည် နိုင်ငံတော်အတွက် အရေးပါသော အင်အားစုဖြစ်ပြီး အဆိုပါအင်အားစုဖြင့် နိုင်ငံ၏ကောင်းကျိုးကို တည်ထောင်နိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အားကစားလှုပ်ရှားမှုများကို စိတ်ဝင်စားမှုများရှိလာစေရန် အားကစားအသိပညာပေး ဟောပြောပွဲများကျင်းပခြင်း၊ သတင်းစာ၊ ဂျာနယ်များတွင် အားကစားသတင်းများ ဖော်ပြပေးခြင်း၊ ရုပ်မြင်သံကြားများမှ အားကစားပွဲများ ထုတ်လွှင့်ပြသပေးခြင်းတို့ ပြုလုပ်ပေးရန်လည်း လိုအပ်လှပါသည်။

အချုပ်အားဖြင့်ဆိုရသော် အားကစားအဆင့်အတန်း တိုးတက်မြင့်မားစေရေး ဆောင်ရွက်ရာတွင် လူသားအရင်းအမြစ်၊ နည်းပညာ၊ ငွေကြေး စသည်တို့နှင့် ပေါင်းစပ်ကာ ရေတို၊ ရေရှည်စီမံချက်များ ချမှတ်ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။ ထို့ပြင် အားကစားကဏ္ဍကို မြှင့်တင်ရန် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များသည် များပြားလှသည့်အတွက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနတစ်ခုတည်းဖြင့် အောင်မြင်အောင်ဆောင်ရွက်ရန် လွယ်ကူမည်မဟုတ်ပေ။ နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှုနှင့်အတူ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များ၊ စီးပွားရေး လုပ်ငန်းရှင်များနှင့် ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှသာ အားကစားကဏ္ဍကို မြှင့်တင်အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း။ ။

◆ ◆ ◆



# ၂၀၂၂-၂၀၂၃ ပညာသင်နှစ်၊ ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲများနှင့် ဆုပေးပွဲအခမ်းအနားကျင်းပ





● နေပြည်တော်၊ ဖေဖော်ဝါရီလ(၂၁)ရက်။



၂၀၂၂-၂၀၂၃ ပညာသင်နှစ်၊ ပညာရေး ဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲများအား ယနေ့ နံနက်(၇)နာရီအချိန်တွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ ကျင်းပပြုလုပ်လျက်ရှိရာ ပြေးခုန်ပစ် အားကစားပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲ အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေး မှူးချုပ်နှင့် တာဝန်ရှိသူများနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ လာရောက်ကြည့်ရှု အားပေးခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့် ခြင်းအခမ်းအနားကို ဆက်လက် ကျင်းပရာ အမျိုးသား မီတာ(၁၅၀၀) ပြိုင်ပွဲတွင် ပထမဆု မောင်ခန့်ဇင် ကိုကို(သယ်္ချာန်းကျွန်း)၊ ဒုတိယဆု မောင်ခွန်ရန်နိုင်ထွန်း (တောင်ကြီး)၊ တတိယဆု မောင်စိုင်းသီဟစိုး (ဘားအံ)နှင့် အမျိုးသမီး မီတာ (၁၅၀၀)ပြိုင်ပွဲတွင် ပထမဆု မနန်းစု ထွေး(စစ်ကိုင်း)၊ ဒုတိယဆု မခိုင် စံပယ်ဦး(တောင်ကြီး)၊ တတိယဆု မအေးမြင့်ဦး(ဟားခါး) တို့အား ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်မှ ဆုဆွဲပြားနှင့် ငွေသားဆုများအား လည်းကောင်း၊ အမျိုးသား မီတာ(၂၀၀)ပြိုင်ပွဲတွင် ပထမဆု မောင်စောတူးတူးဘီ (ဘားအံ)၊ ဒုတိယဆု မောင်ကျော် မြတ်သူ (တောင်ကြီး)၊ တတိယဆု မောင်သန့်ဇင်ထွန်း (မိတ္ထီလာ)နှင့် အမျိုးသမီး မီတာ(၂၀၀)ပြိုင်ပွဲတွင် ပထမဆု မဆုပြည့်ဦး(ထားဝယ်)၊ ဒုတိယဆု မဆုနံ့သာအောင်(ဘားအံ)၊ တတိယဆု မဆုပိုပိုကျော်(ပုသိမ်) တို့အား အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် မှ တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသား ဆုများအားလည်းကောင်း ပေးအပ် ချီးမြှင့်ခဲ့သည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B) ၌ ဆက်လက်ကျင်းပပြုလုပ်လျက်ရှိ သည့် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ ပိုက်ကျော်ခြင်း(အမျိုးသား) ပြိုင်ပွဲ တတိယလုပွဲနှင့် ဗိုလ်လုပွဲ ယှဉ်ပြိုင် ကစားနေမှုများအား သွားရောက် ကြည့်ရှု အားပေးခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့် ခြင်းအခမ်းအနားကို ဆက်လက် ကျင်းပပြုလုပ်ခဲ့ရာ နှစ်သိမ့်ဆုရရှိ သည့် မန္တလေး(EDC)အသင်းကို အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော် ဦးမှ ငွေသားဆုအား လည်းကောင်း၊

⯈⯈






















တတိယဆု ရရှိသည့် မုံရွာ(EDC) အသင်းကို ပညာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နှင်းကြည်မှ တစ်ဦးချင်း ဆုဆွဲပြားနှင့် ငွေသားဆု အားလည်းကောင်း၊ ဒုတိယဆု ရရှိသည့် တောင်ငူ(EDC)အသင်းကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်မှ တစ်ဦးချင်းဆုဆွဲပြားနှင့် ငွေသားဆု အားလည်းကောင်း၊ ပထမဆုရရှိသည့် ရန်ကင်း(EDC)အသင်းကို ပညာရေး



ဝန်ကြီးဌာနဒုတိယဝန်ကြီး ဒေါက်တာ ဇော်မြင့်မှ တစ်ဦးချင်း ဆုတံဆိပ်၊ ငွေသားဆုနှင့် တံခွန်စိုက် ဒိုင်းဆုအား လည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် မွန်းလွဲ(၃)နာရီ အချိန်တွင် ဝဏ္ဏသိဒ္ဓိ ဘောလုံး အားကစားကွင်း၌ ဆက်လက်ကျင်းပ ပြုလုပ်လျက်ရှိသည့် ဘောလုံး(အမျိုးသား)ပြိုင်ပွဲ တတိယလုပွဲ ပွဲစဉ်တွင် မကွေး ပညာရေးဒီဂရီကောလိပ် အသင်းက ပုသိမ်ပညာရေးဒီဂရီ ကောလိပ်အသင်းကို (၁)ဂိုး ဂိုးမရှိဖြင့် ယှဉ်ပြိုင်ကစားခဲ့မှုများအား ကြည့်ရှု အားပေးခဲ့ကြသည်။







# ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲနှင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ အားကစားနည်းအလိုက် ပြိုင်ပွဲများ ဆက်လက်ကျင်းပ

● နေပြည်တော်၊ ဖေဖော်ဝါရီလ(၂၂)ရက်။

၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်၊ဒီဂရီကောလိပ်၊ကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲနှင့် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲများကို သက်ဆိုင်ရာအားကစားနည်းများအလိုက် သတ်မှတ်ထားသော အားကစားကွင်းရုံများတွင် ဆက်လက်ယှဉ်ပြိုင်ကြသည်။ ယနေ့နံနက်ပိုင်းတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်တို့သည် ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများနှင့်အတူ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ပြုလုပ်သည့် ပြေးခုန်ပစ် အားကစားပြိုင်ပွဲကို ကြည့်ရှုအားပေးသည်။ ပြေးခုန်ပစ် အားကစားပြိုင်ပွဲတွင် အမျိုးသား မီတာ ၄၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသမီး မီတာ ၄၀၀အပြေးပြိုင်ပွဲ၊ အမျိုးသား အလျားခုန်ပြိုင်ပွဲ၊ အမျိုးသမီးအလျားခုန်ပြိုင်ပွဲ၊ အမျိုးသား လုံတံပစ်ပြိုင်ပွဲနှင့် အမျိုးသမီး လုံတံပစ်ပြိုင်ပွဲများကို ကျင်းပရာ အမျိုးသား မီတာ ၄၀၀ အပြေးပြိုင်ပွဲတွင် မောင်လင်းခိုင်(ရန်ကင်း-EDC) က ပထမ၊ စောဘစိန်(ဘားအံ-EDC) က ဒုတိယ၊ မောင်အာကာလွင်(ထားဝယ်-EDC)က တတိယ ရရှိကြပြီး အမျိုးသမီး မီတာ ၄၀၀ အပြေးပြိုင်ပွဲတွင် မမိုးဝသန်ထက်(ရန်ကင်း-EDC)က ပထမ၊ မတိုးတိုးဝေ(မကွေး-EDC)က ဒုတိယ၊ မအေးမြတ်သန္တာဖြိုး (ဘိုကလေး-EDC)က တတိယရရှိကြသည်။ အမျိုးသား အလျားခုန်ပြိုင်ပွဲတွင် မောင်ဟိန်းထက်အောင် (ပခုက္ကူ-EDC) က ပထမ၊မောင်ရဲထက်အောင် (မြောင်းမြ-EDC)က ဒုတိယ၊ မောင်ထွန်းနိုင်ဖုန်းမို(ရန်ကင်း-EDC) က တတိယရရှိကြပြီး အမျိုးသမီး အလျားခုန်ပြိုင်ပွဲတွင် မဖူးငုံ(ထားဝယ်-EDC)က ပထမ၊ မသရဇီကျော်(မန္တလေး-EDC)က ဒုတိယ၊ မဇင်ဇင်နိုင်(မုံရွာ-EDC) က တတိယရရှိကြသည်။ အမျိုးသား လုံတံပစ်ပြိုင်ပွဲတွင် မောင်စိုးမိုးအောင် (သဃ်န်းကျွန်း-EDC)က ပထမ၊ မောင်ဝင်းဇော်(ဟားခါး-EDC)က ဒုတိယ၊ မောင်ကျော်စွာဦး (ဘားအံ-EDC)က တတိယရရှိကြပြီး အမျိုးသမီး လုံတံပစ်ပြိုင်ပွဲတွင် မသန်းသန်းဌေး (မုံရွာ-EDC)က ပထမ၊ မဇင်မြတ်မြတ်နိုး (မော်လမြိုင်-EDC)က ဒုတိယ၊ မိအေးမြတ်မွန် (ဘားအံ-EDC)က တတိယရရှိကြသည်။ ပြိုင်ပွဲများအပြီးတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်း၊ ဆရာအတတ်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်အေးဖြူဇင်တို့က ဆုရရှိသည့် အားကစားမောင်မယ်များကို ဆုများချီးမြှင့်ပေးအပ်သည်။ ယင်းနောက် ဒုတိယဝန်ကြီးများသည် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း(B)ရုံတွင် ကျင်းပသည့် အမျိုးသမီးဘော်လီဘော ဗိုလ်လုပွဲနှင့်အမျိုးသားဘော်လီဘော ဗိုလ်လုပွဲ ပွဲစဉ်များကို ကြည့်ရှုအားပေးသည်။



အဆိုပါ အမျိုးသမီးဘော်လီဘော ဗိုလ်လုပွဲစဉ်တွင် လားရှိုးပညာရေး ဒီဂရီကောလိပ်အသင်းက တောင်ကြီးပညာရေး ဒီဂရီကောလိပ်အသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရဗိုလ်စွဲကာ ပထမရရှိပြီး အမျိုးသားဘော်လီဘော ဗိုလ်လုပွဲစဉ်တွင် တောင်ကြီးပညာရေး ဒီဂရီကောလိပ်က မိတ္ထီလာပညာရေး ဒီဂရီကောလိပ်အသင်းကို သုံးပွဲတစ်ပွဲဖြင့် အနိုင်ရဗိုလ်စွဲ၍ ပထမဆုရရှိသည်။ ပြိုင်ပွဲအပြီးတွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်တို့က ဆုရရှိကြသည့်အသင်းများကို ဆုများချီးမြှင့်ပေးအပ်သည်။ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ ကျင်းပပြီး တောင်ကြီးဇုန်အသင်းနှင့် မန္တလေးဇုန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တောင်ကြီးဇုန် ဘောလုံးအသင်းက မန္တလေးဇုန်ဘောလုံးအသင်းကို ငါးဂိုးဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ညနေပိုင်းတွင် မကွေးဇုန် ဘောလုံးအသင်းနှင့် မော်လမြိုင်ဇုန် ဘောလုံးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြရာတစ်ဖက်နှင့်တစ်ဖက် အနိုင်ဂိုးသွင်းနိုင်ခြင်းမရှိဘဲ သရေပွဲဖြစ်သွားကြောင်း သိရှိရသည်။

# ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကျင်းပ





● နေပြည်တော်၊ ဖေဖော်ဝါရီလ(၂၃)ရက်။

၂၀၂၂-၂၀၂၃ ပညာသင်နှစ်၊ တက္ကသိုလ်၊ဒီဂရီကောလိပ်၊ကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ အုပ်စုနောက်ဆုံးပြိုင်ပွဲ ပွဲစဉ်များကို ယနေ့မွန်းလွဲ (၃)နာရီခွဲအချိန်တွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ လေ့ကျင့်ရေး ကွင်းအမှတ်(၁)နှင့်(၃)တို့၌ ကျင်းပပြုလုပ်ခဲ့ရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ ပညာရေးဝန်ကြီး

>>

# ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကျင်းပ





● နေပြည်တော်၊ ဖေဖော်ဝါရီလ(၂၄)ရက်။

၂၀၂၂-၂၀၂၃ ပညာသင်နှစ်၊ တက္ကသိုလ်၊ဒီဂရီကောလိပ်၊ကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ အုပ်စုနောက်ဆုံးပြိုင်ပွဲ ပွဲစဉ်များကို ယနေ့ မွန်းလွဲ(၃)နာရီခွဲအချိန်တွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၊ လေ့ကျင့်ရေးကွင်းအမှတ်(၁)နှင့် (၃)တို့၌ ကျင်းပပြုလုပ်ခဲ့ရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ လာရောက်ကြည့်ရှု အားပေးခဲ့ကြသည်။

အဆိုပါ အုပ်စုနောက်ဆုံးပြိုင်ပွဲ ပွဲစဉ်များအဖြစ် လေ့ကျင့်ရေးကွင်းအမှတ်(၁)၌ မန္တလေးဖုန်အသင်းနှင့် မော်လမြိုင်ဖုန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ မော်လမြိုင်ဖုန်အသင်းက မန္တလေးဖုန်အသင်းကို (၂)ဂိုး ဂိုးမရှိဖြင့် လည်းကောင်း၊ လေ့ကျင့်ရေးကွင်းအမှတ်(၃)၌တောင်ကြီးဖုန်အသင်းနှင့် မကွေးဖုန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ တစ်ဖက်(၁)ဂိုးစီ သရေရလဒ်ဖြင့် လည်းကောင်း အသီးသီး ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရှိရသည်။

# ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များကျင်းပ





● နေပြည်တော်၊ ဖေဖော်ဝါရီလ(၂၆)ရက်။

၂၀၂၂-၂၀၂၃ ပညာသင်နှစ်၊ တက္ကသိုလ်၊ဒီဂရီကောလိပ်၊ကောလိပ်ပေါင်းစုံဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များကို နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိ ဘောလုံးအားကစားကွင်း၌ ကျင်းပပြုလုပ်ခဲ့ရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ လာရောက်ကြည့်ရှု အားပေးခဲ့ကြသည်။

အဆိုပါ အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် နံနက်(၇)နာရီခွဲအချိန်တွင် ရန်ကုန်ဖုန်အသင်းနှင့် မကွေးဖုန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ရန်ကုန်ဖုန်အသင်းက မကွေးဖုန်အသင်းကို (၅)ဂိုး (၄)ဂိုးဖြင့် လည်းကောင်း၊ ညနေ(၃)နာရီအချိန်တွင် မော်လမြိုင်ဖုန်အသင်းနှင့် ပုသိမ်ဖုန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ပုသိမ်ဖုန်အသင်းက မော်လမြိုင်ဖုန်အသင်းကို (၂)ဂိုး (၁)ဂိုးဖြင့် လည်းကောင်း အသီးသီး ယှဉ်ပြိုင်အနိုင်ရရှိခဲ့ကြကြောင်း သိရှိရသည်။

▶▶

ဌာနမှ တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ လာရောက်ကြည့်ရှု အားပေးခဲ့ကြသည်။

အဆိုပါ အုပ်စုနောက်ဆုံးပြိုင်ပွဲ ပွဲစဉ်များအဖြစ် လေ့ကျင့်ရေးကွင်းအမှတ်(၁)၌ ရန်ကုန်ဖုန်အသင်းနှင့် မြစ်ကြီးနားဖုန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ တစ်ဖက်(၁)ဂိုးစီဖြင့် လည်းကောင်း၊ လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ ဒဂုံဖုန်အသင်းနှင့် ပုသိမ်ဖုန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ပုသိမ်ဖုန်အသင်းက ဒဂုံဖုန်အသင်းကို (၄)ဂိုး (၁)ဂိုးဖြင့် လည်းကောင်း အနိုင်ရရှိခဲ့ကြကြောင်း သိရှိရသည်။

■

# အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)မှ ကျောင်းသား/ကျောင်းသူများ အထူးနေ့လယ်စာ ဂုဏ်ပြုစားပွဲကျင်းပ










● ရန်ကုန်၊ ဖေဖော်ဝါရီလ(၅)ရက်။

အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)မှ ကျောင်းသား/ကျောင်းသူ များအား ရင်းရင်းနှီးနှီး တွေ့ဆုံ ဂုဏ်ပြုစားပွဲသုံးဆောင်ရန် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယ ပညာကော်မတီဥက္ကဋ္ဌ၊ ကျောင်းအကျိုး တော်ဆောင်ကော်မတီဥက္ကဋ္ဌ တိုင်း ဒေသကြီး ဥပဒေချုပ် ဦးငွေအောင်၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင် အလှူရှင်များက ယနေ့ နေ့လယ် (၁၂)နာရီအချိန်က အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)ကျောင်း သို့သွားရောက်၍ အားကစားနှင့်ကာယ ပညာသိပ္ပံ(ရန်ကုန်)ရှိ သင်တန်းသား/ သူများ၊ B.Sc(Sports) ကျောင်းသား/ သူများနှင့် ISPE FC ဘောလုံး အသင်းမှ အားကစားသမားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး အထူးနေ့လယ်စာ ဂုဏ်ပြုစားပွဲများ ပြုလုပ်ပေး၍ ကျောင်းသား/ ကျောင်းသူ များနှင့်အတူတကွ သုံးဆောင်ခဲ့ကြ သည်။ ထို့နောက် ရန်ကုန်တိုင်း ဒေသကြီး အားကစားနှင့်ကာယပညာ ကော်မတီ ဥက္ကဋ္ဌ၊ ကျောင်းအကျိုး တော်ဆောင်ကော်မတီ ဥက္ကဋ္ဌ၊ တိုင်း ဒေသကြီး ဥပဒေချုပ်က အမှာစကား ပြောကြား၍ မြန်မာ့လက်ရွေးစင် ဘောလုံး အားကစားသမားဟောင်း ဦးမျိုးလှိုင်ဝင်းက သင်တန်းသား/ သင်တန်းသူများအား စိတ်ဓာတ်မြင့် မားရေးအတွက် အသိပညာပေးပြော ကြားခဲ့ပြီး ကျောင်းအကျိုးတော် ဆောင်ကော်မတီဥက္ကဋ္ဌက အလှူရှင် အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်၍ တေးသံရှင်များက တေးသီချင်းများ ဖြင့် ဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

■





"ကာယဗလနှင့် ကာယကြံ့ခိုင်မှု ဆောင်ပုဒ်"

**" Body Building is Nation Building "**

"ကာယကြံ့ခိုင် ပြည့်မထွန်းကြိုင်"

# (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် မြင်းစီးအားကစားပြိုင်ပွဲများ သုံးရက်တာကျင်းပ

● ရန်ကုန်၊ ဖေဖော်ဝါရီလ(၁၀)ရက်။

(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် မြင်းစီးအားကစားပြိုင်ပွဲကို ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် အားကစားကွင်း၌ ဖေဖော်ဝါရီ(၁၀)ရက် နံနက်(၈)နာရီက စတင်ဖွင့်လှစ်ပြီး မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးပြုံးမောင်မောင်က ပြိုင်ပွဲနှင့်ပတ်သက်၍ရှင်းလင်းပြောကြားပြီး အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌများက ပြိုင်ပွဲများဖွင့်လှစ်ကြောင်း ကြေညာ၍ ပြိုင်ပွဲများကို စတင်ကျင်းပခဲ့သည်။




အဆိုပါ မြင်းစီးပြိုင်ပွဲ၌ မြန်မာ့ရိုးရာ ဒုန်းပြိုင်ပွဲ၊ မြန်မာ့ရိုးရာအသားကျပြိုင်ပွဲ၊ နိုင်ငံတကာ တန်းခုန်ပြိုင်ပွဲ ( Show Jumping)တို့ ပါဝင်ပြီး ဖေဖော်ဝါရီ ၁၀ရက်နှင့် ၁၁ရက်တို့တွင် မြန်မာ့ရိုးရာဒုန်းပြိုင်ပွဲ၊ မြန်မာ့ရိုးရာ အသားကျပြိုင်ပွဲနှင့် နိုင်ငံတကာ တန်းခုန်ပြိုင်ပွဲများ ယှဉ်ပြိုင်ခဲ့ကြရာ အဆိုပါပြိုင်ပွဲ၏ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ(၁၂)ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် မြင်းစီးအားကစားကွင်း၌ ကျင်းပပြုလုပ်ခဲ့ရာ မြန်မာ့ရိုးရာ အထူးတန်း ဒုန်းစီးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိသူများအား ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းက လည်းကောင်း၊ အလတ်တန်း ဒုန်းစီးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား လူမှုရေးရာဝန်ကြီး ဦးအောင်သိန်းဝင်းက လည်းကောင်း၊အငယ်တန်း ဒုန်းစီးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိသူများအား အားကစားနှင့်ကာယပညာကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီး ဥပဒေချုပ် ဦးဌေးအောင်က လည်းကောင်း၊ ဒုန်းပြိုင်ပွဲ(Pony Class)၊ နိုင်ငံတကာ တန်းခုန်ပြိုင်ပွဲ မြန်မာ့ရိုးရာ အသားကျပြိုင်ပွဲတွင် ဆုရရှိသူများအား မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြပြီး မြင်းပိုင်ရှင်များအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် မြင်းစီးအားကစားပြိုင်ပွဲသို့ မြန်မာနိုင်ငံ မြင်းစီးအသင်းမှ လက်ရွေးစင်များ၊ မြင်းစီးကလပ်အသင်းများ၊ မြင်းစီးအားကစားသမားများ၊ မြင်းချစ်မြတ်နိုးသူများ၊ အဖွဲ့အစည်းများမှ မြင်းစီးအားကစားသမား စုစုပေါင်း ၃၀ ကျော်တို့က ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

# အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်မှ (Gold Camp) တွင် တည်းခိုနေထိုင်မည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ယဉ်ကျေးမှုအဖွဲ့များအား နွေးထွေးစွာကြိုဆိုနှုတ်ဆက်










● နေပြည်တော်၊ ဖေဖော်ဝါရီလ(၃)ရက်။

(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အခမ်းအနားကြိုဆိုနေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ အတွင်းရေးမှူး အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ယှဉ်ပြိုင်ရေးနှင့်လေ့ကျင့်ရေးဌာနခွဲ(၂)မှ ညွှန်ကြားရေးမှူး ဦးကျော်ဇင်မိုးနှင့် တာဝန်ရှိသူများသည် ယနေ့ညနေ(၄)နာရီအချိန်တွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)တွင် တည်းခိုနေထိုင်မည့် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်ရန်လာရောက်သည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ယဉ်ကျေးမှုအဖွဲ့များအား နွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ခဲ့ပြီးနောက် တည်းခိုနေထိုင်ရေးနှင့် စားသောက်ရေး အဆင်ပြေချောမွေ့စေရန်အတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

# အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများ၏ ၂၀၂၃ -၂၀၂၄ ပညာသင်နှစ်အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ




● နေပြည်တော်၊ ဖေဖော်ဝါရီလ(၃)ရက်။

အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများ၏ လုပ်ငန်းကိစ္စများနှင့်ပတ်သက်၍ သုံးသပ်ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်(၉)နာရီခွဲအချိန်တွင် နေပြည်တော်၊ ရုံးအမှတ်(၃၁) အစည်းအဝေးခန်းမ၌ Video Conferencing စနစ်ဖြင့်ကျင်းပခဲ့ရာ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းဦး၊ သက်ဆိုင်ရာဌာနခွဲများမှ ညွှန်ကြားရေးမှူးများ၊ အားကစားနှင့် ကာယပညာသိပ္ပံ ကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။




အစီအစဉ်အရ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးမှ အဖွင့်အမှာစကားပြောကြားရာတွင် အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများ၏ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှု (အားနည်းချက်၊ အားသာချက်)အပေါ် သုံးသပ်ချက်များ၊ ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် ခေါ်ယူမည့် သင်တန်းသား/သင်တန်းသူများ၏ အရေအတွက်နှင့် အားကစားသမားရွေးချယ်ရေး၊ အားကစားလေ့ကျင့်ရေး၊ ပညာသင်ကြားရေးကိစ္စရပ်များအား ဆွေးနွေးတင်ပြသွားရန်၊ လက်ရှိစာသင်နှစ်အတွင်း လိုအပ်ချက်များ၊ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများအား ဆွေးနွေးတင်ပြပေးရန် ပြောကြားခဲ့ပါသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသည့် အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ တောင်ကြီး၊ မုံရွာ၊ လွိုင်ကော်၊ စစ်တွေ)ကျောင်းအုပ်ကြီးများမှ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများ၏ လုပ်ငန်းဆောင်ရွက်မှု (အားနည်းချက်၊ အားသာချက်)အပေါ် သုံးသပ်ချက်နှင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ဖွင့်လှစ်မည့်အားကစားနည်းနှင့် ခေါ်ယူမည့် သင်တန်းသားအရေအတွက်၊ သင်တန်းသားရွေးချယ်/လေ့ကျင့်/သင်ကြားရေးဆိုင်ရာ အစီအမံများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများအား Power Point များဖြင့် ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်ပြီး သက်ဆိုင်ရာဌာနခွဲများရှိ ညွှန်ကြားရေးမှူးများ၏ အထွေထွေအကြံပြုဆွေးနွေးရာတွင် ဝန်ထမ်းခန့်ထားရေးနှင့် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ကိစ္စရပ်များအားလည်းကောင်း၊ အားကစားသမားများ၏ စံချိန်စံညွှန်းနှင့် ကြံ့ခိုင်မှုစစ်ဆေးရေး ကိစ္စရပ်များအား လစဉ်မှတ်တမ်းတင်ထားရှိရန်လည်းကောင်း၊ အားကစားသမားများအား B.Sc Sports တက်ရောက်နိုင်သည်အထိ သင်ကြားရေးဘာသာရပ်များကို မှန်မှန်ကန်ကန်ရွေးချယ်တတ်ရန်လိုကြောင်း အကြံပြုဆွေးနွေး တင်ပြခဲ့ပါသည်။

ထို့နောက် အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းဦးမှ အားကစားနှင့်ကာယပညာသိပ္ပံ ကျောင်း(၇)

▶▶




# အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် ပြည်နယ်/တိုင်းဒေသကြီး ညွှန်ကြားရေးမှူးများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



● နေပြည်တော်၊ ဖေဖော်ဝါရီလ(၆)ရက်။

အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးမှ ပြည်နယ်နှင့်တိုင်းဒေသကြီး တာဝန်ခံညွှန်ကြားရေးမှူးများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် (၉)နာရီခွဲတွင် နေပြည်တော်ရုံးအမှတ်(၃၁) အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ အစည်းအဝေးသို့ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနခွဲညွှန်ကြားရေးမှူးများနှင့် ပြည်နယ်/တိုင်းဒေသကြီးများမှ တာဝန်ခံညွှန်ကြားရေးမှူးများ တက်ရောက်ခဲ့သည်။

အစီအစဉ်အရ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက အဖွင့်အမှာစကားပြောကြားရာတွင် ယခုအစည်းအဝေးတွင် သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက်(၁)လအတွင်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် လိုအပ်ချက်အခက်အခဲများကို တင်ပြဆွေးနွေးပေးရန် လိုကြောင်း၊ Outdoor Fitness နှင့်ပတ်သက်၍ ဘတ်ဂျက်စိစစ်မှုကြောင့် လက်ကျန်ပစ္စည်းများကိုသာ အမှန်တကယ်လိုအပ်သည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများကို စိစစ်ထုတ်ပေးသွားမည်ဖြစ်သည့်အတွက် တာဝန်ခံညွှန်ကြားရေးမှူးများအနေဖြင့် မြို့နယ်နှင့် ခရိုင်တို့မှ တင်ပြလာမှုများအပေါ် စိစစ်တင်ပြပေးရန်လိုကြောင်း၊ မြေ



ဂရမ်ရရှိမှုနှင့်ပတ်သက်၍ အလေးအနက်ထား ဆောင်ရွက်ပေးရန်လိုကြောင်း၊ ဌာနအနေဖြင့် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းသင်တန်း(၂)ကြိမ်ဖွင့်လှစ်ခဲ့ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးမှ သင်တန်းသား/သင်တန်းသူများ တက်ရောက်ခဲ့ပြီးဖြစ်သည့်အတွက် ဘဏ္ဍာငွေသုံးစွဲရာတွင် စာရင်းစစ်ကန့်ကွက်ချက်များ၊ ရန်ပုံငွေခေါင်းစဉ် မှားယွင်းသုံးစွဲမှုများ၊ ဌစ ငွေစာရင်းခေါင်းစဉ် မှားယွင်းဖြည့်သွင်းမှုများ မဖြစ်စေရန်အတွက် ညွှန်ကြားရေးမှူးများမှ ဂရုတစိုက် စိစစ်ကြပ်မတ် ဆောင်ရွက်ပေးရန်လိုကြောင်း၊ ဝန်ထမ်းများအချင်းချင်း အထက်အောက် အပြန်အလှန်လေးစားမှုရှိပြီး ဌာနအောင်မြင် တိုးတက်စေရေးအတွက် ရုံးလုပ်ငန်းများကို ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားရန်လိုကြောင်း၊ ၂၀၂၃-၂၀၂၄ခုနှစ်တွင် ကျင်းပမည့် ပြည်နယ်နှင့် တိုင်းဒေသကြီး အားကစားပြိုင်ပွဲ ပြက္ခဒိန်ကို ဖြန့်ဝေပေးထားပြီးဖြစ်သည့်အတွက် သက်ဆိုင်ရာ အားကစားနည်းအလိုက် ပါဝင်ယှဉ်ပြိုင်နိုင်ရေး ကြိုတင်စီစဉ်ဆောင်ရွက်ထားရှိရန် လိုကြောင်း၊ ပြိုင်ပွဲဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကိုလည်း ပြိုင်ပွဲများမကျင်းပမီ(၃)လ ကြိုတင်ဖြန့်ဝေ ပေးသွားမည်ဖြစ်ပြီး သက်ဆိုင်ရာ အားကစားနည်းအလိုက် အသင်းအုပ်ချုပ်သူနှင့် နည်းပြများကို ဆက်လက်ဖြန့်ဝေပေးရန်လိုကြောင်း၊ မိမိတို့အသင်း အောင်နိုင်ရေးအတွက် ပြိုင်ပွဲ စည်းမျဉ်းစည်းကမ်းများကို တိကျသေချာစွာလိုက်နာပြီး တရားမျှတစွာ အစွမ်းကုန်ကြိုးစားဆောင်ရွက်သွားရန်လိုကြောင်း၊ အားကစားသမားများကို ပြိုင်ပွဲနှင့်သင့်တော်ကိုက်ညီမှုရှိသည့် ပြိုင်ပွဲအမျိုးအစားများတွင်သာ ဝင်ရောက်ယှဉ်ပြိုင်စေလိုကြောင်း၊ ပြိုင်ပွဲကျင်းပရာတွင် အားသာချက်/အားနည်းချက်များ သိရှိနိုင်စေရန်အတွက် အားကစားစီမံကိန်းနှင့် သုတေသနဌာနခွဲမှ ပြိုင်ပွဲနှင့်ပတ်သက်သည့် မေးခွန်းများကို မေးမြန်းလျက်ရှိရာ အသင်းအုပ်ချုပ်သူနည်းပြများနှင့် အားကစားသမားများမှ မှန်မှန်ကန်ကန် ပြန်လည်ဖြေကြားပေးစေလိုကြောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အားကစားပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်ရာတွင် အသင်းအုပ်ချုပ်သူတာဝန်ကို သက်ဆိုင်ရာ အားကစားနည်းအလိုက် ကျွမ်းကျင်မှုရှိသူများကိုသာ တာဝန်ပေးအပ်သွားရန်လိုကြောင်း၊ ညွှန်ကြားရေးမှူးများအနေဖြင့် အတွေ့အကြုံရှိသည့် ဝန်ထမ်းများ ပြန်နားမှုမဖြစ်ပေါ်စေရေးအတွက် လက်အောက်ဝန်ထမ်းများ၏ ရပိုင်ခွင့်နှင့် လိုအပ်ချက် အခက်အခဲများကို ကူညီဖြေရှင်းဆောင်ရွက်ပေး

စာမျက်နှာ(၄၉)သို့ ▶



▶▶

ကျောင်း၏လိုအပ်ချက်များ၊ ဆွေးနွေးတင်ပြချက်များအား အသေးစိတ်ဖြည့်စွက်ဆွေးနွေး ပြောကြားခဲ့ပါသည်။

နိဂုံးချုပ်အနေဖြင့် ညွှန်ကြားရေးမှူးချုပ်မှ တင်ပြချက်များအပေါ် ထပ်ဆင့်ဖြည့်စွက် ပြောကြားရာတွင် အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများအနေဖြင့် ရည်ရွယ်ချက်(၂)ခုဖြင့် ရပ်တည်နေသည့်အတွက် လက်ရှိစာသင်နှစ်တွင် Guide Line ချပေးရန်နှင့် လာမည့်စာသင်နှစ်တွင်လည်း လက်ရှိအနေထားနှင့်ကိုက်ညီမှုရှိစေရန် သတ်မှတ်ထားသောအရည်အချင်း(၅)ချက်နှင့် ကိုက်ညီစေရန် သုံးသပ်သွားရန်လိုကြောင်းနှင့် ဘတ်ဂျက်ခွဲဝေ သုံးစွဲရာတွင် စည်းမျဉ်း/စည်းကမ်းနှင့်အညီ စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း၊ ကစားသမားရွေးချယ်ရာတွင်လည်း မှန်မှန်ကန်ကန် စိစစ်ဆေးပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသည့် ကစားသမားကိုသာ ရွေးချယ်စေလိုကြောင်း၊ အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများပြိုင်ပွဲကိုလည်း ပြန်လည်ကျင်းပပြုလုပ်သွားနိုင်ရန် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ရည်ရွယ်ချက်မပျောက်ပျက်ဘဲ အားကစားသမားများကို ယှဉ်ပြိုင်နိုင်အောင် လေ့ကျင့်နိုင်ရေးအတွက် ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ ကျောင်းအုပ်ကြီးများအနေဖြင့် အဓိကတာဝန်ရှိသည့်အတွက် အောက်ခြေမှစပြီး စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ရွေးချယ်ရေးကိစ္စများတွင်လည်း ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော်တွင် အားကစားပြိုင်ပွဲများ၌ ထူးချွန်၍ အရည်အချင်းရှိပြီးအလားအလာရှိသည့် အားကစားသမားများကို အဓိကရွေးချယ်နိုင်ရေးဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားခဲ့ပြီး အစည်းအဝေးအားရုပ်သိမ်းခဲ့ပါသည်။

# မသန်စွမ်းလူငယ်များအတွက် လူသုံးကုန်ထုတ်လုပ်မှု နည်းပညာပေးသင်တန်း အမှတ်စဉ် (၁/၂၀၂၃)သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ







● နေပြည်တော်၊ ဖေဖော်ဝါရီလ(၆)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာနမှ ကြီးမှူး၍ လယ်ဝေးမြို့နယ်အတွင်းရှိ မသန်စွမ်းလူငယ်များအတွက် လူသုံးကုန်ထုတ်လုပ်မှု နည်းပညာပေး သင်တန်းအမှတ်စဉ် (၁/၂၀၂၃)သင်တန်းဆင်းပွဲ အခမ်းအနားကို (၃-၂-၂၀၂၃)ရက်နေ့ မွန်းလွဲ (၃း၀၀)နာရီအချိန်၌ လယ်ဝေးမြို့နယ်၊ အားကစားခန်းမ(၂)တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

ရှေးဦးစွာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သင်တန်းဆင်း အမှာစကား ပြောကြားရာတွင် လူငယ်ရေးရာဦးစီးဌာနအနေဖြင့် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာတွင် မသန်စွမ်းလူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍသည်လည်း အရေးကြီးသည့် အခန်းကဏ္ဍတစ်ရပ်အဖြစ် ပါဝင်ပါကြောင်း၊ မသန်စွမ်းလူငယ်များအတွက် လူသုံးကုန်ထုတ်လုပ်မှု နည်းပညာပေးသင်တန်းဆင်းပွဲသို့ တက်ရောက်လာကြတဲ့ တာဝန်ရှိသူများအား အထူးကျေးဇူးတင်ရှိပါကြောင်း၊ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာပေးသင်တန်းကို အောင်မြင်စွာတက်ရောက်ခဲ့ကြတဲ့ လယ်ဝေးမြို့နယ်က မသန်စွမ်း လူငယ်တွေကိုလည်း အထူးချီးကျူးဂုဏ်ယူပါကြောင်း၊ ယခုသင်တန်းသို့ တက်ရောက်ခဲ့သည့် မသန်စွမ်းလူငယ်များသည် သာမန်လူကောင်းများထက် ပိုမိုဝီရိယစိုက် အားထုတ်ကြိုးစားခဲ့ရမှာဖြစ်ကြောင်း၊ သင်တန်းသူ/သင်တန်းသားများကလည်း ကြိုးစားသင်ယူခဲ့တာ တွေ့ရသည့်အတွက်လည်း မိမိတို့အနေဖြင့် များစွာဂုဏ်ယူမိပါကြောင်း၊ သင်တန်းက သင်ကြားလိုက်တဲ့ ကုန်ထုတ်လုပ်မှုနည်းပညာတွေကို အမှန်တကယ် လေ့လာမှတ်သားသင်ယူပြီး လက်တွေ့ဘဝမှာ အသုံးချနိုင်မယ်ဆိုရင် မသန်စွမ်း လူငယ်တွေအတွက် စီးပွားရေးလုပ်ငန်းကို အိုးမကွာ အိမ်မကွာ ပြုလုပ်နိုင်မှာဖြစ်ပြီး မိမိဘဝ ရပ်တည်နေထိုင်မှုအတွက် တစ်ဖက်တစ်လမ်းက ဝင်ငွေရရှိမှာဖြစ်ပါတယ်။ သင်တန်းဆင်း အမှာစကား ပြောကြားခဲ့ပြီးနောက် ညွှန်ကြားရေးမှူးချုပ်မှ သင်တန်းနည်းပြဆရာမ(၂)ဦးအား ဂုဏ်ပြုလက်ဆောင်များပေးအပ်ချီးမြှင့်ခဲ့ပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်မှ သင်တန်းသား/သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ပါကြောင်း သတင်းရရှိပါသည်။











# အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် အားကစားနှင့် ကာယပညာသိပ္ပံ ကျောင်းအုပ်ကြီးများ သုံးသပ်ညှိနှိုင်းအစည်းအဝေးကျင်းပ



● နေပြည်တော်၊ ဖေဖော်ဝါရီလ(၁၃)ရက်။

အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးမှ အားကစားနှင့် ကာယပညာသိပ္ပံကျောင်းအုပ်ကြီးများနှင့် လုပ်ငန်းကိစ္စများနှင့် ပတ်သက်၍ သုံးသပ်ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ(၁၂)နာရီခွဲအချိန်တွင် နေပြည်တော်၊ ရုံးအမှတ်(၃၁) အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ဒုတိယညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသော ဦးကျော်ဦး၊ ဦးကျော်ဆန်းဦးနှင့် သက်ဆိုင်ရာဌာနခွဲများမှ ညွှန်ကြားရေးမှူးများ တက်ရောက်ခဲ့ကြပြီး အားကစားနှင့် ကာယပညာသိပ္ပံ ကျောင်းအုပ်ကြီးများမှ Video Conferencing စနစ်ဖြင့် တက်ရောက်ခဲ့ကြသည်။

ဦးစွာ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးမှ အဖွင့်အမှာစကား ပြောကြားရာတွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် သင်တန်းသားများအား နှစ်ချုပ်သုံးသပ်အစည်းအဝေး ကျင်းပပြုလုပ်ပြီးစီးမှုနှင့်ပတ်သက်ပြီး လက်ကျန်အင်အားစာရင်း၊ လာမည့်ပညာသင်နှစ်တွင် သင်တန်းသား ထပ်မံရွေးချယ်မှုအင်အားစာရင်းနှင့် ဆက်လက်လေ့ကျင့်မည့် အားကစားနည်း

စာမျက်နှာ(၅၀)သို့ ▶





▶ စာမျက်နှာ(၄၇)သတင်း••မှအဆက်

ရန်လိုကြောင်း၊ ယခုအစည်းအဝေးတွင် ဆုံးဖြတ်ပေးရမည့် ကိစ္စများကို ဦးစားပေး တင်ပြဆွေးနွေးပေးစေလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တာဝန်ခံ ညွှန်ကြားရေးမှူးများက ဝန်ထမ်းပြောင်းရွှေ့ခန့်ထားရေး ကိစ္စများ၊ ပြည်နယ်/တိုင်း/ခရိုင်/ မြို့နယ်များသို့ တွဲဖက်ထားသည့် ဝန်ထမ်းအင်အားအခြေအနေများ၊(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပရန် လျာထားဆောင်ရွက်မှု အခြေအနေများ၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်ဘတ်ဂျက်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရေးဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းများ၊ အားကစားကွင်း/ရုံ ပြုပြင်ထိန်းသိမ်းထားရှိမှု အခြေအနေများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အားကစားပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့မှုနှင့် ဆုတံဆိပ်ရရှိမှု အခြေအနေများ၊ ဒေသတွင်းအားကစားပြိုင်ပွဲများ/သင်တန်းများနှင့် ဟောပြောပွဲများ ပြုလုပ်ဆောင်ရွက်ခဲ့မှု အခြေအနေများ၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်နှင့်တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် အားကစား အထောက်အကူပြု ပစ္စည်းများနှင့် Outdoor Fitness ဝယ်ယူနိုင်ရေး ထည့်သွင်းလျာထားမှုအခြေအနေများ၊ နွေရာသီအားကစားသင်တန်းများ ဖွင့်လှစ်နိုင်ရေး ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများ၊ အားကစားနှင့်ကာယပညာသိပ္ပံကျောင်းများသို့ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများအား ရွေးချယ်၍ စေလွှတ်နိုင်ရေးဆောင်ရွက်ထားမှုများနှင့်ပတ်သက်ပြီး အသီးသီး ဆွေးနွေးတင်ပြခဲ့ကြသည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်များက ဖြည့်စွက်ဆွေးနွေးတင်ပြရာတွင် လူငယ်ဖွံ့ဖြိုးရေးစီမံကိန်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ရေရှည်စီမံကိန်းများ ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးရန်လိုကြောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အားကစားပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ရာတွင် မိမိတို့အသင်း အောင်မြင်မှုရရှိရေးအတွက် သက်ဆိုင်ရာ အားကစားဆပ်ကော်မတီများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန်လိုကြောင်း၊တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ သတ်မှတ်အရည်အသွေး စံချိန်စံညွှန်း ပြည့်မီစေရေး စိစစ်ကြပ်မတ်ဆောင်ရွက်သွားရန် လိုကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးတို့မှ ကဏ္ဍပေါင်းစုံနှင့်ပတ်သက်၍ ဆောင်ရွက်ချက်များအပေါ်မူတည်ပြီး ပြည်ထောင်စုဝန်ကြီး၏ အတည်ပြုချက်ဖြင့် (၁)နှစ်တာ စွမ်းဆောင်မှုအကောင်းဆုံးဆုကို သတ်မှတ်စည်းမျဉ်း/စည်းကမ်းများနှင့်အညီ ရွေးချယ်ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ ဦးစီးဌာနနှင့် အားကစားအဖွဲ့ချုပ်တို့ ပူးပေါင်း၍ သက်ဆိုင်ရာ အားကစားနည်းအလိုက် ပြိုင်ပွဲများအောင်မြင်စွာ ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အခြေခံပညာကျောင်းသားအားကစားပွဲမှ အရည်အချင်းရှိပြီး အလားအလာရှိသည့် အားကစားသမားများကို ရွေးချယ် ၍ အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများနှင့် Youth Camp တို့တွင် လေ့ကျင့်သင်ကြားပေးနိုင်ရေးအတွက် ချိတ်ဆက်ဆောင်ရွက်သွားရန် ပြောကြားခဲ့သည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်မှ နိဂုံးချုပ်အနေဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီး လစ်လပ်နေရာများတွင် ဝန်ထမ်းများခန့်ထားပေးနိုင်ရေးနှင့် ပြောင်းရွှေ့နေရာချထားရေးကိစ္စများကို မကြာမီ စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် အားကစားဥယျာဉ် စီမံကိန်းများကို စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၃-၂၀၂၄ ခုနှစ်တွင် ကျင်းပမည့် ပြည်နယ်နှင့် တိုင်းဒေသကြီးပြိုင်ပွဲ၌ အားကစားနည်း(၂၅)နည်း ထည့်သွင်းကျင်းပရန် လျာထားလျက်ရှိသည့်အတွက် သက်ဆိုင်ရာ အားကစားနည်းအလိုက် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးနှင့် အောင်မြင်မှုရရှိရေးတို့အတွက် ဘတ်ဂျက်တွင် ထည့်သွင်းရေးဆွဲထားရန်လိုကြောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ဘောလုံးနည်းပြ(B) လိုင်စင်အမှန်တကယ် ဖြေဆိုလိုသူများကို တာဝန်ခံညွှန်ကြားရေးမှူးများမှ စိစစ်တင်ပြပေးရန်နှင့် ဦးစီးဌာနမှ ဘောလုံးအဖွဲ့ချုပ်နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ နွေရာသီအားကစားသင်တန်းများတွင် မြန်မာ့သိုင်းနှင့် ရိုးရာခြင်းလုံး အားကစားနည်းများကို ဖွင့်လှစ်သင်ကြားပေးစေလိုကြောင်း၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့် အားကစား ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် စစ်ကိုင်းတိုင်းဒေသကြီးရှိ လဟယ်မြို့ကို အထူးဒေသအဖြစ် သတ်မှတ်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် သင်တန်းများဖွင့်လှစ်နိုင်ရေး သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ်များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန် ပြောကြားခဲ့ကြောင်း သိရသည်။

# (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နေပြည်တော်တွင် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် ပဏ္ဏာမလက်ရွေးစင် ခြင်းလုံးအားကစားသမားများအား အပြီးသတ်လူရွေးချယ်မှုပြုလုပ်





● နေပြည်တော်၊ ဖေဖော်ဝါရီလ(၁၆)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်တို့ပူးပေါင်း၍ ၂၀၂၃ ခုနှစ်၊ မေလ(၅)ရက်နေ့မှ (၁၇)ရက်နေ့အထိ ကမ္ဘောဒီးယားနိုင်ငံ၌ အိမ်ရှင်အဖြစ်လက်ခံကျင်းပပြုလုပ်မည့်(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နေပြည်တော်တွင် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် ပဏ္ဏာမလက်ရွေးစင် ခြင်းလုံးအားကစားသမားများအား ပြိုင်ပွဲအသွင် ဆန်းစစ်အပြီးသတ်လူရွေးချယ်ခြင်းကို ယနေ့နံနက်(၈)နာရီတွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း Training Hall No(1) ၌ ကျင်းပပြုလုပ်ခဲ့ရာ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ(၂) ညွှန်ကြားရေးမှူး၊ အာရှခြင်းလုံးအဖွဲ့ချုပ် အတွင်းရေးမှူး ဦးကျော်ဇင်မိုး၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးရဲအောင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတွင် (Joint Training) ပူးတွဲလာရောက် လေ့ကျင့်လျက်ရှိသည့် ကမ္ဘောဒီးယားနိုင်ငံ ခြင်းလုံးအားကစားအဖွဲ့မှ အုပ်ချုပ်/နည်းပြနှင့် အားကစားသမားများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိ

▶▶

▶ စာမျက်နှာ(၄၉)သတင်း . . . မှအဆက်




အမျိုးအစား Long Term Plan ၊ Short Term Plan များနှင့် အားကစားနှင့် ကာယပညာသိပ္ပံ ရည်ရွယ်ချက်များနှင့် ကိုက်ညီမှုမရှိသည့် အချက်များအား ပြုပြင်ပြောင်းလဲရန်အတွက် အကြံပြုတင်ပြဆွေးနွေးပေးသွားရန် ပြောကြားခဲ့ပါသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသည့် အားကစားနှင့် ကာယပညာသိပ္ပံ ကျောင်းအုပ်ကြီးများက သိပ္ပံကျောင်း ရည်ရွယ်ချက်များနှင့် လူရွေးချယ်ရာတွင် ယခင်ရွေးချယ်ရန် စံသတ်မှတ်ချက်များနှင့်ပတ်သက်ပြီး ထပ်မံဖြည့်စွက်ပေးစေလိုသည့် အချက်များအားလည်းကောင်း၊ ယခုပညာသင်နှစ်တွင် အင်အားလျော့မည့် သင်တန်းသား အင်အားစာရင်း၊ လက်ကျန်အင်အားစာရင်း၊လာမည့် ပညာသင်နှစ်တွင် သင်တန်းသားသစ်ရွေးချယ်မည့် လျာထားအင်အားစာရင်း၊ ဆက်လက်လေ့ကျင့်ပေးမည့် အားကစားနည်းများ၊ နည်းပြ (ရှိရင်း/လိုအပ်)အင်အားစာရင်း၊ ဝန်ထမ်းလိုအပ်ချက် ကိစ္စရပ်များနှင့်ပတ်သက်ပြီး အသီးသီးအကြံပြုဆွေးနွေးတင်ပြခဲ့ကြသည်။

ဆက်လက်ပြီး သက်ဆိုင်ရာဌာနခွဲ ညွှန်ကြားရေးမှူးများနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များက ဖြည့်စွက်ဆွေးနွေး တင်ပြရာတွင် ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များနှင့် ဝန်ထမ်း (ပြောင်းရွှေ့ခြင်းနှင့် ရာထူးတိုး) ကိစ္စရပ်များအား ဘတ်ဂျက်ပေါ်မူတည်၍ ဆက်လက်တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရွေးချယ်ရေးစံသတ်မှတ်ချက်များနှင့်ပတ်သက်ပြီး သိပ္ပံကျောင်းများအားလုံး ညှိနှိုင်း၍ အားကစားနည်းအလိုက်(မူ)ချမှတ်ပြီး ရွေးချယ်ပါက မျိုးဆက်သစ်အားကစားသမားများစွာ ပေါ်ထွက်လာနိုင်မည်ဖြစ်ကြောင်း၊ နည်းပြ အရည်အသွေး မြှင့်တင်ပေးနိုင်ရန်အတွက် သင်တန်းများ ဖွင့်လှစ်သင်ကြားပေးရန် လိုအပ်ကြောင်းနှင့် သိပ္ပံကျောင်းများသည် အရေးကြီးသည့်အတွက် အားကစားသမားများအား သုတေသနပြုလုပ်ခြင်းနှင့် လေ့ကျင့်ခဲ့မှုမှတ်တမ်းများအား စစ်တမ်းကောက်ယူပြီး အားကစားနည်းအလိုက် အရည်အချင်းစံသတ်မှတ်၍ မှန်မှန်ကန်ကန် ရွေးချယ်ပြီး စနစ်တကျလေ့ကျင့်ပျိုးထောင်ပေးရန် လိုအပ်ကြောင်း၊ အားကစားနည်းနှင့် ကိုက်ညီပြီး အမှန်တကယ် အရည်အချင်းရှိသည့် နည်းပြများအား တာဝန်ပေးလေ့ကျင့်သင်ကြားစေပြီး အိုလံပစ်အားကစားနည်းများကို ယခုကတည်းက အဓိကထားပြီး မျိုးဆက်သစ်များမွေးထုတ်လေ့ကျင့်ပေးသွားရန် လိုကြောင်း ဖြည့်စွက်၍ အကြံပြုဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်မှ နိဂုံးချုပ်အနေဖြင့် ဆွေးနွေးတင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးပြောကြားရာတွင် သင်တန်းသားရွေးချယ်မှု စံသတ်မှတ်ချက်များနှင့် ပတ်သက်ပြီး အဖွဲ့ချုပ်များ၊ လက်ရွေးစင် အားကစားသမားဟောင်းများနှင့် ချိတ်ဆက်၍ အားကစားနည်းအလိုက်ရှိသင့်သည့် ကိုယ်ခန္ဓာအချိုးအစားအသက်၊ အရပ်နှင့် ဦးစားပေးရွေးချယ်ရမည့် စံသတ်မှတ်ချက်များ(မူ)သတ်မှတ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သင်တန်းသားအရေအတွက် ပြည့်မီစေရန်မဟုတ်ဘဲ အမှန်တကယ် အရည်အချင်းရှိပြီး ပြုစုပျိုးထောင် လေ့ကျင့်ပေးပါက မျိုးဆက်သစ် အားကစားသမားမှ လူငယ်လက်ရွေးစင်၊ မြန်မာ့လက်ရွေးစင်ဖြစ်ပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် ထူးချွန်အားကစားသမားအဆင့်ထိ ရောက်နိုင်မည့်သူများ ရရှိအောင် သင်တန်းသားသစ် ရွေးချယ်မည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တာဝန်ရှိသူများအား ကြိုတင်ချိတ်ဆက်၍ စနစ်တကျလေ့ကျင့်ပေးပြီးမှ ရွေးချယ်သွားရန်လိုကြောင်း၊ အသင်းလိုက်အားကစားနည်းများတွင် သတ်မှတ်အင်အားမပြည့်ဘဲ ရွေးချယ်လေ့ကျင့်ပေးနေမည့်အစား အခြားအားကစားနည်းအား ပြောင်းလဲလေ့ကျင့်ပေးပါက ပိုမိုအကျိုးရှိလာနိုင်ကြောင်း၊ သိပ္ပံကျောင်းများအနေဖြင့် ပညာရေးပိုင်းနှင့် အားကစားပိုင်းမှာပါ ထူးချွန်သူများ မွေးထုတ်ပေးရန်လိုကြောင်း၊ B.Sc Sports တက်ရောက်နေသူများသည် အားကစားသမားစစ်စစ်ဖြစ်ပြီး အားကစားတွင် အမှန်တကယ်အောင်မြင် ကျွမ်းကျင်သူများဖြစ်မှသာ အားကစားလောကတိုးတက်အောင် ဆောင်ရွက်နိုင်မည့်သူများ ဖြစ်လာနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး အစည်းအဝေးအား ရုပ်သိမ်းခဲ့ပါသည်။

# (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နေပြည်တော်တွင် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် ပဏာမလက်ရွေးစင် ခြင်းလုံးအားကစားသမားများအား အပြီးသတ်လူရွေးချယ်မှုပြုလုပ်





● နေပြည်တော်၊ ဖေဖော်ဝါရီလ(၁၇)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်တို့ပူးပေါင်း၍ ၂၀၂၃ ခုနှစ်၊ မေလ(၅)ရက်နေ့မှ (၁၇)ရက်နေ့အထိ ကမ္ဘောဒီးယားနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပပြုလုပ်မည့်(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နေပြည်တော်တွင်စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် ပဏာမလက်ရွေးစင် ခြင်းလုံး အားကစားသမားများအား ပြိုင်ပွဲအသွင် ဆန်းစစ်အပြီးသတ် လူရွေးချယ်ခြင်း ဒုတိယနေ့ပြိုင်ပွဲ အမျိုးအစား(Event) No-4 နှင့် No-2 ပြိုင်ပွဲများကို ယနေ့နံနက် (၉)နာရီတွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း Training Hall No(1)၌ ဆက်လက်ကျင်းပပြုလုပ်ခဲ့ရာ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ(၂)ညွှန်ကြားရေးမှူး၊ အာရှခြင်းလုံးအဖွဲ့ချုပ် အတွင်းရေးမှူး ဦးကျော်ဇင်မိုး၊ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးရဲအောင်နှင့် တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှတာဝန်ရှိသူများ လာရောက်ကြည့်ရှုအားပေးခဲ့ကြပြီး အဆိုပါ ပြိုင်ပွဲအမျိုးအစား (Event) No-4 နှင့် No-3 ပြိုင်ပွဲတို့တွင် အားကစားသမား အမျိုးသား(၁၄)ဦး၊ အမျိုးသမီး(၁၄)ဦး စုစုပေါင်း(၂၈)ဦး ဝင်ရောက်ယှဉ်ပြိုင်ရွေးချယ်ခံခဲ့ကြသည်။









►►


သူများ လာရောက်ကြည့်ရှု အားပေးခဲ့ကြပြီး ပြိုင်ပွဲအမျိုးအစား (Event) No-4 နှင့် No-3 ပြိုင်ပွဲတို့တွင် အားကစားသမား အမျိုးသား(၁၄)ဦး၊ အမျိုးသမီး(၁၄)ဦး စုစုပေါင်း(၂၈)ဦး ဝင်ရောက်ယှဉ်ပြိုင် ရွေးချယ်ခံခဲ့ကြသည်။

အဆိုပါ အပြီးသတ်လူရွေးချယ်ခြင်းပြိုင်ပွဲကို (၁၇-၂-၂၀၂၃)ရက်နေ့ နံနက်(၈)နာရီခွဲမှစ၍ နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း Training Hall No(1) ၌ ပြိုင်ပွဲ အမျိုးအစား (Event) No-4 နှင့် No-2 ပြိုင်ပွဲတို့အား ဆက်လက်ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။















(၁၉/၂၀/၂၁-၂-၂၀၂၃)ရက်နေ့တို့တွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးသည် ၂၀၂၂-၂၀၂၃ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် တည်ဆောက်ပြုပြင်လျက်ရှိသော မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လုပ်ငန်းများ၊ အားကစားကွင်း/ရုံ/ရုံးများ သန့်ရှင်းသာယာလှပရေး/စိမ်းလန်းစိုပြေရေးများ စစ်ဆေးကြည့်ရှုခြင်း၊ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး လိုအပ်သည်များ မှာကြားခြင်း၊ လမ်းညွှန်ခြင်း၊ ဖြည့်ဆည်းပေးခြင်းများ ဆောင်ရွက်။

















(၂၀/၂၁-၂-၂၀၂၃)ရက်နေ့တို့တွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) သင်တန်းသား/သူများ၏ တိုးတက်မှုသုံးသပ်ဆွေးနွေးခြင်း အစည်းအဝေးသို့ တက်ရောက်၍ အရာထမ်း/အမှုထမ်းများ၊ B.Sc(sports) ကျောင်းသား/သူများနှင့်တွေ့ဆုံခြင်း၊ အိပ်ဆောင်များနှင့် အားကစားကွင်း/အားကစားရုံများအား ကြည့်ရှု၍ လိုအပ်သည်များကို လမ်းညွှန်မှာကြား။

စာမျက်နှာ(၅၄)သို့









(၂၄-၂-၂၀၂၃)ရက်နေ့တွင် အသက်(၁၅)နှစ်အောက် လူငယ်လိဂ်ဘောလုံးပြိုင်ပွဲ အောင်မြင်စွာကျင်းပ ပြုလုပ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို နေ့လယ်(၁)နာရီအချိန်တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးနှင့် တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ တက်ရောက်။

▶ စာမျက်နှာ(၅၃)•••မှအဆက်









# (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် အားကစားနည်းအလိုက် By Name ပေးပို့နိုင်ရေးနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကျင်းပ





● နေပြည်တော်၊ ဖေဖော်ဝါရီ(၂၈)။

(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နေပြည်တော်နှင့် ရန်ကုန်တို့တွင် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် အားကစားအဖွဲ့များ၏ By Name ပေးပို့နိုင်ရေးနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်၊ အားကစားလေ့ကျင့်ရေးစခန်း (Multi-Purpose Hall)၌ ကျင်းပပြုလုပ်ခဲ့ရာ အစည်းအဝေးသို့ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးနှင့် တာဝန်ရှိသူများ၊ အားကစားနည်းအလိုက် တာဝန်ခံများ တက်ရောက်ကြသည်။



အစီအစဉ်အရ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက အဖွင့်အမှာစကားပြောကြားရာတွင် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကိုကမ္ဘောဒီးယားနိုင်ငံ၌ ၂၀၂၃ ခုနှစ်၊ မေလ(၅)ရက်နေ့မှ (၁၇)ရက်နေ့အထိ အားကစားနည်း(၄၀)နည်းဖြစ် ထည့်သွင်းကျင်းပပြုလုပ်သွားမည်ဖြစ်ရာ မြန်မာနိုင်ငံမှ အားကစားနည်း(၂၀)နည်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် သက်ဆိုင်ရာအားကစားနည်းအလိုက် စခန်းဝင်လေ့ကျင့်မှုများ အသီးသီး ပြုလုပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ SEA Games ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် အချိန်နီးကပ်လာပြီဖြစ်သည့်အတွက် အားကစားနည်းအလိုက် By Name ဖြင့်ပတ်သက်ပြီး Contingent Book တွင် ထည့်သွင်းဖော်ပြနိုင်ရေး အားကစားနည်းအလိုက် တာဝန်ရှိသူများမှ Official Name Lists များကို အတည်ပြုတင်ပြပေးရန်လိုကြောင်း၊ SEA Games တွင် ပါဝင်ယှဉ်ပြိုင်မည့် အားကစားသမားများ၏ ကိုယ်ရေးအချက်အလက်များကို သတ်မှတ်ရက်အတွင်း အချိန်မီဖောင်ဖြည့်သွင်းနိုင်ရေး သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ်တာဝန်ရှိသူများမှ ပူးပေါင်းဆောင်ရွက်ပေးရန်လိုကြောင်း၊ By Name ရွေးချယ်ရာတွင် အားကစားနည်းအလိုက် စံချိန်စံညွှန်းကောင်းမွန်၍ အရည်အချင်းရှိပြီး အလားအလာရှိသည့် အားကစားသမားများကို ရွေးချယ် စေလွှတ်ယှဉ်ပြိုင်နိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံတော်မှ အားကစားကို ပံ့ပိုးကူညီပေးလျက်ရှိသည့်အတွက် အားကစားဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ပြီး အားကစားလောက ပိုမိုအောင်မြင်တိုးတက်စေရန် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ ပြိုင်ပွဲကာလနီးကပ်လာပြီဖြစ်သည့်အတွက် အားကစားနည်းအလိုက် အသင်းအုပ်ချုပ်သူ/နည်းပြများမှ မိမိတို့အားကစားသမားများ၏ နေထိုင်၊ သွားလာ၊ စားသောက်မှုများကို ဂရုတစိုက်ကြပ်မတ်ဆောင်ရွက်ပေးရန် လိုကြောင်း၊ အားကစားသမားများအနေဖြင့် ရေးဆွဲထားသည့် Training Program အတိုင်း လေ့ကျင့်မှုများပြုလုပ်သွားရန်နှင့် ထိခိုက်ဒဏ်ရာ(Injury) မရရှိစေရန် အုပ်ချုပ်သူ/နည်းပြများမှ အနီးကပ်ထိန်းသိမ်း စောင့်ရှောက်သွားရန်လိုကြောင်း၊ ပြိုင်ပွဲသုံးပစ္စည်းများအား ပြိုင်ပွဲမတိုင်မီ (၂)လအလိုတွင် အားကစားသမားများနှင့် Fitting ကျနိုင်ရေးအတွက် ကြိုတင်စီစဉ်ဆောင်ရွက်ထားရန်လိုကြောင်း၊ လေ့ကျင့်ရေးသုံးနှင့် ပြိုင်ပွဲသုံးပစ္စည်းများ ဝယ်ယူပြီးစီး၍ ဖွင့်ဖောက်စစ်ဆေးရန် ကျန်ရှိသည့် အားကစားအဖွဲ့များအနေဖြင့် စစ်ဆေးမှု ခံယူနိုင်ရေး အမြန်ဆုံးဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသည့် သက်ဆိုင်ရာအားကစားနည်းအလိုက် တာဝန်ရှိသူများမှ အသင်းအုပ်ချုပ်သူ/နည်းပြနှင့် ပြိုင်ပွဲဝင် အားကစားသမား အင်အားအခြေအနေများ၊ အားကစားနည်းအလိုက် ပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားသမားများ၏ အရည်အသွေးနှင့် စံချိန်စံညွှန်းရရှိမှု အခြေအနေများ၊ပြိုင်ပွဲအမျိုးအစား(Event) အလိုက် မျှော်မှန်းဆုတံဆိပ်ရရှိနိုင်မှု အခြေအနေများ၊ပြိုင်ပွဲဝင်ဝတ်စုံနှင့် ပြိုင်ပွဲသုံး အားကစားအထောက်အကူပြုပစ္စည်းများ ဝယ်ယူထားရှိမှု အခြေအနေများနှင့်ပတ်သက်၍ အသီးသီး ဆွေးနွေးတင်ပြခဲ့မှုများအပေါ် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးတင်ပြခဲ့ပြီး အစည်းအဝေးအား ရုပ်သိမ်းခဲ့ကြောင်း သိရသည်။













# (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် စခန်းသွင်းလေ့ကျင့်လျက်ရှိသော အားကစားနည်းအလိုက် တာဝန်ခံ၊ အုပ်ချုပ်/နည်းပြများနှင့် စီမံအုပ်ချုပ်မှုပိုင်းနှင့် နည်းစနစ်ပိုင်းဆိုင်ရာ အစည်းအဝေးကျင်းပ





● နေပြည်တော်၊ ဖေဖော်ဝါရီလ(၂)ရက်။

(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် စခန်းသွင်းလေ့ကျင့်လျက်ရှိသော အားကစားနည်းအလိုက် တာဝန်ခံ၊ အုပ်ချုပ်/နည်းပြများနှင့် စီမံအုပ်ချုပ်မှုပိုင်းနှင့် နည်းစနစ်ပိုင်းဆိုင်ရာအစည်းအဝေးကို ယနေ့မွန်းလွဲ(၁)နာရီတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) ရှိ Multi Purpose Hall ၌ ကျင်းပပြုလုပ်ခဲ့ရာ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးနှင့် ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ (၂) ညွှန်ကြားရေးမှူး ဦးကျော်ဇင်မိုး၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ အားကစားဆေးဘက်ဌာနခွဲမှ တာဝန်ရှိသူများနှင့် အားကစားအဖွဲ့ချုပ်များမှ တာဝန်ခံ၊ အုပ်ချုပ်/နည်းပြများ တက်ရောက်ခဲ့သည်။



အစီအစဉ်အရ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးမှ အဖွင့်အမှာစကားပြောကြားရာတွင် ပြိုင်ပွဲကာလနီးကပ်လာပြီဖြစ်၍ ကျန်းမာရေးသည် အရေးကြီးသည့်အတွက် အထူးဂရုစိုက်ကြရန်လိုကြောင်း၊ ကျန်းမာရေးကောင်းမွန်မှသာ အားသွန်ခွန်စိုက်ကြိုးစားလေ့ကျင့်နိုင်မည်ဖြစ်ကြောင်း၊ စည်းကမ်းရှိရှိဖြင့် သွားလာနေထိုင်စားသောက် လေ့ကျင့်ကြရန်လိုကြောင်း၊ အုပ်ချုပ်သူနည်းပြများအနေဖြင့် မိမိအားကစားသမားများကို သားသမီးများသဖွယ် ဂရုစိုက်ပြီး ပြောဆိုဆုံးမသွန်သင်၍ စနစ်တကျလေ့ကျင့် သင်ကြားပေးရန်လိုကြောင်း၊ အားကစားနည်းအလိုက် ဆုတံဆိပ်မျှော်မှန်းထားသည့် အားကစားသမားများ၏ တိုးတက်မှု စံချိန်စံညွှန်းများ၊ အရည်အချင်းများကို မှန်မှန်ကန်ကန်လေ့လာသုံးသပ်၍ လိုအပ်ချက်များမရှိအောင် ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ လေ့ကျင့်ရာတွင် အလွန်အကျွံ လေ့ကျင့်မှုများ မပြုလုပ်ရန်နှင့် Injury မရရှိအောင် နည်းပြများ ရေးဆွဲထားသည့် Training Programme များအတိုင်း ဂရုတစိုက်လေ့ကျင့်ရန် အားကစားသမားအား မှာကြားထားရန်လိုကြောင်း၊ လေ့ကျင့်မှုနှင့် နေထိုင်စားသောက်မှုများတွင် အခက်အခဲများရှိပါက တင်ပြနိုင်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး အစည်းအဝေးတက်ရောက်လာကြသည့် ညွှန်ကြားရေးမှူးများနှင့် အားကစားနည်းအလိုက် တာဝန်ခံ အုပ်ချုပ်/နည်းပြများမှ အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များ၊ လေ့ကျင့်မှုဆိုင်ရာ ကိစ္စရပ်များ၊ နေထိုင်စားသောက်မှုဆိုင်ရာကိစ္စရပ်များနှင့် အားကစားသမားများ၏ စံချိန်စံညွှန်း တိုးတက်မှု အခြေအနေများနှင့်ပတ်သက်၍ အသီးသီးတင်ပြဆွေးနွေးခဲ့ကြရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးမှ တင်ပြဆွေးနွေးမှုများအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် တာဝန်ရှိသူများထံ ဆက်လက်တင်ပြ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြား၍ အစည်းအဝေးအား ရုပ်သိမ်းခဲ့ပါသည်။

# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) သင်တန်းသား/သင်တန်းသူများ၏ နစ်ချုပ်လုပ်ငန်းဆိုင်ရာအစည်းအဝေး

● ရန်ကုန်၊ ဖေဖော်ဝါရီလ(၄)ရက်။

အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)သင်တန်းသား/ သင်တန်းသူများ၏ နစ်ချုပ်လုပ်ငန်းဆိုင်ရာအစည်းအဝေးကို ယနေ့နံနက်(၁၀)နာရီခွဲက အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(၁) ဦးကျော်ဦး၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေနှင့် အားကစားနည်းအလိုက် နည်းပြများ တက်ရောက်ခဲ့ကြပါသည်။



အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(၁) ဦးကျော်ဦးက ညွှန်ကြားရေးမှူးချုပ်ကိုယ်စား အဖွင့်အမှာစကား ပြောကြားရာတွင် အားကစားနှင့်ကာယပညာသိပ္ပံကျောင်းများတွင် သင်တန်းသား/သင်တန်းသူများအား ကျောင်းအိပ် ကျောင်းစား စားဝတ်နေရေး၊ ကျောင်းဝတ်စုံ၊ လေ့ကျင့်ရေးဝတ်စုံ ပညာသင်စရိတ်များကို ထောက်ပံ့ပေး၍ အားကစားနှင့် ပညာရေးဘက်စုံ ထူးချွန်အောင် ဆောင်ရွက်ပေးနေတာဖြစ်သည့်အတွက် သင်တန်းသား/သင်တန်းသူများ ရွေးချယ်သည့်အခါတွင် စနစ်တကျ မှန်မှန်ကန်ကန် ရွေးချယ်ရန် လိုအပ်ပါကြောင်း၊ သင်တန်းသား/သင်တန်းသူများအား ရွေးချယ်သည့်အခါတွင် ကျွမ်းကျင်











(၁၇-၂-၂၀၂၃)ရက်နေ့တွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းဦးသည် အားကစားနှင့် ကာယပညာသိပ္ပံ(တောင်ကြီး) ကျောင်းအုပ်ကြီး၊ တာဝန်ရှိသူများနှင့် အားကစားနည်းအလိုက် လေ့ကျင့်ရေးတာဝန်ခံများမှ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် သင်တန်းသား/သင်တန်းသူများ၏ နှစ်ချုပ်သုံးသပ်အစည်းအဝေးပြုလုပ်ပြီး သင်တန်းသားစားရိပ်သာ၌ သင်တန်းသား/သင်တန်းသူများနှင့် နေ့လယ်စာ အတူတကွစားသုံးခဲ့ပြီးနောက် အုပ်ချုပ်မှုရုံး၊ ရုံးလုပ်ငန်းများ၊ ဆေးပေးခန်း၊ စားရိပ်သာ၊ ရေကူးကန်၊ အားကစားကွင်း/အားကစားရုံများနှင့် အားကစားနည်းအလိုက် သင်တန်းသား/သင်တန်းသူများ၏လေ့ကျင့်နေမှုအား ကြည့်ရှုစစ်ဆေး။

# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းဦး ရှမ်းပြည်နယ်/ခရိုင်/မြို့နယ် ဝန်ထမ်းများနှင့်တွေ့ဆုံပွဲ အခမ်းအနားကျင်းပ








● တောင်ကြီး၊ ဖေဖော်ဝါရီလ(၁၈)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းဦး၊ ရှမ်းပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ကျော်သိန်း၊ဒုတိယညွှန်ကြားရေးမှူး ဒေါ်နန်းအဲမာတို့သည် ယနေ့ နေ့လယ် (၁၅း၀၀) နာရီအချိန်တွင် ပြည်နယ်အစည်းအဝေးခန်းမ၌ ပြည်နယ်/ခရိုင်/မြို့နယ်များမှ အရာထမ်း/အမှုထမ်းများနှင့်တွေ့ဆုံခြင်း အခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါတွေ့ဆုံပွဲ အခမ်းအနားတွင်တက်ရောက်လာကြသော အရာထမ်း/အမှုထမ်းများမှ တစ်ဦးချင်း မိတ်ဆက်ကြပါသည်။ ဆက်လက်ပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်မှ လမ်းညွှန်အမှာစကား ပြောကြားခဲ့ရာတွင် အဓိက မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိကျရာတာဝန်ကို ကျေပွန်စွာထမ်းဆောင်ရမှာ တာဝန်အရ လုပ်ရတာအပြင် စေတနာပါထည့်လုပ်ရန်၊ ရုံးလုပ်ငန်း စနစ်သတ်မှတ်ထားပြီးဖြစ်၍ လိုက်နာဆောင်ရွက်ရာတွင် ရုံးလုပ်ငန်းလက်စွဲပါ စည်းမျဉ်းစည်းကမ်းများကို ဦးစားပေး၍ စနစ်တကျ လိုက်နာဆောင်ရွက်ရန်၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း ကြီးကြပ်ကွပ်ကဲမှု အနည်းဆုံးဖြင့် ဆောင်ရွက်နိုင်အောင် ကြိုးစားကြရန်၊ အထက်အောက် အပြန်အလှန် လေးစားမှုရှိပြီး၊ မိသားစုသဖွယ်ချစ်ခင်စည်းလုံးစွာဖြင့် သည်းခံမှု၊ စာနာမှု၊ နားလည်မှုများထားရှိရန်၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ခွင့်ပြုချက်ကြိုတင်တောင်းခံရန်နှင့် မည်သည့်အလုပ်မဆို checklist ထား၍ ဆောင်ရွက်ပါက ပိုမိုကောင်းမွန် အောင်မြင်မှာဖြစ်ကြောင်းပြောကြားခဲ့ပြီး ညွှန်ကြားရေးမှူးမှ ရှမ်းပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေအား power point ဖြင့် ရှင်းလင်းပြသခဲ့ပါသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်မှ နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် မိုးရာသီအားကစားသင်တန်းများကို အခြေခံပညာကျောင်း (၂)ကျောင်းခန့်တွင် ဇွန်၊ ဇူလိုင်၊ ဩဂုတ်လတို့၌ pilotproject အဖြစ်ဆောင်ရွက်ပါက ပိုမိုထိရောက်အောင်မြင်မည်ဟု ယုံကြည်ကြောင်း၊ မိမိတို့၏လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ကြစေလိုကြောင်း၊ ဝန်ထမ်းကောင်းမှ နိုင်ငံတိုးတက်ကောင်းမွန်မှာဖြစ်ကြောင်း၊ ဝန်ထမ်းများ အချင်းချင်းစည်းလုံးညီညွတ်စွာ မိသားစုစိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန် ပြောကြားသွားပြီး တွေ့ဆုံပွဲ အခမ်းအနားကို ညနေ (၁၆း၂၀)နာရီအချိန်တွင် ရုပ်သိမ်းခဲ့ကြောင်း သိရှိရပါသည်။

---

▶▶

နည်းပြများဖြင့် ရွေးချယ်မှသာလျှင် အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများအတွက် အလားအလာကောင်းမှာဖြစ်သည့်အတွက် လိုအပ်ပါက အဖွဲ့ချုပ်မှနည်းပြများနှင့် ချိတ်ဆက်၍ သွားရောက်ရွေးချယ်ရန် လိုအပ်ပါကြောင်း၊ ပုဂ္ဂိုလ်ရေးမပါဘဲ အရည်အချင်း ကိုက်ညီမှုရှိသည့်သူများကိုသာ အဓိကထားရွေးချယ်ကြရန် လိုအပ်ပါကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေက အားကစားနှင့် ကာယပညာ သိပ္ပံ(ရန်ကုန်)မှ သင်တန်းသား/သင်တန်းသူများ ရွေးချယ်ရေးကိစ္စရပ်များနှင့် အင်အားလျော့ချရသည့် အကြောင်းအရင်းများကို ဆွေးနွေးတင်ပြပြီး သက်ဆိုင်ရာနည်းပြများမှ အားကစားနည်းအလိုက် ဆွေးနွေးတင်ပြပြီးနောက် အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(၁) ဦးကျော်ဦးမှ နိဂုံးချုပ်အမှာစကားပြောကြား၍ အစည်းအဝေးအား ရုပ်သိမ်းခဲ့ပါသည်။









(၁၇-၂-၂၀၂၃)ရက်နေ့တွင် မကွေးတက္ကသိုလ်နှင့် မကွေးတိုင်းဒေသကြီး၊ လူငယ်ရေးရာကော်မတီတို့ပူးပေါင်း၍ မကွေးတက္ကသိုလ် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် သင်ကြားနေသော ကျောင်းသား/ကျောင်းသူများအား လူငယ်နှင့်အားကစားဆိုင်ရာ ဗဟုသုတ၊ အသိဉာဏ်ပညာ တိုးပွားစေရန်ရည်ရွယ်ပြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းအောင်မှ ဟောပြောပေးခဲ့ပြီး ဟောပြောပွဲသို့ ကျောင်းသား/ကျောင်းသူအင်အား (၄၅၀)ဦးခန့် တက်ရောက်ခဲ့ကြပါသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး၊ လူငယ်ရေးရာကော်မတီ အဖွဲ့ဝင်များနှင့် ကျောင်းသား/ကျောင်းသူလေးများမှ လူငယ်နှင့်အားကစား၊ လူငယ်နှင့်မူးယစ်ဆေးဝါး၊ လူငယ်နှင့်ပညာရေး၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့် ယဉ်ကျေးမှု စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြပြီး လူငယ်စကားဝိုင်းကို ကျင်းပပြုလုပ်ခဲ့ပြီး ပါဝင်ဆင်နွှဲခဲ့သည့် ကျောင်းသား/ကျောင်းသူများအား အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းအောင်မှ လက်ဆောင်များပေးအပ်။

# (၂၀၂၂-၂၀၂၃) ပညာသင်နှစ်၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲသို့ လာရောက်ယှဉ်ပြိုင်သည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ အသင်းအုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ မြန်မာ့အားကစားလှုပ်ရှားမှုများပြခန်းသို့ လာရောက်ကြည့်ရှုလေ့လာ





● နေပြည်တော်၊ ဖေဖော်ဝါရီလ(၂၀)ရက်။

နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ဖေဖော်ဝါရီ(၁၈)ရက်နေ့မှ (၂၈)ရက်နေ့အထိ ကျင်းပပြုလုပ်လျက်ရှိသည့် (၂၀၂၂-၂၀၂၃) ပညာသင်နှစ်၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲသို့ လာရောက်ယှဉ်ပြိုင်သည့် အားကစားသမားများသည် အရှေ့တောင်အာရှ၊ အာရှနှင့် နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် အောင်မြင်ကျော်ကြားခဲ့သည့် မြန်မာ့လက်ရွေးစင် အားကစားသမားဟောင်းများ၏ အားကစားစွမ်းဆောင်ခဲ့မှု သမိုင်းမှတ်တမ်းများကို ကြည့်ရှုလေ့လာမှတ်သားပြီး အားကစားကို ပိုမိုစိတ်ပါဝင်စား၍ စိတ်ဓာတ်ခွန်အားများရရှိစေပြီး အတုယူ ကြိုးစားလိုစိတ်များ ဖြစ်ပေါ်လာစေရန်အတွက် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှ ပြိုင်ပွဲဝင် ဘောလုံး(အမျိုးသား)၊ ဘော်လီဘော (အမျိုးသား/အမျိုးသမီး)၊ ပိုက်ကျော်ခြင်း(အမျိုးသား)နှင့် ပြေးခုန်ပစ် (အမျိုးသား/အမျိုးသမီး)အားကစားနည်းတို့မှ အသင်းအုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမား စုစုပေါင်း အင်အား ၆၀၀ ဦးတို့သည် ယနေ့မွန်းလွဲ(၁)နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း Social Zone ၌ ဖွင့်လှစ်ပြသထားရှိသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန မြန်မာ့အားကစားလှုပ်ရှားမှုများပြခန်းအတွင်းရှိသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက် မြန်မာ့အားကစားလှုပ်ရှားမှုများပြခန်းအား လည်းကောင်း၊ မြန်မာ့အားကစား မော်ကွန်းခန်းမအတွင်းရှိ မှတ်တမ်းတင်ထားရှိထားသော နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင် အားကစားသမားများ၏ ပုံတူရုပ်တုများအားလည်းကောင်း၊ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများတွင် အောင်မြင်မှုဆုတံဆိပ်ရရှိခဲ့သည့် မြန်မာ့လက်ရွေးစင် အားကစားသမားများ၏ မှတ်တမ်းများအားလည်းကောင်း လာရောက်ကြည့်ရှုလေ့လာခဲ့ကြပြီး သိရှိမေးမြန်းလိုသည်များကို လူထုအားကစားနှင့် ပညာပေးဌာနခွဲမှ ပြခန်းတာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသခဲ့ပြီးနောက် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ရေကူးကန်အား ဆက်လက်သွားရောက်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

■

















(၂၁-၂-၂၀၂၃)ရက်နေ့တွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန လမ်းညွှန်မှုဖြင့် ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီမှ ကြီးမှူး၍ ပဲခူးတက္ကသိုလ်နှင့် တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ပြီး အသိပညာ ဗဟုသုတ ပြည့်စုံစေရန်ရည်ရွယ်၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ပဲခူးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပ။

# အားကစားနှင့်ကာယပညာသိပ္ပံ(လှိုင်ကော်)၂၀၂၂-၂၀၂၃ ပညာသင်နှစ်၊ ပညာရေးစုံညီပွဲတော် ကျင်းပ





● လှိုင်ကော်၊ ဖေဖော်ဝါရီလ(၄)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ(လှိုင်ကော်)၏ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်၊ ပညာရေးစုံညီပွဲတော်အား ယနေ့နံနက်(၀၉း၀၀)နာရီအချိန်တွင် အားကစားနှင့်ကာယပညာသိပ္ပံ(လှိုင်ကော်)စုပေါင်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အခမ်းအနားသို့ အားကစားနှင့် ကာယပညာသိပ္ပံ(လှိုင်ကော်)မှကျောင်းအုပ်ကြီး ဒေါ်စိုးစိုးမြ၊ ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးသန်းထိုက်ဦး၊ ဒုတိယကျောင်းအုပ်ကြီးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများနှင့် အရာထမ်း/အမှုထမ်းများ အားကစားနှင့် ပညာရေးပေါင်းစပ်အထက်တန်းကျောင်းမှ ဆရာ/မများနှင့် သင်တန်း/သူများ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားအား "ကြိုဆိုပါသည် စုံညီပွဲတော်" သီချင်းဖြင့်ဖွင့်လှစ်ခဲ့ပြီး အားကစားနှင့် ကာယပညာသိပ္ပံ(လှိုင်ကော်) ကျောင်းအုပ်ကြီး ဒေါ်စိုးစိုးမြက အဖွင့်အမှာစကားပြောကြားပြီးနောက် (၇၅)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဖူဆယ်အားကစားပြိုင်ပွဲနှင့် ထုတ်ဆီးတိုး ပြိုင်ပွဲများတွင် ပထမဆုရရှိသူများအား လည်းကောင်း၊ ပြည်နယ်နှင့်တိုင်း ပြေးခုန်ပစ်ပြိုင်ပွဲတွင် ပြည်နယ်ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ခဲ့သောကျောင်းသား/သူများအား လည်းကောင်း၊ လူရည်ချွန်ပြိုင်ပွဲတွင် ဝင်

စာမျက်နှာ(၆၀)သို့











(၉-၂-၂၀၂၃)ရက်နေ့တွင် အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ(မုံရွာ)၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်၊ သင်တန်းသား/သင်တန်းသူများ၏ နှစ်ချုပ်သုံးသပ်အစည်းအဝေး။

## အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ(မော်လမြိုင်) ကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူး ဦးနေမျိုးလွင်က ဝန်ထမ်းများနှင့် လစဉ်တွေ့ဆုံ ဆန္ဒဖော်ထုတ်ပွဲ(ဒါဘာ)အခမ်းအနားကျင်းပ




● မော်လမြိုင်၊ ဖေဖော်ဝါရီလ(၂၄)ရက်။

အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ(မော်လမြိုင်)တွင် ဌာနခွဲတာဝန်ခံ ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၏ လစဉ်တွေ့ဆုံဆန္ဒဖော်ထုတ်ပွဲ(ဒါဘာ) အခမ်းအနားကို ယနေ့ နေ့လယ်(၁၄း၀၀)နာရီအချိန်တွင် အားကစားနှင့် ကာယပညာသိပ္ပံ(မော်လမြိုင်) အုပ်ချုပ်မှုရုံးစုပေါင်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ အားကစားနှင့်ကာယပညာသိပ္ပံ(မော်လမြိုင်) ကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူး ဦးနေမျိုးလွင်က အဖွင့်အမှာစကား ပြောကြားရာတွင် (၁၆-၂-၂၀၂၃)ရက်နေ့တွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင် လာရောက်သည့်ခရီးစဉ်တွင် အားကစားနှင့် ကာယပညာသိပ္ပံ (မော်လမြိုင်)

⋙




▶ စာမျက်နှာ(၅၉)သတင်း•••မှအဆက်

ရောက်ယှဉ်ပြိုင်ခဲ့သော ကျောင်းသား/သူများအားလည်းကောင်း၊ အင်္ဂလိပ်စာ ထူးချွန်၊ သင်္ချာ ထူးချွန်ပြိုင်ပွဲများတွင် ဝင်ရောက် ယှဉ်ပြိုင်ခဲ့သော ကျောင်းသား/သူများအား လည်းကောင်း၊ မြို့နယ်အဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော ကျောင်းသူအား လည်းကောင်း၊ စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိအောင် သင်ကြားပေးခဲ့သော အလယ်တန်းပြ ဆရာမ ဒေါ်တင်ရီအားလည်းကောင်း၊ ကယားပြည်နယ်နေ့ အခမ်းအနားတွင် ပါဝင်ဖျော်ဖြေပေးသော ပန်းပွားအဖွဲ့အားလည်းကောင်း၊ ကျောင်းတွင်းရိုးရာအားကစားပြိုင်ပွဲတွင် အသင်းလိုက် ဆုရရှိခဲ့သော အသင်းများအား လည်းကောင်း၊ ပြည်ထောင်စုနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီ၊ ဆောင်းပါး၊ ကဗျာပြိုင်ပွဲများတွင် ဆုရရှိခဲ့သော ကျောင်းသား/သူများအား တာဝန်ရှိသူအသီးသီးမှ ဆုများချီးမြှင့်ခဲ့ပြီး တက်ရောက်လာသော ဧည့်သည်တော်များနှင့် ဆရာ/မများ၊ ကျောင်းသား/သူများမှ တေးသီချင်းများ၊ ဦးရွှေရိုးနှင့်ဒေါ်မိုး တေးသရုပ်ဖော်သီဆို ကပြဖျော်ဖြေခြင်းများ၊ ပန်းပွားအကဖြင့် ကပြဖျော်ဖြေခြင်းများ ပြုလုပ်ခဲ့ပြီး“ကျောင်းကောင်စီ” သီချင်းဖြင့် စုံညီပွဲတော် အခမ်းအနားအား(၁၁း၀၀)နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပြီး တက်ရောက်လာသူများအား အထူးနေ့လယ်စာဖြင့်တည်ခင်းဧည့်ခံခဲ့ကြောင်း သိရှိရသည်။

■

# မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ရောဝတီဘဏ် မိတ်ဖက်စာချုပ် ချုပ်ဆို

● ရန်ကုန်၊ ဖေဖော်ဝါရီလ(၂၁)ရက်။

မြန်မာ့ဘောလုံးအားကစားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ရောဝတီဘဏ်တို့မိတ်ဖက်စာချုပ်ချုပ်ဆိုခြင်း အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီက ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်မက်စ်တွင်ကျင်းပရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဒုဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်းနှင့် အမှုဆောင်များ၊ အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်း၊ မြန်မာနေရှင်နယ်လိဂ်ကော်မတီ ဥက္ကဋ္ဌ ဦးဇော်မင်းသိန်း၊ အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်နှင့် တာဝန်ရှိသူများ၊ မြန်မာနေရှင်နယ်လိဂ်ကလပ်အသင်းပိုင်ရှင်များ၊ စပွန်ဆာ ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ လက်ရွေးစင်အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဒုဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ရောဝတီဘဏ် အမှုဆောင်အရာရှိချုပ် ဦးမြင့်ဇော်က ပံ့ပိုးကူညီရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် ရောဝတီဘဏ်တို့ မိတ်ဖက်သဘောတူစာချုပ်ချုပ်ဆိုပြီး အမှတ်တရလက်ဆောင် ပေးအပ်ကာ စုပေါင်းဓာတ်ပုံရိုက်ကူးကြသည်။




ရောဝတီဘဏ်အနေဖြင့် မြန်မာ့လက်ရွေးစင် အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်း၊ ဖူဆယ်လက်ရွေးစင်အသင်းနှင့် ဖူဆယ်ပြိုင်ပွဲများ၊ သက်တမ်းအလိုက် လူငယ်လက်ရွေးစင်အသင်းများ နိုင်ငံတကာပြိုင်ပွဲများဝင်ရောက်ယှဉ်ပြိုင်ရန်၊ နိုင်ငံတကာ ခြေစမ်းပွဲများ ကစားနိုင်ရန်၊ ပြည်ပလေ့ကျင့်ရေးခရီးစဉ်များ သွားရောက်နိုင်ရန်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်လက်အောက်ရှိ အကယ်ဒမီကျောင်းများ လည်ပတ်ဆောင်ရွက်ရန်နှင့် လူငယ်ဖွံ့ဖြိုးရေးစီမံကိန်းများ ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကို မိတ်ဖက်ပံ့ပိုးကူညီသူ Partnership အဖြစ် တစ်နှစ်အတွက် ကျပ်သိန်း ၁၅၀၀ ပံ့ပိုးကူညီခြင်းဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကို Alpine သောက်ရေသန့်၊ RGK+Z&A Group, Warrix အားကစားပစ္စည်း၊ PAN အားကစားဖိနပ်၊ နိုဗိုတယ်ရန်ကုန်မက်စ်တို့ကလည်း Co-Sponsors များအဖြစ် ပံ့ပိုးကူညီလျက်ရှိသည်။

ဆက်လက်၍ မြန်မာနေရှင်နယ်လိဂ်နှင့် AYA Pay တို့ သဘောတူစာချုပ်ချုပ်ဆိုခဲ့ကြသည်။ AYA Pay အနေဖြင့် ဖေဖော်ဝါရီ ၂၁ ရက်မှစတင်ကာ ကျင်းပနေသည့် ၂၀၂၃ ရာသီ MNL အမှတ်ပေးပြိုင်ပွဲကို Supporting Partner အဖြစ် ကျပ်သိန်းတစ်သောင်း ပံ့ပိုးကူညီခြင်းဖြစ်သည်။ ၂၀၂၃ မြန်မာနေရှင်နယ်လိဂ် ကျင်းပနိုင်ရေးအတွက် AYA Pay နှင့်အတူ Host Broad-caster အဖြစ် SKY NET ရုပ်သံ၊ တရားဝင်မိတ်ဖက်များအဖြစ် Genius၊ 100 PLUS၊ AYA SYMPO၊ Warrix၊ ပူးတွဲစပွန်ဆာများအဖြစ် CP FIVE STAR ၊ Fresh Air Con၊ Alpine ၊ MAX Energy နှင့် MAX Cement တို့ကလည်း ပံ့ပိုးကူညီလျက်ရှိသည်။





▶▶

သန့်ရှင်းသာယာလှပခြင်းအား ချီးကျူးပြောကြားသွားပါကြောင်း၊ အားကစားနှင့် ကာယပညာသိပ္ပံ(မော်လမြိုင်) အရာထမ်း၊အမှုထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လမ်းညွှန်အမှာစကားပြောကြားခြင်း၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်၊ သင်တန်းသားများ နှစ်ချုပ်သုံးသပ် အစည်းအဝေးပြုလုပ်ခြင်းနှင့် အားကစားနှင့် ပညာရေး ပေါင်းစပ်အထက်တန်းကျောင်း၏ လိုအပ်ချက်များအား ပံ့ပိုးပေးခဲ့ပါကြောင်း၊ (၁၇-၂-၂၀၂၃) ရက်နေ့တွင် အားကစားနှင့် ပညာရေး ပေါင်းစပ်အထက်တန်းကျောင်းတွင် စာမေးပွဲဖြေဆိုသည့် ကျောင်းသား/ကျောင်းသူများကို အားပေးစကားများ ပြောကြားသွားပါကြောင်း၊ မိမိအနေဖြင့် အားကစားနှင့် ကာယပညာဦးစီးဌာန၏ လမ်းညွှန်ချက်များအား ဝန်ထမ်းများအားလုံးကို ထပ်ဆင့်ရှင်းလင်းပြောကြားသွားမည်ဖြစ်ကြောင်း၊ လမ်းညွှန်မှာကြားချက်အရ ဌာနဝန်ထမ်းများသည် အကြောင်းအမျိုးမျိုးကြောင့် သာမန်အခမ်းအနားများ တက်ရောက်သည့်အခါ၊ နယ်မြေကွင်းဆင်းခြင်းနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်သည့်အခါ အမြင်မတင့်တယ်သော အစင်းများ မဝတ်ဆင်ရန်နှင့် Plain(သို့မဟုတ်)အရောင်ဖျော့ဖျော့ အင်္ကျီများ ဝတ်ဆင်ရန်လိုကြောင်း၊ ဝန်ထမ်းများနည်းပြများသည် တာဝန်ချိန်များတွင် မိမိအား ပေးအပ်ထားသော တာဝန်များကို အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှပြင်ဆင်ဖြည့်စွက်ထားသည့် နည်းဥပဒေများအား ပြောကြားရာတွင် ရာထူးအဆင့်အလိုက် သတ်မှတ်လုပ်သက်ပြည့်မီမှသာ ရာထူးတိုး စာမေးပွဲဖြေဆိုကြရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများ တစ်ဆင့်မြင့်ရာထူးတိုးပါက ကတိခံဝန်ချက်များ ရေးထိုးထားခဲ့သည့်အတိုင်း မိမိတာဝန်ကျ ဒေသသို့ သွားရောက် တာဝန်ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ ရာထူးပြန်အပ်ခြင်းကို လုံးဝလက်ခံမည် မဟုတ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ယခုပညာသင်နှစ်တွင် နှစ်စမှနှစ်ဆုံးအထိ လုပ်ငန်းတာဝန်များ အောင်မြင်ပြီးဆုံးအောင် ဆောင်ရွက်ကြသည့်အတွက် ဝမ်းသာဂုဏ်ယူပါကြောင်း၊ လာမည့်ပညာသင်နှစ်တွင်လည်း ယခုပညာသင်နှစ်ကဲ့သို့ အောင်အောင်မြင်မြင်ဖြစ်ရန် လုပ်ဆောင်ကြရမည် ဖြစ်ကြောင်း၊ ဝန်ထမ်းများအားလုံးစည်းလုံးညီညွတ်စွာဖြင့် လုပ်ငန်းတာဝန်များအား ကျေပွန်စွာ ထမ်းဆောင်ကြရန်နှင့် သတ်မှတ်သည့်အချိန်အတိုင်း လုပ်ငန်းတာဝန်များပြီးစီးအောင် လိုက်နာဆောင်ရွက်ရန် မှာကြားလိုကြောင်း၊ အခက်အခဲများရှိပါက လွတ်လပ်စွာ တင်ပြနိုင်ကြောင်း ပြောကြားသွားပါသည်။

ထို့နောက် အားကစားနှင့်ကာယပညာသိပ္ပံ(မော်လမြိုင်)၊ ဌာနစိတ်အလိုက် ဝန်ထမ်းများမှတင်ပြစရာရှိသည်များတင်ပြကြပြီး အားကစားနှင့် ကာယပညာသိပ္ပံ (မော်လမြိုင်) ကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူး ဦးနေမျိုးလွင်က နိဂုံးချုပ် အမှာစကား ပြောကြားခဲ့ပါသည်။

အဆိုပါ အခမ်းအနားသို့ အားကစားနှင့် ကာယပညာသိပ္ပံ (မော်လမြိုင်)၊ ဒုတိယကျောင်းအုပ်ကြီးများနှင့် လက်ထောက်ညွှန်ကြားရေးမှူးများ၊ အရာထမ်း/အမှုထမ်း၊ စုစုပေါင်း(၈၂)ဦး တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။




(၂၆-၂-၂၀၂၃)ရက်နေ့တွင် ၂၀၂၃ ခုနှစ်၊ မေလ(၅)ရက်နေ့မှ(၁၇)ရက်နေ့အထိ ကမ္ဘောဒီးယားနိုင်ငံ၊ ဖနောင်ပင်မြို့တွင် ကျင်းပပြုလုပ်မည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် လှေလှော်အသင်း အောင်မြင်မှုရရှိစေရေးအတွက် ပြိုင်ပွဲဆိုင်ရာ ကိစ္စရပ်များ ကြိုတင်ညှိနှိုင်းဆွေးနွေးရန် ကမ္ဘောဒီးယားနိုင်ငံသို့ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းနှင့်အတူ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်မှတာဝန်ရှိသူ(၂)ဦးတို့သည် ယနေ့ နေ့လယ်(၁) နာရီအချိန်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားရာ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်မှ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း။

# (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် Kun Khmer အားကစားနည်းကို ပြိုင်ပွဲ(၁၉)မျိုး ကျင်းပမည်

ကမ္ဘောဒီးယားနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် Kun Khmer အားကစားနည်းကို ပြိုင်ပွဲအမျိုးအစား(၁၉)မျိုး ထည့်သွင်းကျင်းပရန် အတည်ပြုထားရှိပါသည်။

အရှေ့တောင်အာရှပြိုင်ပွဲဝင် နိုင်ငံပေါင်း(၈) နိုင်ငံမှ အားကစားအဖွဲ့ခေါင်းဆောင်များ ပါဝင်တက်ရောက်ခဲ့သည့် ပထမအကြိမ် အပြည်ပြည်ဆိုင်ရာ Kun Khmer အားကစားအဖွဲ့ချုပ်အစည်းအဝေးကို ပြီးခဲ့သည့်သီတင်းပတ်က ဖနောင်ပင်မြို့တွင်ကျင်းပခဲ့ပြီးနောက် နိုင်ငံတကာ Kun Khmer အားကစားအဖွဲ့ချုပ်က ယခုသီတင်းပတ်အစောပိုင်းတွင် အဆိုပါသတင်းကို ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါသည်။



အဆိုပါ ပြိုင်ပွဲအမျိုးအစား (၁၉)မျိုးတွင် အမျိုးသားဝိတ်တန်း(၁၁)မျိုး၊ အမျိုးသမီးဝိတ်တန်း(၆)မျိုးနှင့် Kun Krou ကို အမျိုးသား/အမျိုးသမီး(၁)တန်းစီ ထည့်သွင်းကျင်းပမည်ဖြစ်ပါသည်။

ကမ္ဘောဒီးယား၊ လာအို၊ မလေးရှား၊ မြန်မာ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ် စသည့် နိုင်ငံ(၇)နိုင်ငံက လာမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် အတည်ပြုထားရှိပြီးဖြစ်ပါသည်။

ပြိုင်ပွဲတွင် အားကစားနည်း (၃၇)နည်းနှင့် သရုပ်ပြ အားကစားနည်းများကို ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး (၁၂) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲအတွက် အားကစားနည်း(၁၃)မျိုး ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း တရားဝင်ထုတ်ပြန်ထားရှိပြီးဖြစ်ပါသည်။

(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ၂၀၂၃ခုနှစ် မေလ(၅)ရက်မှ (၁၇)ရက်အထိနှင့် (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲများကို ၂၀၂၃ခုနှစ် ဇွန်လ(၃)ရက်မှ (၉)ရက်နေ့အထိ ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် အသီးသီးလက်ခံကျင်းပသွားမည် ဖြစ်ပါသည်။

ဘာသာပြန် - ဒေါ်ခင်သက်ဆွေ(ဌာနခွဲစာရေး)
ဒေါ်အိအိသက်(အငယ်တန်းစာရေး)
ဒေါ်ရွှေမော်ဝင်း(ရုံးအကူ)

# ဖနောင်ပင်မြို့တော်တွင် ကျင်းပမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူဦးရေကို ကန့်သတ်ထားဟု ပြစ်တင်ဝေဖန်



ဖိလစ်ပိုင်အသင်းသည် ကမ္ဘောဒီးယားနိုင်ငံ၌ မေလ(၅)ရက်မှ(၁၇)ရက်နေ့အထိကျင်းပမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပြိုင်ပွဲမတိုင်မီကတည်းက ရှုံးနိမ့်နေပြီဖြစ်ကြောင်း၊ ကာယဗလအားကစားနည်းကိုထည့်သွင်းကျင်းပရန် စီစဉ်ထားရာမှ ဖြုတ်ချခဲ့ပြီး မွေထိုင်းအားကစားနည်းနှင့် Kun Khmer အားကစားနည်းကိုပေါင်းစပ်ကာ ကမ္ဘောဒီးယား အတိုက်အားကစားနည်းအဖြစ် ထည့်သွင်းလိုက်ပြီးနောက် ဖိလစ်ပိုင်နိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ Abraham Telention က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်ပါသည်။

အထူးသဖြင့် ဖိလစ်ပိုင်လက်ရွေးစင် အားကစားသမားများသည် အဆိုပါအားကစားနည်း(၂)မျိုးနှင့် ပတ်သက်၍ ၂၀၁၉ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ Subic မြို့၌ကျင်းပခဲ့သည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်(၃)ခုကိုလည်းကောင်း၊

# အရှေ့တောင်အာရှအားကစားပြိုင်ပွဲအကြို ကမ္ဘောဒီးယား ရိုးရာစစ်တုရင်တံခွန်စိုက်ပြိုင်ပွဲတွင် ကမ္ဘောဒီးယား ထိပ်ဆုံး၌ ရပ်တည်



မကြာသေးမီက ကျင်းပပြီးစီးခဲ့သည့် အရှေ့တောင်အာရှ ကမ္ဘောဒီးယားရိုးရာ ခမာစစ်တုရင်တံခွန်စိုက်ပြိုင်ပွဲတွင် ကမ္ဘောဒီးယားနိုင်ငံသည် မျှော်လင့်ထားသည့်အတိုင်း ထိပ်ဆုံးနေရာကို ရရှိခဲ့ပါသည်။

ပထမအကြိမ် နိုင်ငံတကာ ကမ္ဘောဒီးယားရိုးရာ ခမာစစ်တုရင်ပြိုင်ပွဲကို ဖနွမ်းပင်တော်ဝင်တက္ကသိုလ်၌ ဇန်နဝါရီလ(၇)ရက်နေ့မှ (၁၃) ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါပြိုင်ပွဲတွင် ကမ္ဘောဒီးယား၊ ထိုင်း၊ ဗီယက်နမ်နှင့် မြန်မာနိုင်ငံတို့မှ ကစားသမားများ၊ နည်းပြများ၊ ဒိုင်/ဂျူရီများအပါအဝင် စုစုပေါင်း(၆၂)ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါကြောင်း ပြည်တွင်းသတင်းဌာနမှ ဖော်ပြထားရှိပါသည်။

ကမ္ဘောဒီးယား စစ်တုရင်ကစားသမားများသည် ရွှေ(၃)ခု၊ ငွေ(၂)ခုနှင့်ကြေးတံဆိပ်(၃)ခု စုစုပေါင်း ဆုတံဆိပ်(၈)ခုဖြင့် ပထမနေရာကို လည်းကောင်း၊ ဗီယက်နမ်အသင်းသည် ရွှေ(၂)ခု၊ ငွေ(၃)ခုနှင့် ကြေးတံဆိပ်(၂)ခု စုစုပေါင်း ဆုတံဆိပ်(၇)ခုဖြင့် ဒုတိယနေရာကိုလည်းကောင်း၊ မြန်မာစစ်တုရင်ကစားသမားများသည် စုစုပေါင်းရွှေတံဆိပ်(၁)ခု၊ ကြေးတံဆိပ်(၂)ခုဖြင့် တတိယနေရာကို လည်းကောင်း အသီးသီးရရှိခဲ့ကြပါသည်။ ပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့၏ စစ်တုရင် စွမ်းရည်ကို အားကစားဝါသနာရှင်များ အံ့အားသင့်ခဲ့ကြပါသည်။

ထိုင်းအသင်းသည် ငွေတံဆိပ်(၁)ခု၊ ကြေးတံဆိပ်(၂)ခုဖြင့် စတုတ္ထနေရာတွင် ရပ်တည်ခဲ့ပြီး လာအိုက ဆုတံဆိပ်တစ်ခုမျှ ဆွတ်ခူးနိုင်ခြင်းမရှိခဲ့ပေ။

ယခုပြိုင်ပွဲကို ၂၀၂၃ ခုနှစ် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအကြိုကျင်းပခြင်းဖြစ်ပြီး ကမ္ဘောဒီးယား ရိုးရာခမာစစ်တုရင် အားကစားနည်းအမည်ဖြင့် မူလသတ်မှတ်ထားသော အားကစားနည်း(၃၇)မျိုးတွင် ထည့်သွင်းကျင်းပခြင်းဖြစ်ပါသည်။ ပြိုင်ပွဲဆိုင်ရာ စည်းမျဉ်း/စည်းကမ်းများကို ပြိုင်ပွဲဝင်နိုင်ငံများ သိရှိနားလည်စေရန်နှင့် ဒေသတွင်းအောက်ခြေအဆင့်အထိ ပြန့်ပွားစေရန်လည်း ရည်ရွယ်ပါသည်။

ပြိုင်ပွဲကို ကမ္ဘောဒီးယား ပညာရေး၊ လူငယ်နှင့်အားကစားဝန်ကြီးဌာနနှင့် ကမ္ဘောဒီးယားအိုလံပစ်ကော်မတီတို့၏ ပံ့ပိုးကူညီမှုများဖြင့် ကမ္ဘောဒီးယားစစ်တုရင်အဖွဲ့ချုပ်က စီစဉ်ကျင်းပခြင်းဖြစ်ပါသည်။

မိမိတို့အနေဖြင့် ယခုပြိုင်ပွဲကိုအောင်မြင်စွာကျင်းပနိုင်ခဲ့ပါကြောင်း၊ ယခုအခါ နိုင်ငံတကာကမ္ဘောဒီးယားရိုးရာ ခမာစစ်တုရင်ပြိုင်ပွဲများ၊ အထူးသဖြင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကာလတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပရန်နှင့် အခြားအားကစားနည်းများကိုလည်း ကျင်းပရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် ၂၀၂၃ ခုနှစ် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ နီးကပ်ချိန်တွင် ယခုကဲ့သို့ အားကစားပြိုင်ပွဲများသာမက နိုင်ငံတကာအားကစားပြိုင်ပွဲများကိုလည်း ပိုမိုလက်ခံ ကျင်းပပြုလုပ်နိုင်ရေးအတွက် ကမ္ဘောဒီးယား အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ (CAMSOC)နှင့် မိတ်ဖက်အဖွဲ့အစည်းများက မဟာဗျူဟာချမှတ် ဆောင်ရွက်လျက်ရှိပါကြောင်း ကမ္ဘောဒီးယား အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး Vath Chamroeun မှ အလေးအနက် ပြောကြားခဲ့ပါသည်။

မိမိတို့အနေဖြင့် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ပိုမိုကြိုးစား အားထုတ်ရန်နှင့် အတွေ့အကြုံကောင်းများ လိုအပ်လျက်ရှိပါကြောင်း။

ဒေသတွင်း ပြိုင်ပွဲများတွင် အကောင်းဆုံးအစွမ်းပြ ယှဉ်ပြိုင်နိုင်ခဲ့သည့် ကမ္ဘောဒီးယား စစ်တုရင် ကစားသမားများအနေဖြင့် လာမည့်အရှေ့တောင်အာရှအားကစား ပြိုင်ပွဲများတွင်လည်း ဆုတံဆိပ်များ ဆွတ်ခူးရရှိမည်မှာ မလွဲကေန်ပင်ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

**ဘာသာပြန်သူ - ဒေါ်အေးအေးလှိုင်၊**
**ဦးစီးမှူး(ကွန်ပျူတာ)**
**ဒေါ်နွေးနွေး(အငယ်တန်းစာရေး)**
**ဦးသက်နိုင်စိုး(ရုံးအကူ)**

---

ပြီးခဲ့သည့်နှစ် ဗီယက်နမ်နိုင်ငံ၌ ကျင်းပခဲ့သည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်(၂)ခုကိုလည်းကောင်း ရရှိခဲ့သောကြောင့် နိုင်ငံအတွက် ရွှေတံဆိပ်ဆုများ ထပ်မံရရှိနိုင်သည့် အခွင့်အလမ်းရှိကြောင်း ပြောကြားခဲ့ပါသည်။

အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ(IOC)နှင့် အာရှအိုလံပစ်ကောင်စီ(OCA) နှစ်ခုစလုံး၏ အသိအမှတ်ပြုခြင်းမရှိဘဲ ဖွဲ့စည်းထားသည့် အပြည်ပြည်ဆိုင်ရာ မွေထိုင်းအဖွဲ့ချုပ် (IFMA)က ကမ္ဘောဒီးယား အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည့် မွေထိုင်းအားကစားပြိုင်ပွဲသို့ ပြိုင်ပွဲဝင်နိုင်ငံများအနေဖြင့် မွေထိုင်းအာကစားအသင်းကို စေလွှတ်ခြင်းမပြုလျှင် အန္တရာယ်ရှိနိုင်ပါကြောင်း ပူးပေါင်းဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားခဲ့ပါသည်။

ဖိလစ်ပိုင် အမျိုးသားအိုလံပစ်ကော်မတီက တရားဝင်ထောက်ခံမှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ မွေထိုင်းအားကစားနည်းကို မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါကြောင်း Tagaytay မြို့တော်ဝန်က ယမန်နေ့တွင် The Star သတင်းဌာနသို့ ပြောကြားခဲ့ပါသည်။

ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် ပြိုင်ပွဲသို့ လာရောက်ယှဉ်ပြိုင်မည့် နိုင်ငံများအနေဖြင့် အတိုက်အားကစားနည်းများနှင့် အခြားသောအားကစားနည်းများတွင် ပါဝင်ယှဉ်ပြိုင်မှုကို ကန့်သတ်မည်မဟုတ်ကြောင်း အစောပိုင်းက ပြောကြားခဲ့ပါသည်။

သို့ရာတွင် ပြိုင်ပွဲအမျိုးအစား(၁၅)မျိုး ထည့်သွင်းကျင်းပသော ကရာတေးကစားနည်းတွင် အိမ်ရှင်မှလွဲ၍ ကျန်အသင်းများသည် အများဆုံး(၁၀)မျိုးသာ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်ဟု ကန့်သတ်ထားပါသည်။

အလားတူ ပြိုင်ပွဲအမျိုးအစား(၁၀)မျိုး ထည့်သွင်းကျင်းပသော ကနူးကယက်နှင့် E-Sports အားကစားနည်းများတွင်လည်း အိမ်ရှင်နိုင်ငံမှလွဲ၍ ကျန်အသင်းများသည် (၇)မျိုးသာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်။

ကန့်သတ်ချက်များ မပါဝင်ခဲ့လျှင် ဖိလစ်ပိုင်နိုင်ငံသည် ယခင်နှစ်ဟနွိုင်းအားကစားပြိုင်ပွဲတွင် ရွှေ(၅၂) ခု၊ ငွေ(၇၀)ခုနှင့် ကြေးတံဆိပ် (၁၀၅)ခုရရှိခဲ့သကဲ့သို့ စတုတ္ထနေရာကို မျှော်လင့်နိုင်မည်ဖြစ်ကြောင်း Mr.Tolentino က Business World သတင်းဌာနသို့ ပြောကြားခဲ့ပါသည်။

**ဘာသာပြန် - ဒေါ်သူဇာမြင့်(ဌာနခွဲစာရေး)**
**ဒေါ်ထက်ထက်အောင်(အငယ်တန်းစာရေး)**
**ဒေါ်ရတနာဦး(စာကူး/စက်လှည့်အကူ)**

# ကမ္ဘောဒီးယား အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် အမေရိကန်ဒေါ်လာ သန်း(၁၀၀)ကျော် သုံးစွဲမည်

ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ်တွင် ကျင်းပမည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် (၁၂)ကြိမ်မြောက် မသန်စွမ်းအားကစားပြိုင်ပွဲအတွက် အမေရိကန်ဒေါ်လာ သန်း(၁၀၀)ကျော် သုံးစွဲမည်ဖြစ်ကြောင်း အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးကော်မတီမှ ပြင်ဆင်ဆောင်ရွက်နေသော (၂)နှစ်တစ်ကြိမ် ခမ်းနားကြီးကျယ်စွာ ကျင်းပသည့် အားကစားပြိုင်ပွဲ ကျင်းပရန် ရက်ပေါင်း(၁၀၀)အကြို စတင်ရေတွက်သည့် ဖွင့်ပွဲအခမ်းအနားတွင် ဝန်ကြီးချုပ် Hun Sen က ပြောကြားခဲ့ပါသည်။

ဇန်နဝါရီ(၂၃)ရက်နေ့တွင် ကမ္ဘောဒီးယားတက္ကသိုလ်မှ ကျောင်းသား/သူ(၇၀၀၀)နီးပါး၏ စွမ်းဆောင်ရည်အတွက် ချီးမြှင့်သော ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဝန်ကြီးချုပ်Hun Senက နိုင်ငံတော်အနေဖြင့် အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်များရယူရန်ထက် လုံခြုံရေးနှင့် ညှိ့ဝတ်ကျေပွန်ရေးအတွက် တာဝန်ယူမှုအပိုင်းကို အထူးအလေးပေးဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့ပါသည်။

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသည် ကြီးကျယ်ခမ်းနားသော ပြိုင်ပွဲဖြစ်သည့်အတွက် မိမိတို့အနေနှင့် ရန်ပုံငွေအမြောက်အမြား သုံးစွဲရန်လိုအပ်ပါကြောင်း၊ တရုတ်နိုင်ငံမှလည်း Morodok Techo အမျိုးသားအားကစားရုံ ဆောက်လုပ်ရာတွင် ကူညီပေးခဲ့ကြောင်းနှင့် အခြားအားကစားအဆောက်အဦးများ၊ အားကစားအထောက်အကူပစ္စည်းများ ထပ်မံထည့်သွင်းတပ်ဆင်ပေးရန်အတွက် ကိုယ်ပိုင်ဘတ်ဂျက်ကို အသုံးပြုခဲ့ပါကြောင်း ပြောကြားခဲ့ပါသည်။

မိမိအနေနှင့် ယခင်ကတစ်နှစ်လျှင် အမေရိကန်ဒေါ်လာ သန်း(၄၀)ဝန်းကျင် အသုံးပြုခဲ့ပါကြောင်း ယခုအခါ (၃)နှစ်နီးပါး ပြင်ဆင်ခဲ့ပြီးနောက် စုစုပေါင်း အမေရိကန်ဒေါ်လာ သန်း(၁၀၀)ကျော် သုံးစွဲခဲ့ပြီးဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် အမှန်တကယ် ကုန်ကျငွေများကို ဖုံးကွယ်ထားမည်



မဟုတ်ပါကြောင်း ပြောကြားခဲ့ပါသည်။

ဝန်ကြီးချုပ် Hun Sen က အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် ကမ္ဘောဒီးယားနိုင်ငံသို့လာရောက်ကြသည့် ပြိုင်ပွဲဝင်နိုင်ငံများအားလုံးမှ အားကစားကိုယ်စားလှယ်များအတွက် ဘေးကင်းလုံခြုံမှုနှင့် ညှိ့ဝတ်ကျေပွန်စွာ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ကမ္ဘောဒီးယားနိုင်ငံသို့ လာရောက်ယှဉ်ပြိုင်ခြင်းဖြင့် စိတ်ပျော်ရွှင်မှုကို မလွဲမသွေ ရရှိစေမည်ဖြစ်ပါကြောင်း အလေးအနက် ပြောကြားခဲ့ပါသည်။

ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် ယခင်က အားကစား အထောက်အကူပြုပစ္စည်းများ နည်းပါးခြင်းကြောင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် အကြိမ်ကြိမ်ငြင်းဆိုခဲ့ဖူးပါကြောင်း ၎င်းက ပြောကြားခဲ့ပါသည်။

ဝန်ကြီးချုပ် Hun Sen က အိမ်နီးချင်းလာအိုနိုင်ငံသည် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီးဖြစ်သည့်အတွက် မိမိတို့နိုင်ငံသည် ၎င်းနိုင်ငံထက် ခေတ်နောက်ကျကျန်ခဲ့ခြင်းမှာ ဆိုးရွားသော အခြေအနေတစ်ရပ်မဟုတ်ပါကြောင်း၊ ထိုအချိန်က ပြည်သူများလိုအပ်လျက်ရှိသော တူးမြောင်းများ၊ လမ်းတံတားများ၊ စာသင်ကျောင်းများနှင့် ဆေးရုံများကို ပထမဦးစားပေးအဖြစ် ငွေကြေးအကုန်ကျခံသုံးစွဲတည်ဆောက်ပြီးမှသာလျှင် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို လက်ခံကျင်းပနိုင်မည်ဖြစ်ကြောင်း ၂၀၁၁ ခုနှစ် အင်ဒိုနီးရှားနိုင်ငံတွင် ပြုလုပ်ခဲ့သည့် အာဆီယံထိပ်သီးအစည်းအဝေးတွင် ပြောကြားခဲ့ပါသည်။

မေလတွင် ကျင်းပပြုလုပ်မည့် အားကစားပြိုင်ပွဲကြီး နီးကပ်လာသည်နှင့်အမျှ ပြိုင်ပွဲကျင်းပရေးကော်မတီမှ ပြိုင်ပွဲကျင်းပရန် ရက်(၁၀၀)အကြို စတင်ရေတွက်သည့် အခမ်းအနားကို ဇန်နဝါရီလ (၂၅)ရက်နေ့က ဆောင်ရွက်ခဲ့ပါသည်။

အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အထိမ်းအမှတ် မီးရှူးတိုင်(သို့)တော်ဝင်အားကစားမီးရှူးတိုင်ထွန်းညှိခြင်း အခမ်းအနားကို မတ်လ(၂၁)ရက်နေ့၌ Angkor Wat ဘုရားကျောင်းတွင် ကျင်းပမည်ဖြစ်ပြီး ကမ္ဘောဒီးယားဘုရင် Norodom Sihamoni မှ မီးထွန်းညှိမည်ဖြစ်ပါသည်။ မီးရှူးတိုင်ကို မတ်လ(၂၄)ရက်နေ့တွင် ဗီယက်နမ်နိုင်ငံမှ စတင်သယ်ဆောင်ကာ အာဆီယံအဖွဲ့ဝင်နိုင်ငံ(၁၀)နိုင်ငံသို့ ဖြတ်ကျော်လျက် ဧပြီလ(၂၅)ရက်နေ့တွင် လာအိုနိုင်ငံသို့ နောက်ဆုံးသယ်ဆောင်၍ ပြိုင်ပွဲမတိုင်မီ ကမ္ဘောဒီးယားနိုင်ငံသို့ ရောက်ရှိမည်ဖြစ်ပါသည်။

အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အဖွဲ့ချုပ်အမှုဆောင်ကော်မတီ ဒု-ဥက္ကဋ္ဌ V Chaiyapak Siriwat၊ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအဖွဲ့ချုပ် အလုပ်အမှုဆောင်ကော်မတီ ဥက္ကဋ္ဌ ခရီးသွားလာရေးဝန်ကြီး Thong Khon နှင့် ကမ္ဘောဒီးယား အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးကော်မတီ အလုပ်အမှုဆောင်ကော်မတီ ဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီး Tea Banh တို့၏ ပူးပေါင်းပါဝင်မှုနှင့်အတူ ကမ္ဘောဒီးယား အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးကော်မတီသည် ပြိုင်ပွဲကျင်းပရန် ရက်ရေတွက်သည့် အခမ်းအနားကို ဇန်နဝါရီလ(၂၅)ရက်နေ့ နေ့ခင်းပိုင်းတွင် ဖနွမ်ပင်ရှိ Morodok Techo National Stadium ၌ ပြုလုပ်ခဲ့ပါသည်။

**ဘာသာပြန်-ဒေါ်ယဉ်ငြိမ်းချမ်း၊ဦးစီးမှူး(သုတေသန)**
**ဒေါ်စိုးမေဝင်း၊ဒု-ဦးစီးမှူး(ကွန်ပျူတာ)**
**ဦးအောင်ပိုင်ဖြိုး(ရုံးအကူ)**

# ကမ္ဘောဒီးယား ကျွမ်းဘားအဖွဲ့ချုပ်သည် နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရရှိနိုင်မည်ဟု ယုံကြည်ချက် ခိုင်မာလျက်ရှိ

လေ့ကျင့်ရေးပိုင်း တိုးတက်မှုများအပြင် မကြာသေးမီက ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော နိုင်ငံတကာပြိုင်ပွဲများတွင် ငွေတံဆိပ်နှင့် ကြေးတံဆိပ်ဆုများ ဆွတ်ခူးနိုင်ခဲ့သည်အထိ စွမ်းဆောင်နိုင်မှုကြောင့် အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်များဆွတ်ခူးနိုင်မည်ဟု ကမ္ဘောဒီးယားကျွမ်းဘားအဖွဲ့ချုပ်(CGF) က ယုံကြည်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါအသင်းသည် မကြာသေးမီကဝင်ရောက်ယှဉ်ပြိုင်ခဲ့သော အာရှအေရိုးဗစ်ချန်ပီယံပြိုင်ပွဲတွင် ၎င်းတို့၏ စွမ်းဆောင်ရည်ရလဒ်များအတွက် အပိုဆုကြေးများ ရရှိခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံ ကျွမ်းဘားအဖွဲ့ချုပ်(CGF) အထွေထွေအတွင်းရေးမှူး Noy Phana က အသင်းတစ်သင်းလုံး၏ စွမ်းဆောင်ရည်အဆင့်သည် ပြင်းထန်စွာ လေ့ကျင့်မှုများကြောင့်

>>>



# ကမ္ဘောဒီးယား အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် စင်ကာပူအိုလံပစ်ရေကူး ရွှေတံဆိပ်ဆုရှင် အားကစားသမားများ ပါဝင်ယှဉ်ပြိုင်မည်

ယခုနှစ် မေလတွင် ကျင်းပမည့် ကမ္ဘောဒီးယား အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ စင်ကာပူနိုင်ငံမှ အားကစားနည်း(၂၇)မျိုးတွင် အားကစားသမား (၅၁၇)ဦးကို ပါဝင်ယှဉ်ပြိုင်ရန် ကနဦးရွေးချယ်ထားပါသည်။

ဆန်ခါတင်ရွေးချယ်ခံရသည့် အားကစားသမားများတွင် စင်ကာပူနိုင်ငံ၏ ပထမဆုံး အိုလံပစ်ရွှေတံဆိပ်ဆုရှင် Joseph Schooling၊ ရေကူးသမား Amanda Lim ၊ Teong Tzen Wei တို့အားလုံးပါဝင်ခဲ့ပြီး ၎င်းတို့သည် ပြီးခဲ့တဲ့နှစ်က ဆေးခြောက်သုံးစွဲမှုဆိုင်ရာ အငြင်းပွားဖွယ်ရာကိစ္စရပ်တွင် ပါဝင်ပတ်သက်ခဲ့ကြပါသည်။

ပြီးခဲ့သည့်နှစ်က ဟန္ဓိုင်းဆီးဂိမ်းသည် ၎င်း၏ နောက်ဆုံးဆီးဂိမ်းဖြစ်နိုင်သည်ဟု ပြောကြားခဲ့သည့် Schooling သည်အမျိုးသား မီတာ(၁၀၀)လိပ်ပြာကူးပြိုင်ပွဲနှင့် မီတာ (၄ x ၁၀၀) လက်ဆင့်ကမ်းရေကူးပြိုင်ပွဲများအတွက် အမည်စာရင်းတင်သွင်းခံခဲ့ရပါသည်။

Lim သည် အမျိုးသမီးမီတာ(၅၀)အလွတ်ကူးပြိုင်ပွဲနှင့် (၄ x ၁၀၀)မီတာ လက်ဆင့်ကမ်းအလွတ်ကူးပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပြီးခဲ့သည့်လက အမျိုးသားမီတာ(၅၀)လိပ်ပြာကူးပြိုင်ပွဲတွင် အာရှတာတိုစံချိန်သစ် တင်နိုင်ခဲ့သည့် Teong သည် ပွဲစဉ်(၅)ပွဲ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပါသည်။

ထို့အပြင် ဟန္ဓိုင်းဆီးဂိမ်းတွင် ငွေတံဆိပ်ရခဲ့သည့် ကမ္ဘာ့ချန်ပီယံဟောင်း Loh Kean Yew နှင့် ဓနသဟာယအားကစားပြိုင်ပွဲတွင် ကျား/မနှစ်ယောက်တွဲချန်ပီယံ တယ်ရီဟီးနှင့်ဂျက်ဆီကာတန်တို့ကဲ့သို့သော စင်ကာပူထိပ်တန်းကစားသမားများလည်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပါသည်။




အရက်သေစာသောက်စားပြီး မော်တော်ကားမောင်းနှင်မှုဖြင့် စွဲချက်တင်ခံထားရသော ပန်ကြပ်ဆီလတ် ကမ္ဘာ့ချန်ပီယံဟောင်း Sheik Ferdous Sheik Alau'ddin သည်လည်း ရွေးချယ်ခံခဲ့ရပါသည်။

တရားရုံး၏ တရားစွဲဆိုမှုများပြီးဆုံးပါက သင့်လျော်သည့် အရေးယူဆောင်ရွက်မှုများ ဆုံးဖြတ်ရန်အတွက် Sheik Ferdous နှင့်တွေ့ဆုံဆွေးနွေးပြီး ပြန်လည်သုံးသပ်မှု ပြုလုပ်မည်ဖြစ်ကြောင်း Sport Singapore ၏ ထုတ်ပြန်ချက်ကို The Straits Times မှ ကိုးကားဖော်ပြခဲ့ပါသည်။

(၂)နှစ်တစ်ကြိမ် ကျင်းပသည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများ နီးကပ်လာပါက အားကစားကိုယ်စားလှယ်အဖွဲ့ အင်အားကို နောက်ဆုံးအတည်ပြု ထုတ်ပြန်မည်ဖြစ်ပါသည်။ အရည်အချင်းသတ်မှတ်ချက်များနှင့် မပြည့်မီသေးသော အားကစားသမားများသည် စင်ကာပူအမျိုးသားအိုလံပစ်ကောင်စီ၊ အယူခံကော်မတီ၏ ရွေးချယ်ရေးရမှတ်များနှင့်စပ်လျဉ်း၍ လာမည့်လတွင် တွေ့ဆုံစဉ်းစားဆုံးဖြတ်မည်ဖြစ်ပါသည်။

ကမ္ဘောဒီးယားနိုင်ငံ၌ လာမည့် မေလ(၅)ရက်မှ(၁၇)ရက်အထိ ပထမဆုံးအကြိမ် ကျင်းပမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အားကစားနည်း (၃၈)နည်း၊ ပြိုင်ပွဲအမျိုးအစားပေါင်း(၆၀၈)ပွဲ ပါဝင်မည်ဖြစ်ပါသည်။

ယမန်နှစ် ဗီယက်နမ် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် စင်ကာပူနိုင်ငံမှ အားကစားနည်း(၃၃)နည်း၊ အားကစားသမားပေါင်း(၄၂၄)ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေ(၄၇)ခုငွေ(၄၆)ခုနှင့် ကြေးတံဆိပ်(၇၁)ခု ရရှိခဲ့ပါသည်။

၂၀၁၅ ခုနှစ် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသည် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ပြိုင်ပွဲများအနက် စင်ကာပူနိုင်ငံအတွက် အကောင်းဆုံး အိမ်ကွင်းအားကစားပြိုင်ပွဲရလဒ်အဖြစ် ရွှေ(၈၄)၊ငွေ(၇၃)နှင့်ကြေး(၁၀၂)ရရှိခဲ့ပြီး ၂၀၁၇ ခုနှစ် မလေးရှား၊ ကွာလာလမ်ပူဆီးဂိမ်းသည် နိုင်ငံရပ်ခြားသို့ သွားရောက်ယှဉ်ပြိုင်ရသည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများအနက် ရွှေ(၅၈)၊ ငွေ(၅၉) နှင့်ကြေးတံဆိပ်(၇၁)ခုဖြင့် ပြည်ပပြိုင်ပွဲ အကောင်းဆုံးရလဒ်ဖြစ်ပါသည်။

ဘာသာပြန် - ဒေါ်နှင်းလဲ့အောင်(ရုံးအုပ်)
ဦးမင်းဝေဖြိုး(အငယ်တန်းစာရေး)
ဒေါ်ဟန်နီဝင်း(အငယ်တန်းစာရေး)

---

တိုးတက်မှု အရှိန်အဟုန်မြင့်မားလာကြောင်း ပြောကြားခဲ့သည်။

"မကြာသေးမီက ကျင်းပပြုလုပ်ခဲ့သော နိုင်ငံတကာပြိုင်ပွဲများတွင် မိမိတို့အားကစားသမားများအနေဖြင့် အနိုင်ရရှိလိုစိတ် ပြင်းထန်လျက်ရှိပါကြောင်း၊ ကျွမ်းဘားအနုပညာ အားကစားနည်းတွင် ဆုတံဆိပ်ရရှိနိုင်သူ သုံးဦး(သို့)လေးဦးနှင့် အေရှိုးဗစ်ပြိုင်ပွဲတွင် ခုနစ်ဦး(သို့) ရှစ်ဦးတွေ့ခဲ့ပါကြောင်း" ကို The Post သတင်းဂျာနယ်သို့ ပြောကြားခဲ့သည်။

ပြီးခဲ့သည့်လက ကျင်းပခဲ့သော အမျိုးသားအားကစားပြိုင်ပွဲများတွင် အားကစားသမားများ၏ အံ့သြဖွယ်ရာ အရည်အချင်းများကြောင့်သော် လည်းကောင်း၊ မေလတွင်ကျင်းပခဲ့သော ဗီယက်နမ် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင်လည်းကောင်း၊ စက်တင်ဘာလတွင်ကျင်းပခဲ့သော သတ္တမအကြိမ်မြောက် အာရှအေရိုးဗစ်ပြိုင်ပွဲတွင် ငွေတံဆိပ်နှစ်ခုနှင့် ကြေးတံဆိပ်တစ်ခုဆွတ်ခူးရရှိနိုင်ခဲ့သည့်အတွက်ကြောင့် ကမ္ဘောဒီးယား ကျွမ်းဘားအသင်းသည် မကြာမီ ဝင်ရောက်ယှဉ်ပြိုင်မည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ထိပ်ဆုံးနေရာအတွက် မျှော်မှန်းနိုင်စွမ်းရှိကြောင်းကို အမှန်တကယ် ယုံကြည်ချက်ကို ခိုင်မာစေခဲ့ပါသည်။

နိုဝင်ဘာ(၂၉ )ရက်နေ့တွင် ကျင်းပသည့် အမျိုးသားအားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားတွင် "ယခင်က မိမိတို့ ကျွမ်းဘားအသင်းမှာ သာမန်အဆင့် အရည်အချင်းမျှသာရှိခဲ့ရာမှ ဘရာဇီးလ်နည်းပြလက်ထက်တွင် မိမိအသင်းအနေဖြင့် ကောင်းမွန်သော ရလဒ်များရရှိခဲ့ပါကြောင်း" ကမ္ဘောဒီးယား ကျွမ်းဘားအဖွဲ့ချုပ် ဥက္ကဋ္ဌ Thong Khon က ပြောကြားခဲ့သည်။

မိမိတို့အနေဖြင့် ပြိုင်ပွဲများကို လက်ခံကျင်းပရန်(၆)လနီးပါး အချိန်ရှိသေးပါကြောင်း၊ မိမိတို့၏ လေ့ကျင့်ရေး အစီအစဉ်များ၊ စိတ်ပိုင်းဖြတ်မှုများကို အရှိန်အဟုန်မြှင့်တင်မည်ဆိုပါက ရွှေတံဆိပ်ဆုဆွတ်ခူးရန် လုံလောက်လိမ့်မည်ဟုမျှော်လင့်ပါကြောင်း အနည်းဆုံး ရွှေတံဆိပ်တစ်ခု(သို့မဟုတ်) ပိုကောင်းသည့် ရလဒ်များကိုရရှိမည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

"ရွှေတံဆိပ်တစ်ခု သို့မဟုတ် နှစ်ခု ရနိုင်မည်ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် လက်ခံသဘောတူပါကြောင်း၊ ဆုတစ်ခု သို့မဟုတ် တစ်ခုထက်ပိုမိုသော ရလဒ်များ ရလိမ့်မည်ဖြစ်ကြောင်း" ဟု ၎င်းက ပြောကြားခဲ့သည်။

ကမ္ဘောဒီးယားအစိုးရမှ စက်တင်ဘာလ အရှေ့တောင်အာရှချန်ပီယံပြိုင်ပွဲတွင် ငွေတံဆိပ်(၂)ခုနှင့် ကြေးတံဆိပ်(၁)ခု ဆွတ်ခူးနိုင်ခဲ့ရာ ဒီဇင်ဘာလ(၆)ရက်နေ့က ကျင်းပပြုလုပ်ခဲ့သော အခမ်းအနားတွင် အားကစားသမားများနှင့် နည်းပြများကို ငွေတံဆိပ်ဆုရရှိသည့်အတွက် ကမ္ဘောဒီးယား riel သန်း(၂၀)၊ ကြေးတံဆိပ်ရ အားကစားသမားများနှင့် နည်းပြများအား ကမ္ဘောဒီးယား riel (၁၆)သန်း အသီးသီး ချီးမြှင့်ခဲ့ပါသည်။

ဘာသာပြန် - ဒေါ်နန်းခင်မျိုးဝင်း(ဦးစီးအရာရှိ)
ဒေါ်ဇာလီမော်(ရုံးအုပ်)
ဒေါ်စန်းလှိုင်(ဌာနခွဲစာရေး)
ဒေါ်သီသီလှိုင်(လ/ထ ကွန်ပျူတာစိစစ်ရေးမှူး)
ဦးသက်နိုင်စိုး(ရုံးအကူ)

# “usetrmoepC;wbé;us;i a&mifpfjyKtrao veIawmo;

သဥ္ဇာညိုသင်း(လားရှိုး)

ညိုတို့မြန်မာ၊ ဂုဏ်အင်္ဂါတွင်
လိမ္မာထင်ရှား၊ အားကစားလည်း
မြင့်မားဂုဏ်မြူး၊ မွေးဝင့်ဖူး၏
ဖွေလုစ်တူဆုံ၊ ပြန်ရင်ခုန်စို့။

ခေါ်တွင်ဆိုလှစ်၊ ရွှေတစ်ခေတ်ဟု
တစ်ရစ်ထိန်ကြည်၊ ထိုခေတ်ဆီတွင်
ရွှေပြည်သီကွာ၊ မွေးနံ့ဖြာလျက်
မြန်မာဆွေချင်း၊ စည်းလုံးခြင်းပြင်
ရိုင်းပင်းညီကို၊ အပြုံးချိုဖြင့်
ထိုထိုအားကစား၊ အောင်လံလွှားခဲ့။

အောင်လံထူဝင့်၊ စွမ်းရည်မြင့်ကြောင်း
ဂုဏ်ဆင့်ဖော်ကျူး၊ ရွှေခေတ်ဦး၏
တင့်ထူးမြင့်မား၊ အားကစားတွင်
ထင်ရှားထွန်းပ၊ ကာယဗလတည့်
တစ်ဝရွှေသွေး၊ တစ်မွေးမွေးကား
အလေးမစွမ်း၊ အံ့မခန်းပင်
ပန်းမွေးတစ်ရုံ၊ ထိုတစ်ဂုဏ်သော်
ပြေးခုန်ပစ်ပွဲ၊ ရွှေရည်စွဲခဲ့။

အာရှအဆင့်၊ ဂုဏ်အမြင့်ဖြင့်
တင့်ခဲ့တစ်နှုန်း၊ တို့ဘောလုံးလည်း
ချယ်မှုန်းရွှေနှစ်၊ အိုလံပစ်တိုင်
လင်းသစ်ထင်ငြိ၊ ကမ္ဘာသိခဲ့
အမိမြန်မာ၊ ဂုဏ်သိက္ခာတွက်
ထိုခါထင်ရှား၊ အားကစားတည့်။




မျိုးသိက္ခာမြင့်၊ အောင်ပွဲဆင့်သည့်
တင့်ခဲ့ရွှေဂုဏ်၊ အဖုံဖုံတွက်
ယုံကြည်ဖွဲ့အား၊ ရင်းမြစ်များတွင်
လူပ်ရှားလူထု၊ အားပေးပြုသော
ပေါင်းစုစွမ်းအား၊ လွှန်ထင်ရှားခဲ့
စံထားတုမှီ၊ ယနေ့ဆီတွင်
ပြည်သူ့အားမာန်၊ အရင်းခံစို့။

လူထုလှုပ်ရှား၊ အားကစားသည်
လူသားစွမ်းရည်၊ ဖွံ့ဖြိုးစည်ကြောင်း
မှီတည်ဆက်စပ်၊ အထပ်ထပ်မို့
မလပ်အစဉ်၊ အားနှင့်အင်နှင့်
မြှင့်တင်မြတ်နိုး၊ ရွက်သယ်ပိုးစို့။

တိုးမြှင့်လှုပ်ရှား၊ လူထုအားတွင်
စံထားဂုဏ်ဟိတ်၊ မျိုးချစ်စိတ်တို့
တိုးဖိတ်လျှံဆက်၊ တို့ချီတက်စဉ်
ထက်မြက်စံထား၊ ရွှေခေတ်အား၌
ဆပွားရွှေသစ်၊ ရွှေအနှစ်ဖြင့်
တစ်ရစ်ခေတ်ထူး၊ လှစ်ဖော်ကျူးစို့။

ကျန်းမာသန်စွမ်း၊ ကြံ့ခိုင်လန်းလျှင်
စံညွှန်းပြည့်မီ၊ သက်တမ်းရှည်၏
ယုံကြည်မကွာ၊ သင့်တော်ရာတွင်
လိုက်ပါလှုပ်ရှား၊ အားကစားဖြင့်
တို့များဝန်းကျင်၊ အလှဆင်စို့။

ချင့်တွေးမျှော်ရှု၊ ကျန်းမာမှုတွက်
လူထုလှုပ်ရှား၊ အားကစားတွင်
ပိုင်းခြားသက်ရွယ်၊ နီးစပ်လွယ်ရာ
ဆက်သွယ်ပါဝင်၊ လေ့ကျင့်ပြင်ခိုက်
ခင်မင်ပေါင်းသင်း၊ မိတ်ဆွေချင်းတို့





ပိုရင်းပိုခင်၊ ပိုပျော်ရွှင်လျက်
အားအင်လန်းဆန်း၊ ကြံ့ခိုင်ကျန်းမာ
ချမ်းသာစိတ်ကိုယ်၊ ဆုလာဘ်ပိုဖြင့်
နပျိုရွှင်ကြည်၊ အလုပ်ပီလိမ့်။

လူဟူသည်မှာ၊ ကျန်းမာပါမှ
လိုရာပန်းတိုင်၊ လက်ဝယ်ပိုင်၍
ရင်ဆိုင်ခက်ခဲ၊ လွယ်ရမြဲမို့
ယှဉ်တွဲလှုပ်ရှား၊ အားကစားဖြင့်
လေးပါးသမုဒ္ဒာန်၊ ညီညွတ်မှန်ကြောင်း
ထိန်းကျောင်းမချို့၊ နေထိုင်စို့တည့်။

အားကစားသည်၊ ယနေ့ဆီ၌
ဂုဏ်ရည်ပျံ့မွှေး၊ အတုံ့ထွေး၏
ဆုနွေးမျိုးဂုဏ်၊ ပြယုဂ်ပုံပြင်
ခိုလှုံမှီပြု၊ မိသားစုတွက်
အိမ်မှုစီးပွား၊ အားတစ်ပါးတည့်
လှုပ်ရှားရည်သန်၊ မျိုးနိုင်ငံနှင့်
ကျေပွန်လူမှု၊ မိသားစုတွက်
ဖော်ပြုအားကစား၊ နေထိုင်သွားစို့။

ဇလင်းတန်၊ ဖွံ့ဖြိုးမှန်ဖို့
ခြေခံလှုပ်ရှား၊ အားကစားတည့်
စွမ်းအားကာယ၊ ခိုင်ပြည့်ဝမှ
ဉာဏစွမ်းရည်၊ စွမ်းပြည့်မီလျက်
ယုံကြည်ထက်မြက်၊ အဘက်ဘက်၌
လှမ်းတက်အောင်ပွဲ၊ ပိုင်ပိုင်မြဲ၏။

တစ်ယောက်ချင်းစ၊ တစ်စုရလျှင်
တိုးဆတစ်ရာ၊ လှုပ်ရှားပါလျက်
နိုင်ရာကိုယ်စီ၊ စွမ်းဆောင်တည်စို့
မျိုးပြည်ထံပါး၊ ဝန်းကျင်အားလုံး
ပျော်ပါးစရိုက်၊ အလိုက်ထိုက်သော
ကိုယ်ကြိုက်ရာရွေး၊ ကျန်းမာရေးတွက်
မျှော်တွေးရေ့ရှု၊ မပြတ်ပြုသည့်
လူထုလှုပ်ရှား၊ အားကစားဖြင့်
စွမ်းအားမြန်မာ၊ မြှင့်တင်ပါစို့။

ကျောင်းသားလူငယ်၊ မောင်နှင့်မယ်တို့
သက်ရွယ်ထိုထို၊ အစ်မအစ်ကိုတို့
နပျိုလန်းဆန်း၊ စိတ်ရွှင်လန်းကာ
စွမ်းအားကိုယ်စီ၊ ကြံ့ခိုင်တည်လျက်
ယုံကြည်ဆတိုး၊ ဉာဏ်ရည်တိုးကြောင်း
အဘိုးအဘွား၊ ဦးဒေါ်များလည်း
ပျော်ပါးစိတ်ရွှင်၊ ပြုံးပန်းဆင်လျက်
အားအင်ထင်ရှား၊ ဆိုစကားရပ်
"နွားပျိုသန်"တောင်၊ "နွားအိုပေါင်ကျိုး"
ဆိုလှောင်ရိုးနှယ်၊ အားအင်ကြွယ်ကြောင်း
ဆက်နွယ်လှုပ်ရှား၊ အားကစားဖြင့်
တို့များပြည်တစ်ခွင်၊ အားသစ်ဆင်စို့။

လမ်းလျှောက်ခြင်းလျှင်၊ မကုန်အင်အား
လွန်ထင်ရှားသော၊ ကျယ်ပြန့်ပြောသည့်
သဘောအားကစား၊ တန်ဖိုးများ၏
လှုပ်ရှားပါဝင်၊ ထိုဝန်းကျင်၌
ပျော်ရွှင်လန်းဆန်း၊ အပြုံးပန်းဆင်
ကျန်းမာရေးတွက်၊ နိုးကြားတက်ကြွ
မပျက်အချိန်မှျ၊ လမ်းလျှောက်ကြစို့။

မြန်ပြည်တန်ခိုး၊ မော်ကွန်းထိုးမည့်
တန်ဖိုးမြင့်မား၊ လူငယ်များသည်
စွမ်းအားပြည့်ဝ၊ ထက်မြက်မှတည့်
ကာယစွမ်းရည်၊ ကြံ့ခိုင်တည်လျက်
ရုံးရည်ပွင့်လန်း၊ ရောင်စုံဆန်းသည့်
ပန်းတို့အသွင်၊ ပြည်တစ်ခွင်၌
အားအင်သစ်လောင်း၊ ဖူးညွှန့်ပေါင်းဆင့်
မနှောင်းခါမီ၊ ပွင့်ကြောင်းရည်လျက်
လှမ်းချီလှုပ်ရှား၊ အားကစားတွင်
စွမ်းအားပြည့်မှီ၊ အောင်ပွဲချီစို့။

ရွှေပြည်တစ်ခေတ်၊ မော်ကွန်းသစ်၏
အနှစ်ရွှေရည်၊ ဖိတ်ဖိတ်စည်သော
ရွှေဆီတန်ခိုး၊ ရွှေဆီဖြိုးတွင်
တန်ဖိုးမြင့်မား၊ အားကစားဖြင့်
မျိုးသားသိက္ခာ၊ မြှင့်တင်ပါစို့
ညီညာချီတက်၊ လက်ချင်းဆက်၍
လှမ်းတက်စံယူ၊ မှတ်တိုင်ထူကာ
ပြည်သူပြည်သား၊ အားကစားဖြင့်
စွမ်းအားဆောက်တည်၊ မြန်မာပြည်ဟု
ဂုဏ်ရည်ပျံ့ထွေး၊ သမိုင်းမွှေးဖြင့်
သွေးဆက်မြှင့်တင်၊ ပြည်တစ်ခွင်
ကျန်းမာသန်စွမ်း၊ တို့ဝန်းကျင်
ရောင်စုံပွင့်သော၊ ပန်းတောသွင် ။ ။



# စင်ကာပူရေကူးအားကစားသမား Teong Tzen Wei ကမ္ဘာ့တံခွန်စိုက်ရေကူးပြိုင်ပွဲ (၂၅ မီတာ)ရေကူးပြိုင်ပွဲတွင် စတုတ္ထနေရာရရှိ



စင်ကာပူလက်ရွေးစင် Teong Tzen Wei သည် လွန်ခဲ့သော(၃)လခန့်က ၎င်း၏ အားကစားသမားစွမ်းရည်ကို အပြည့်အဝ မပြသနိုင်ခဲ့သော်လည်းဘဲ မကြာသေးခင်က ၎င်းဝင်ရောက်ယှဉ်ပြိုင်ခဲ့သော ကမ္ဘာ့ရေကူးတံခွန်စိုက်ပြိုင်ပွဲ (၂၅ မီတာ)တွင် အကောင်းဆုံးစွမ်းရည်ကို ပြသနိုင်ခဲ့ပါသည်။

မဲလ်ဘုန်းမြို့တွင် မကြာခင်က ကျင်းပပြုလုပ်ခဲ့သည့် အမျိုးသားမီတာ(၅၀) လိပ်ပြာကူးပြိုင်ပွဲတွင် Teong Tzen Wei သည် အာရှစံချိန်ကိုချိုးဖျက်နိုင်ခဲ့သဖြင့် ၎င်းသည် တာတိုရေကူး အားကစားနည်းတွင် နောက်ဆုံးဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့သော စင်ကာပူနိုင်ငံ၏ ပထမဦးဆုံး အရည်အချင်းပြည့်မီသည့် ရေကူးကစားသမားဖြစ်လာပြီး ၎င်းအနေဖြင့် ၂၀၂၃ခုနှစ်သည် တောက်ပသော အနာဂတ်ကိုဖြစ်ထွန်းနိုင်၍ ကြည်နူးစရာနှစ်တစ်နှစ်ဖြစ်မည်ဟု ယုံကြည်မျှော်လင့်လျက်ရှိပါသည်။

(၂၅)နှစ်အရွယ် Teong သည် မကြာသေးမီက အသင်းဖော် Joseph Schooling နှင့် Amanda Lim တို့နှင့်အတူ တားမြစ်ဆေးဝါးသုံးစွဲမှုတွင် အငြင်းပွားဖွယ်ရာ ပါဝင်ပတ်သက်မှု ရှိခဲ့ဖူးပါသည်။

အဆိုပါအငြင်းပွားမှုဖြစ်ပွားပြီးနောက် သတင်းဌာနနှင့် ပထမဆုံးတွေ့ဆုံမေးမြန်းမှုတွင် ၂၀၂၃ ခုနှစ် အားကစားရာသီအတွက် ၎င်း၏ လက်ရှိအနေအထားနှင့် ရည်မှန်းချက်ပန်းတိုင်အတွက် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ပါသည်။

Teong သည် ၂၀၂၃ ခုနှစ် ကမ္ဘောဒီးယားတွင်ပြုလုပ်မည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၊ဟန်ကျိုးအာရှအားကစားပြိုင်ပွဲအပါအဝင် Fukuoka ကမ္ဘာ့ရေကူးတံခွန်စိုက်ပြိုင်ပွဲတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ပြင်ဆင်လေ့ကျင့်လျက်ရှိပါကြောင်း ပြောကြားခဲ့ပါသည်။

Teong Tzen Wei သည် မဲလ်ဘုန်းမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် ပြိုင်ပွဲတွင် အာရှအမျိုးသား မီတာ(၅၀)လိပ်ပြာကူး အကြိုပြိုင်ပွဲတွင် စံချိန်ဟောင်းထက် သာလွန်သောစံချိန် (၂၂.၀၁)စက္ကန့်ဖြင့် အကောင်းဆုံးယှဉ်ပြိုင်နိုင်ခဲ့ပါသည်။

ကံမကောင်းစွာပင် ၎င်းသည် ဆုတံဆိပ်မရရှိခဲ့ဘဲ စတုတ္ထနေရာသာ ရရှိခဲ့ပြီး ကမ္ဘာ့ရေကူးစံချိန်ရှင် ဟန်ဂေရီနိုင်ငံသား Szebasztian Szabo က (၀.၀၃)စက္ကန့်အသာဖြင့် ကြေးတံဆိပ်ဆု ရရှိခဲ့ပါသည်။ ဘရာဇီးနိုင်ငံသား Nichoals Santos သည် စံချိန်(၂၁.၇၈)စက္ကန့်ဖြင့် စတုတ္ထမြောက်ရွှေတံဆိပ်ကို ဆွတ်ခူးရရှိသွားခဲ့ပြီး ဆွစ်ဇာလန်နိုင်ငံသား Noe Ponti သည် (၂၁.၉၆) စက္ကန့်ဖြင့် ငွေတံဆိပ်ဆု ဆွတ်ခူးရရှိခဲ့ပါသည်။

တာတိုရေကူးကစားသမား Teong Tzen Wei သည် ၂၀၂၂ ခုနှစ် မေလတွင် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ကျင်းပပြုလုပ်ခဲ့သည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မီတာ(၅၀)အလွတ်ကူးပြိုင်ပွဲတွင် စံချိန် ၂၂ စက္ကန့်အောက်ဖြင့် ပထမဦးဆုံး ရွှေတံဆိပ်ရရှိခဲ့သည့် အရှေ့တောင်အာရှပြိုင်ပွဲဝင် တစ်ဦးဖြစ်ပါသည်။

ဇွန်လတွင် ကျင်းပပြုလုပ်သည့် ကမ္ဘာ့ရေကူးတံခွန်စိုက်ပြိုင်ပွဲတွင် နောက်ဆုံးအဆင့်သို့ တက်ရောက်နိုင်ခဲ့သည့် တတိယမြောက် စင်ကာပူရေကူးကစားသမား ဖြစ်လာခဲ့ပါသည်။ ထို့နောက် ဇူလိုင်လတွင် ကျင်းပပြုလုပ်သည့် ဓနသဟာယအားကစားပြိုင်ပွဲတွင် မီတာ(၅၀)လိပ်ပြာကူးနည်းပြိုင်ပွဲ၌ ငွေတံဆိပ်ဆုကို ဆွတ်ခူးနိုင်ခဲ့ပါသည်။

၎င်း၏ အောင်မြင်မှုမှတ်တိုင်များသည် ၂၀၁၆ ခုနှစ်တွင် ဘရာဇီးနိုင်ငံတွင် ပြုလုပ်ခဲ့သည့် ရီယိုအိုလံပစ်ပြိုင်ပွဲ၌ စင်ကာပူနိုင်ငံအတွက် ပထမဦးဆုံးအိုလံပစ်ရွှေတံဆိပ်ဆုရယူပေးခဲ့သည့် Schooling ၏ အောင်မြင်မှုနှင့်အတူ နှိုင်းယှဉ်ဖော်ပြနိုင်သော အခြေအနေတွင်ရှိနေသည်။

ဘာသာပြန် - ဒေါ်ယဉ်ငြိမ်းချမ်း၊ ဦးစီးမှူး(သုတေသန)
ဒေါ်စိုးမေဝင်း၊ ဒု-ဦးစီးမှူး(ကွန်ပျူတာ)
ဦးအောင်ပိုင်ဖြိုး(ရုံးအကူ)

---

# ၂၀၂၅ ခုနှစ် ထိုင်းအရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ပြည်နယ်(၃)ခုကို ရွေးချယ်

ဇန်နဝါရီလ (၂၅)ရက်နေ့ထုတ် ဘန်ကောက် Post သတင်းတွင် ၂၀၂၅ ခုနှစ်တွင် ကျင်းပမည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ဘန်ကောက်၊ Chon Buri နှင့် Songkhla မြို့ကြီးများတွင် ကျင်းပရန် တရားဝင် ရွေးချယ်ထားရှိ၍ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ(၉)ရက်နေ့မှ (၂၀)ရက်နေ့အထိ လက်ခံကျင်းပမည်ဖြစ်ပြီး ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၂၀)ရက်နေ့မှ (၂၆)ရက်နေ့အထိ အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကို Nakhon Ratchasima ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဟု ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး Prawit Wong-suwon ဦးဆောင်သည့် ထိုင်းနိုင်ငံ အားကစားအာဏာပိုင်ကော်မတီ online အစည်းအဝေးမှ ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားရှိသည်။

နိုင်ငံတကာ အဓိက အားကစားပြိုင်ပွဲများ ကျင်းပရန် ရွေးချယ်ထားသော ခရိုင်/ပြည်နယ်များအနေဖြင့် လိုအပ်သော ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ထားရှိရန် ဒုတိယဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး Prawit Wong suwon က တိုက်တွန်းထားပါသည်။



(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအပြင် (၁၃)ကြိမ်မြောက် အရှေ့တောင်အာရှ မသန်စွမ်းအားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့်မြို့ ရွေးချယ်ရေးကိစ္စရပ်များအပါအဝင် အမျိုးသားအားကစားဖွံ့ဖြိုးမှု ရန်ပုံငွေ ခွဲဝေရရှိရေးကိစ္စများနှင့် ကော်မတီသည် ပထမ(၄)လပတ်တွင် အဓိကကျသောလုပ်ငန်းများ သုံးစွဲနိုင်ရန် ညွှန်းကိန်းများကို နှစ်စဉ်ဘတ်ဂျက်၌ အသုံးစရိတ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ရန်ပုံငွေများကို အရံထားရှိစေရေးဆိုင်ရာများ စုံလင်စွာ ပါရှိစေရေးကိုလည်း ညှိနှိုင်းဆွေးနွေးကြောင်း သိရှိရသည်။

ဘာသာပြန် - ဒေါ်ဇာလီမော်(ရုံးအုပ်)
ဒေါ်ကြည်ကြည်မေ(ဌာနခွဲစာရေး)
ဒေါ်သီသီလှိုင်
(လ/ထကွန်ပျူတာစီစဉ်ရေးမှူး)

# (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြခန်းများနှင့် ရိုးရာအစားအစာပြခန်းများ(ရန်ကုန်)သို့ လာရောက်ကြည့်ရှုမှုမှတ်တမ်း (၁၀-၂-၂၀၂၃) ရက်နေ့မှ (၁၄-၂-၂၀၂၃) ရက်နေ့အထိ












## (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြခန်းများနှင့် ရိုးရာအစားအစာပြခန်းများ(ရန်ကုန်)သို့ လာရောက်ကြည့်ရှုမှုမှတ်တမ်း (၁၀-၂-၂၀၂၃) ရက်နေ့မှ (၁၄-၂-၂၀၂၃) ရက်နေ့အထိ
























နောက်ကျောဖုံးသတင်း…မှအဆက်

ကြောင်း၊ ကျန်းမာရေးမကောင်းပါက မိမိတို့ ကြိုးစားလေ့ကျင့်ထားမှုများ၊ အရည်အချင်းများ ဖော်ထုတ်ပြသနိုင်မည့် အခွင့်အရေး ဆုံးရှုံးနိုင်ပြီး မိမိကိုယ်တိုင်ရော နိုင်ငံအတွက်ပါ နစ်နာဆုံးရှုံးနိုင်ကြောင်း၊ အားကစားသမားများအနေဖြင့် ပြိုင်ပွဲများယှဉ်ပြိုင်ရာတွင် အောင်မြင်မှုရရှိရန် နောက်ဆုံးအချိန်ထိ မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယ၊ စိတ်ဓာတ်တို့ဖြင့် ရေကုန်ရေခမ်း အားသွန်ခွန်စိုက်အစွမ်းကုန် ကြိုးစားယှဉ်ပြိုင်သွားကြရန်လိုကြောင်း၊ မိမိခံနိုင်ရည်အား သက်လုံ၊ ကျွမ်းကျင်မှုများကို ကြိမ်ဖန်များစွာ ပိုမိုတိုးတက်ကောင်းမွန်အောင် နည်းပြများ၏ သင်ကြားပြသလေ့ကျင့်ပေးသည့်အတိုင်း စနစ်တကျ လေ့ကျင့်ကြရန်လိုကြောင်း၊ နည်းပြများအနေဖြင့် အားကစားသမားများကို သားသမီးများသဖွယ်ဂရုစိုက်စောင့်ရှောက်၍ လိုအပ်ချက်များ၊ အခက်အခဲများကို ကူညီဆောင်ရွက်ပေးရန်လိုကြောင်း၊ နည်းပြများ အချင်းချင်း ညီအစ်ကိုမောင်နှမကဲ့သို့ စည်းလုံးညီညွတ်စွာဖြင့်ပူးပေါင်းဆောင်ရွက် လုပ်ကိုင်သွားကြရန်လိုကြောင်း၊ အားကစားသမားများအား Training ပြုလုပ်ရာတွင် မခိုမကပ်ဘဲ ပြည့်ပြည့်ဝဝ လေ့ကျင့်ပြီး မိမိကိုယ်မိမိ ယုံကြည်မှု၊ ခံယူချက်၊ အနိုင်ရလိုစိတ် ပြင်းပြစေရန်အတွက် စိတ်ပိုင်းဆိုင်ရာနှင့် ကိုယ်ခန္ဓာပိုင်းဆိုင်ရာများတွင် အနီးကပ်စောင့်ကြည့်၍ ၎င်းတို့၏ ကိုယ်ရေးကိုယ်တာ အခက်အခဲများ၊ လိုအပ်ချက်များ၊ ကျန်းမာရေးနှင့်ပတ်သက်ပြီး အခက်အခဲများ ရှိပါက တာဝန်ရှိသူများမှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ သတင်းပို့တင်ပြနိုင်ကြောင်း လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း Gold Campရှိ စားရိပ်သာ(၁)နှင့်(၂)တို့တွင် အားကစားသမားများအား ညနေစာ ပြင်ဆင်ကျွေးမွေးနေမှုများ၊ အသီးအရွက် ထားရှိသည့်နေရာနှင့် အသီးအရွက် လှီးဖြတ်သည့်နေရာ၊ ချက်ပြုတ်သည့် နေရာများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး အစားအစာများကို အရသာရှိရှိ၊ အာဟာရနှင့်ညီညွတ်မျှတပြီး သန့်ရှင်းသပ်ရပ်စွာ ချက်ပြုတ်ပြင်ဆင် ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နေပြည်တော်တွင် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် မြန်မာ့လက်ရွေးစင် အားကစားအဖွဲ့များ၏ ကြိုတင်ပြင်ဆင်လေ့ကျင့်နေမှုများအား လိုက်လံကြည့်ရှုစစ်ဆေး





● နေပြည်တော်၊ ဖေဖော်ဝါရီလ (၁၄)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ညနေ(၃)နာရီအချိန်တွင် ၂၀၂၃ ခုနှစ် မေလ (၅)ရက်နေ့မှ (၁၇)ရက်နေ့အထိ ကမ္ဘောဒီးယားနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပပြုလုပ်မည့်(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နေပြည်တော်တွင် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် မြန်မာ့လက်ရွေးစင် အားကစားအဖွဲ့များ၏ ကြိုတင်ပြင်ဆင်လေ့ကျင့်နေမှုများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း Training Hall No.(1)၌ လေ့ကျင့်လျက်ရှိသည့် ဂျူဒိုအားကစားသမားများအား ဂျပန်နည်းပြ YAMATO HIRANUMA နှင့် မြန်မာနည်းပြ ဆရာ/ဆရာမများမှ စနစ်တကျ သင်ကြားလေ့ကျင့်ပေးနေမှုများအားလည်းကောင်း၊ ခြင်းလုံးအားကစားသမားများနှင့် ဗိုဗီနမ်အားကစားသမားများ၏ လေ့ကျင့်နေမှုများအားလည်းကောင်း၊ ဖူဆယ်အားကစားရုံတွင် (Hooptakraw) ဂွင်းသွင်းခြင်းခတ် အားကစားသမားများ၏ လေ့ကျင့်နေမှုများအား လည်းကောင်း၊ အလေးမအားကစားရုံတွင် အလေးမအားကစားသမားများ၏ လေ့ကျင့်နေမှုများအား လည်းကောင်း၊ နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းရှိ (GYM) ခန်းမတွင် ပိုက်ကျော်ခြင်းအားကစားသမားများ၏ (GYM Training) လေ့ကျင့်နေမှုများအားလည်းကောင်း၊ အားနစ်အားကစားသမားများ၏ လေ့ကျင့်နေမှုများအားလည်းကောင်း၊ ပီတန်းအားကစားသမားများ၏ လေ့ကျင့်နေမှုများအားလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး အားကစားအဖွဲ့များမှ အုပ်ချုပ်/နည်းပြနှင့် အားကစားသမားများအား (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် အချိန်ကာလနီးကပ်လာပြီဖြစ်သည့်အတွက် အားကစားသမားများအနေဖြင့် နည်းပြဆရာ၏ သင်ကြားပေးမှုအတိုင်း ကြိုးစားလေ့ကျင့်ရန်လိုကြောင်း၊ မိမိနိုင်ငံဂုဏ်သိက္ခာ မြှင့်တင်နိုင်ရန်နှင့် အဆင့်အတန်းမြင့်မြင့်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ယခုကတည်းက အစွမ်းကုန် ကြိုးစားလေ့ကျင့်ကြရန်လိုကြောင်း၊ကျန်းမာရေးသည် အဓိကအရေးကြီးသည့်အတွက် နေထိုင်၊ သွားလာ၊ စားသောက်၊ လေ့ကျင့်မှုများတွင် အထူးဂရုစိုက်ကြရန် လို

စာမျက်နှာ(၇၁)သို့ ▶



